# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ဝါဆိုလပြည့် ၊ ဗုဒ္ဓဟူးနေ့ ၊ (9-7-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၇၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏လူမှုစီးပွားဘဝမြင့်မားရေးဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေး အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက်၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိအဆောက်အအုံအပျက်အစီးများအား စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇူလိုင် ၈**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့်တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဆွမ်းဦးပုညရှင်စေတီတော်နှင့် ရာဇမဏိစူဠာကောင်းမှုတော်စေတီတို့တွင် ဘက်စုံပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နေမှုအခြေအနေများနှင့် စေတီတော်ပရိဝုဏ်အတွင်း

**စာမျက်နှာ ၁၇ ကော်လံ ၁**

## ချင်းတွင်းမြစ်ရေနှင့် ဧရာဝတီမြစ်ရေအခြေအနေ

**နေပြည်တော် ဇူလိုင် ၈**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

အလားတူ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေကျော်တွင် ရောက်ရှိနေပြီး နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ထို့အတူ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲကျော်တွင် ရောက်ရှိနေပြီး နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

အလားတူ ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့်တွင် ရောက်ရှိနေပြီး နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ထို့အတူ ဧရာဝတီမြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ကျော်တွင် ရောက်ရှိနေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟုမ္မလင်းမြို့နယ်၊ဖောင်းပြင်မြို့နယ်၊ကလေးဝမြို့နယ်၊မင်းကင်းမြို့နယ်တို့နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်ထားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။




ရတနာပုံ
၂၀၂၅ ခုနှစ် ဇူလိုင် ၉ ရက်
အယ်ဒီတာ့အာဘော်

# ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့

ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့)ဖြစ်ပါသောကြောင့် နေ့ထူးရက်မြတ်တွင် မြတ်စွာဘုရားရှင်၏ ထူးခြားသည့်ဖြစ်စဉ်တော်များကိုအာရုံပြု၍ နှလုံးသွင်းကြည်ညိုသူတိုင်း ကုသိုလ်ထူးများနှင့် ကောင်းကျိုးများကို ရရှိစေမည်ဖြစ်ပါသည်။

ဝါဆိုလပြည့်နေ့သည် ထူးမြတ်ဂုဏ်ဒြပ်ကိုးရပ်နှင့် ပြည့်စုံသောနေ့လည်းဖြစ်ပေသည်။ ထိုဂုဏ်ဒြပ်ကိုးရပ်မှာ ဂေါတမဘုရားလောင်း သန္ဓေယူတော်မူသောနေ့ဖြစ်ခြင်း၊ ဂေါတမဘုရားလောင်း တောထွက်တော်မူသောနေ့ဖြစ်ခြင်း၊ ဂေါတမမြတ်စွာဘုရား ဓမ္မစကြာတရားတော်ကို စတင်ဟောကြားတော်မူသောနေ့ဖြစ်ခြင်း၊ ရေမီးအစုံစုံတို့ဖြင့် တန်ခိုးပြာဋိဟာကို ပြတော်မူသောနေ့ဖြစ်ခြင်း၊ ဘုရားအဖြစ်ကို ဝန်ခံသောနေ့ဖြစ်ခြင်း၊ တရားရတနာစတင်ပေါ်ပေါက်သောနေ့ဖြစ်ခြင်း၊ သံဃာရတနာ စတင်ပေါ်ပေါက်သောနေ့ဖြစ်ခြင်း၊ ပုထုဇဉ်ခရီးမှ အရိယာခရီးသို့ စတင်ကူးပြောင်း ခွင့်ကြုံလာသောနေ့ဖြစ်ခြင်း၊ မြတ်ဗုဒ္ဓ၏ ဗောဓိပက္ခိယဟူသောစကားကို စတင်ကြားရသောနေ့ဖြစ်ခြင်းဟူ၍ ဖြစ်ပေသည်။

ထိုသို့ ထူးကဲမွန်မြတ်လှသော မြတ်စွာဘုရားရှင်၏ ကြည်ညိုဖွယ်ရာဂုဏ်ထူးဝိသေသများနှင့် ပြည့်စုံလှသော ဝါဆိုလပြည့်(ယနေ့)မှစတင်၍ ရဟန်းတော်များအနေဖြင့် ဝါတွင်းသုံးလတာ ကာလပတ်လုံး အရပ်တစ်ပါးသို့မကြွရောက်တော့ဘဲ မိမိတို့သီတင်းသုံးနေထိုင်ရာကျောင်းအတွင်း၌ပင် သီတင်းသုံးကြသည်။ ဝါတွင်းကာလကို ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့ထိသတ်မှတ်ထားပြီး ထိုကာလအတွင်း ရဟန်းတော်များသည် မိမိတို့ကျောင်း၌ပင် ပရိယတ္တိ၊ ပဋိပတ္တိတစ်မျိုးမျိုးကို ကျင့်ကြံအားထုတ်ကြပါသည်။

ထို့ကြောင့် ဝါဆိုလကို မြန်မာ့ဆယ့်နှစ်လရာသီထဲတွင် ဘာသာတရားကိုထူထောင်၍ သာသနာတော်၏အထောက်အပံ့ဖြစ်သော သံဃာအဖွဲ့အစည်းကို ကျစ်လျစ်ခိုင်မာစေသည့်သဘောရှိခြင်းကြောင့် အထွတ်အမြတ်ပြုရသည့်လလည်းဖြစ်ပေရာ ဝါဆိုလပြည့်နေ့မှစတင်သော ဝါတွင်းကာလတွင် ထိမ်းမြားလက်ထပ်ခြင်း၊ အိမ်ပြောင်းရွှေ့ခြင်းများကို ခေတ္တရပ်နားကြပြီး သက်ကြီး၊ ဝါကြီးပုဂ္ဂိုလ်များ ပူဇော်ကန်တော့ပွဲများကို ကျင်းပကြလေ့ရှိပါသည်။ ထို့ပြင် ဗုဒ္ဓဘာသာဝင်အများစုတို့သည် ဝါဆိုလပြည့်နေ့မှစ၍ ဝါတွင်းကာလသုံးလတာအတွင်း ဥပုသ်နေ့တိုင်းတွင် ဥပုသ်သီလစောင့်ထိန်းကြသဖြင့် ဒေသအသီးသီးရှိ ဘုန်းကြီးကျောင်းများ၊ ဘုရားကျောင်းကန်များတွင် ဥပုသ်သီလဆောက်တည်သူများဖြင့် စည်စည်ကားကားရှိနေသည်ကို တွေ့မြင်နိုင်ပါသည်။

ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)သည် မြတ်ဗုဒ္ဓ၏ ထူးကဲမွန်မြတ်သော နေ့ထူးနေ့မြတ်ဖြစ်၍ မြတ်ဗုဒ္ဓ၏ ထူးကဲမွန်မြတ်သောဂုဏ်အင်များနှင့် ကြည်ညိုသဒ္ဓါပွား ကောင်းမှုကုသိုလ်များ ပြုလုပ်ရသည့် အကျိုးတရားများကို ဗုဒ္ဓဘာသာဝင်များ ပိုမိုကျယ်ပြန့်စွာသိနားလည်ပြီး သာသနာထွန်းကားလာအောင် ကြိုးပမ်းလုပ်ဆောင်သွားကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတစ်ဝန်း၌ တရားဓမ္မသံများဝေစည်လျက်ရှိသည့် ဝါဆိုလပြည့်နေ့မှစသော ဝါတွင်းကာလတွင် ကုသိုလ်ကောင်းမှုများဖြင့် တိုးပွားပြည့်စုံနေသောကာလဖြစ်ရာ ရခဲလှသောလူ့ဘဝတွင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် ကောင်းမှုကုသိုလ်တရားများပွားများပြီး ဥပုသ်သီလများစောင့်ထိန်းနိုင်ကြစေရန် နိဗ္ဗာန်အကျိုးမျှော်ကာ နှိုးဆော်ရေးသားအပ်ပါသည်။

# မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရား၊ စေတီ၊ ပုထိုးနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**မန္တလေး ဇူလိုင် ၈**

မန္တလေးတိုင်းဒေသကြီးအတွင်း မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရား၊ စေတီ၊ ပုထိုးနှင့်သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင် တည်ဆောက်ရေးများနှင့် စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၇ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ သာသနာရေးဦးစီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရား၊ စေတီ၊ ပုထိုးနှင့် သာသနိက အဆောက်အအုံများ၊ ဘာသာရေးအဆောက်အအုံများ ပြင်ဆင်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာ၌ ယခုနှစ် ဧပြီလတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ပျက်စီးမှုအမျိုးအစားနှင့်ပျက်စီးမှုပုံစံများအလိုက် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများနှင့်ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်(SOP) အတိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ရှေးမူမပျက်၊ ရေရှည်တည်တံ့ခိုင်ခံ့ရေးအတွက် ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများက တိုင်းဒေသကြီးအတွင်း ထိခိုက်ပျက်စီးခဲ့မှုများအပေါ် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း၊ တိုင်းဒေသကြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ တိုင်းဒေသကြီး သာသနာရေးဦးစီးဌာန၊ တိုင်းဒေသကြီး သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက ငလျင်သင့်ဒေသများတွင် ဘုရား၊ စေတီ၊ပုထိုး၊သာသနိကအဆောက်အအုံများနှင့် ဘာသာရေးအဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှုအခြေအနေ၊ ပြန်လည်ပြုပြင်တည်ဆောက်နေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးချက်များနှင့် ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၉၀၀၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ရွှေဘို ဇူလိုင် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၉၀၀၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၁၀၃၇၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၉၀၀၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ မြေပဲဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၉၀၀၉ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာ ရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ဧကလျှင် မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ်နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ မြေပဲတစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော်ထွက်ရှိကြောင်း သိရသည်။

ရွှေဘိုမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးနေကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ပြည်တွင်းဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် မြေပဲကို ဒေသမရွေး ကြိုးပမ်း စိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# ကျုံပျော်မြို့နယ်တွင် ပီလောပီနံ့ဥများ အရောင်းအဝယ်ကောင်းမွန်နေ

**ကျုံပျော် ဇူလိုင် ၈**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ဒေသထွက် ပီလောပီနံ့ဥများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျုံပျော်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းသူက ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ပီလောပီနံ့ဥများ ယခုနှစ် ဇူလိုင်လပထမပတ်မှစတင်ပြီး ယနေ့ထိအရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင် ပီလောပီနံ့ဥများ ပေါ်နေချိန်ဖြစ်ပြီး ပီလောပီနံ့ဥ တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ထိ ပေါက်စျေးရှိကြောင်း သိရသည်။

"ပီလောပီနံ့ဥတွေ အရောင်းအဝယ်ကောင်းနေပါတယ်။ အခုလို ပီလောပီနံ့ဥတွေ အရောင်းအဝယ်ကောင်းမွန်နေတော့ စိုက်တဲ့တောင်သူတွေ အဆင်ပြေလာတာတွေ့ရတယ်။ အခုနှစ် ပီလောပီနံ့ဥတွေ စျေးကောင်းရတာက ဒေသစျေးကွက်အပြင် ရန်ကုန်စျေးကွက်ကပါ မှာယူမှုများနေလို့ အရောင်းအဝယ်တွေ ကောင်းနေတာပါ"ဟု ကျုံပျော်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းသူက ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့်ယှဉ်တွဲပြီး ပီလောပီနံ့ဥ အပါအဝင် အခြား ရာသီပေါ်သီးနှံများကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း၊ တောင်သူတစ်ဦးလျှင် ပီလောပီနံ့ဥ တစ်ဧကမှ ငါးဧကထိ စိုက်ပျိုးကြပြီး ပီလောပီနံ့ဥ တစ်ဧကလျှင် စိုက်ပျိုးစရိတ် ငွေကျပ် ၃၇၀၀၀၀ ထိ ကုန်ကျပြီး အကျိုးအမြတ်အနေဖြင့် အပျက်အစီးအလေအလွင့်မရှိပါက ငွေကျပ် ၉၀၀၀၀၀ ကျော်ထိ ရရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မကွေးမြို့နယ် ပုလဲငွေသောင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မကွေး ဇူလိုင် ၈**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပုလဲငွေသောင်ကျေးရွာ၌ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဋ္ဌေး၊ မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်နှင့် ဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ပုလဲငွေသောင်ကျေးရွာ၌ စက်ရေတွင်း တူးဖော်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး၊ သတ်မှတ်အတိုင်းအတာ ပြည့်မီရေးတို့ကို အလေးထားဆောင်ရွက်ပေးသွားကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မကွေးမြို့နယ် ပုလဲငွေသောင်ကျေးရွာ၌ အနက် ပေ ၆၀၀ အကျယ် လေးလက်မရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ဂါလန် ၂၄၀၀ ဆံ့စင်မြင့် ရေစင်တည်ဆောက်ခြင်းလုပ်ငန်း၊ ပါဝါမီတာ သုံးရေတင်စနစ် တပ်ဆင်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၇၇ ဒသမ ၅ သန်းအသုံးပြုပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အင်ဂျင်နီယာ ဝန်ထမ်းများက တာဝန်ယူ၍ ဇွန် ၁၄ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ပုလဲငွေသောင်ကျေးရွာရှိ လူနေအိမ် ၇၂ လုံးမှ လူဦးရေ ၂၄၂ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များပါ သန့်ရှင်းသောသောက်သုံးရေကို ဖူလုံစွာရရှိမည်ဖြစ်ကြောင်း သိရသည်။ **ကိုညို**

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**ညောင်တုန်း ဇူလိုင် ၈**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဆန်အမျိုးအစားသည် ဆန်ကြမ်းအုပ်စုတွင် ပါဝင်သည့် အမျိုးအစားဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ဇွန်လအတွင်း ဒီဘက်ကနေ ဧည့်မထဆန် အိတ်ရေများများ ရန်ကုန်ဈေးကွက်ကို တင်ပို့ ရောင်းချခဲ့ရပါတယ်။ ညောင်တုန်းမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ဧည့်မထဆန်အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ ဇွန်အတွင်းမှာကော လတ်တလောအနေနဲ့ပါ ဧည့်မထဆန်အမျိုးအစားက အရောင်းအဝယ်ဖြစ်နေပါတယ်။ ဆန်အိတ်တွေကို ကုန်းလမ်းနဲ့ အဓိကထားတင်ပို့ရောင်းချနေပါတယ်"ဟု ညောင်တုန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ဧည့်မထဆန် ၂၄ ပြည်ဝင် ဆန်အိတ်ရေ တစ်အိတ်လျှင် ငွေကျပ် ၉၂၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါစပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ တောင်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# စဉ့်ကိုင်မြို့နယ် ထန်းသုံးပင်ကျေးရွာ၌ ဆပ်ပြာဆီနှင့် ခေါင်းလျှော်ရည်ပြုလုပ်နည်းသင်တန်း ဖွင့်လှစ်

**စဉ့်ကိုင် ဇူလိုင် ၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနနှင့် ပူးပေါင်း၍ ထန်းသုံးပင်ကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆပ်ပြာဆီအမျိုးမျိုးနှင့် ခေါင်းလျှော်ရည်ပြုလုပ်နည်းသင်တန်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်က အမှာစကားပြောကြားပြီး အသက်မွေးဝမ်းကျောင်းအထောက်အကူပြုဆပ်ပြာဆီအမျိုးမျိုးနှင့် ခေါင်းလျှော်ရည်သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာမများက သင်တန်းတက်ရောက်ရာတွင်လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါအသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆပ်ပြာဆီအမျိုးမျိုးနှင့် ခေါင်းလျှော်ရည်ပြုလုပ်နည်းသင်တန်းကို ထန်းသုံးပင်ကျေးရွာမှ သင်တန်းသူဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြဆရာမနှစ်ဦးက ဆပ်ပြာဆီအမျိုးမျိုးနှင့် ခေါင်းလျှော်ရည်ပြုလုပ်နည်းကို ဇူလိုင် ၈ ရက်မှ ၁၂ ရက်ထိ ငါးရက်ကြာ စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **အောင်ရဲကျော်**

# ရမည်းသင်းမြို့နယ် ချောင်းဖျားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**ရမည်းသင်း ဇူလိုင် ၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ချောင်းဖျားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော လုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်နှင့် စီမံကိန်းတာဝန်ခံများက ချောင်းဖျားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော အရောင်းအဝယ်လုပ်ငန်းများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများပြည့်စုံမှုရှိမရှိ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ချောင်းဖျားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၃၀ ကို ရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးထားကြောင်း သိရသည်။

**နီလာ**

# ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၃၀၈၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကလေး ဇူလိုင် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၃၀၈၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံဧက ၃၄၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကလေးမြို့နယ်တွင် ၇၈၁ ဧက၊ ကလေးဝမြို့နယ်တွင် ၃၅ ဧက၊ မင်းကင်းမြို့နယ်တွင် ၂၂၇၂ ဧက စုစုပေါင်း ၃၀၈၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးခရိုင်မှာ ပဲစင်းငုံဧက ၃၄၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၃၀၈၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်" ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် ၁၀၉၇ ဧက၊ ကလေးဝမြို့နယ်တွင် ၃၅ ဧက၊ မင်းကင်းမြို့နယ်တွင် ၂၂၆၈ ဧက စုစုပေါင်း ၃၄၀၀ ဧကဖြစ်ကြောင်း သိရသည်။

ကလေးခရိုင်တွင် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲစင်းငုံကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြ၍ သိရသည်။ (၂၀၆)



# တက်နွယ်ကျောင်းကျောက်စာနှင့် သက္ကရာဇ်ဖြိုမှတ်တမ်း

မောင်သာ(ရှေးဟောင်းသုတေသန)



မိုးညှင်းမင်းတရား သက္ကရာဇ်ဖြိုခဲ့သည့် မှတ်တမ်းကျောက်စာ

မြန်မာနိုင်ငံ၌ ကျောက်သားပေါ်တွင် စာရေးသားသည့်အလေ့အထသည် ပျူခေတ်ကတည်းက စတင်ခဲ့ဟန်ရှိကာ ပျူမြို့ဟောင်းသရေခေတ္တရာမှ တူးဖော်ရရှိခဲ့သည့် ကျောက်ထွင်းအိုးများနှင့် ကျောက်ပလ္လင်တို့တွင် ထိုခေတ်သုံးစာသားများ ရေးထိုးထားကြောင်း တွေ့ရှိခဲ့ရသည်။ ဟန်လင်းမြို့ဟောင်းတွင်လည်း စာသားများရေးထိုးထားသည့် ကျောက်ပြားများကို တွေ့ရှိနိုင်သည်။ ထို့ကြောင့် ရှေးဟောင်းသုတေသနပညာရှင် ဆရာကြီးဦးမြင့်အောင်က မြန်မာနိုင်ငံတွင် ကျောက်စာရေးထိုးသည့်အလေ့အထကို ပျူလူမျိုးများက စတင်ကျင့်သုံးခဲ့ကြောင်း ရေးသားခဲ့သည်။

ပျူခေတ်ကုန်လွန်ပြီး ပုဂံခေတ်တွင် စာသားများရေးထိုးထားသည့်ကျောက်စာတိုင်များကို ဘုရားစေတီဝင်းများအပါအဝင် နေရာဒေသအသီးသီးတွင် စိုက်ထူခဲ့သဖြင့် ပုဂံခေတ်ထိုးကျောက်စာများကို ယနေ့တိုင်အများအပြားတွေ့ရှိရသည်။ ပုဂံခေတ်နှောင်းပိုင်း ခေတ်အဆက်ဆက်၌ ကျောက်စာများကို ရေးထိုးခဲ့ကြပြီး ယနေ့ခေတ်အထိပင် မှတ်တမ်းကျောက်စာများကို ရေးထိုးနေဆဲဖြစ်သည်။

မြန်မာနိုင်ငံတွင် စုဆောင်းခဲ့သမျှ ရှေးဟောင်းကျောက်စာများသည် စုစုပေါင်းချပ်ရေ ၃၀၀၀ ခန့်ရှိမည်ဟု ရေတွက်မှတ်တမ်းပြုထားကြောင်း ရှေးဟောင်းသုတေသနပညာရှင် ဆရာကြီး ဦးမြင့်အောင်ကပင် ဖော်ထုတ်ရေးသားခဲ့သည်။

ရှေးဟောင်းကျောက်စာများတွင် ပျူစာများသာမက မြန်မာ၊ ရခိုင်၊ မွန်စသည့် တိုင်းရင်းသားဘာသာစကားဖြင့်ရေးထိုးထားသည့် ကျောက်စာများလည်းပါဝင်သည်။ ပုဂံခေတ်ထိုးကျောက်စာများတွင် ရေးထိုးထားသည့်စာများသည် မြန်မာဘာသာစကားပင်ဖြစ်သော်လည်း ပုဂံခေတ်သုံး မြန်မာစကားဖြစ်သဖြင့် မျက်မှောက်ခေတ်သုံး မြန်မာစာကဲ့သို့ အလွယ်တကူမဖတ်နိုင်ပေ။ ထို့ကြောင့် ရှေးခေတ်သုံးကျောက်စာထိုးစနစ်များကို သင်ယူလေ့လာမှသာ ထိုကျောက်စာများကို ကောင်းစွာဖတ်ရှုနိုင်မည်ဖြစ်သည်။

မြန်မာဘာသာစကား ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ပုဂံခေတ်နောက်ပိုင်း ကျောက်စာများသည် မျက်မှောက်ခေတ်သုံး မြန်မာစာနှင့် တစ်စတစ်စ နီးကပ်လာသဖြင့် အထူးသဖြင့် အင်းဝခေတ်တွင် ရေးထိုးသည့်ကျောက်စာများကိုဖတ်ရာတွင် အခက်အခဲ အနည်းငယ်သာရှိမည်ဖြစ်သည်။

အင်းဝခေတ်တွင်ရေးထိုးခဲ့သည့် ကျောက်စာများအနက် သက္ကရာဇ် ၈၀၄ ခုနှစ်တွင် ရေးထိုးခဲ့သည့် တက်နွယ်ကျောင်းကျောက်စာသည် မိုးညှင်းမင်းတရားသက္ကရာဇ်ဖြိုခဲ့ပုံကို မှတ်တမ်းထင်ထားသဖြင့် ထူးခြားသော ကျောက်စာတစ်ချပ်အဖြစ် ထင်ရှားခဲ့သည်။

**အင်းဝဘုရင် မိုးညှင်းမင်းတရား**

ပုဂံခေတ်နှင့် ပင်းယခေတ်နောက်ပိုင်းတွင် ထွန်းကားခဲ့သည့် အင်းဝခေတ်တွင် အင်းဝထီးနန်းကို ဘုရင် ၃၁ ပါးက စိုးစံခဲ့သည်။ အင်းဝခေတ်သည် သတိုးမင်းဖျားလက်ထက် သက္ကရာဇ် ၇၂၆ ခုနှစ်မှ မဟာရာဇာဓိပတိလက်ထက် သက္ကရာဇ် ၁၁၁၄ ခုနှစ်ထိ ထွန်းကားခဲ့သည်။ ထို့ကြောင့် ထိုကာလကို ပထမအင်းဝခေတ်၊ ဒုတိယအင်းဝခေတ်၊ တတိယအင်းဝခေတ်ဟုပိုင်းခြားခဲ့သည်။ သို့သော် ကုန်းဘောင်ခေတ်တွင် ဆင်ဖြူရှင်မြေဒူးမင်းနှင့် စဉ့်ကူးမင်းတို့သည် အင်းဝတွင်နန်းစံခဲ့ပြီး ဖောင်းကားစားမောင်မောင်သည် အင်းဝနန်းတော်တွင် ခုနစ်ရက်တာ နန်းစံပြီးနောက် သက္ကရာဇ် ၁၁၄၃ ခုနှစ်တွင် ပြစ်ဒဏ်စီရင်ခံခဲ့ရသည်။

ဆင်ဖြူရှင်မြေဒူးမင်း နန်းတက်ခဲ့သည့် သက္ကရာဇ် ၁၁၂၅ ခုနှစ်မှ သက္ကရာဇ် ၁၁၄၃ ခုနှစ်ထိကာလကို အင်းဝတတိယခေတ်ဟုလည်းကောင်း၊ အင်းဝတွင် ကုန်းဘောင်ဘုရင် စစ်ကိုင်းမင်းနန်းစံခဲ့သည့် သက္ကရာဇ် ၁၁၈၁ ခုနှစ်မှ ၁၁၉၉ ခုနှစ်ထိကာလကို စတုတ္ထအင်းဝခေတ်ဟု သတ်မှတ်ခဲ့သည်။ ထို့ကြောင့် အင်းဝခေတ် သက်တမ်းကို ၄၇၃ နှစ် ရှည်ကြာခဲ့သည်ဟု ဆိုကြသည်။

ပထမအင်းဝခေတ်သည် သက္ကရာဇ် ၇၂၆ ခုနှစ်မှ သက္ကရာဇ် ၉၁၆ ခုနှစ်ထိ ရှည်ကြာခဲ့ကာ အင်းဝ၌ ဘုရင် ၁၇ ပါး နန်းစံခဲ့သည်။ ပထမအင်းဝခေတ်ဘုရင် ၁၇ ပါးတွင် မိုးညှင်းမင်းတရားသည် အဋ္ဌမမြောက်ဖြစ်၍ သက္ကရာဇ် ၇၈၈ ခုနှစ်မှ သက္ကရာဇ် ၈၀၁ ခုနှစ်ထိ နန်းစံခဲ့သည်။

သီရိတြိဘဝနာဒိတျာပဝရ ပဏ္ဍိတဓမ္မရာဇာဘွဲ့ခံ မိုးညှင်းမင်းတရားသည် သက္ကရာဇ် ၇၉၈ ခုနှစ်ကို ဖြို၍ သက္ကရာဇ်နှစ်ခုမှ စတင်ရေတွက်ရန် ဆောင်ရွက်ခဲ့သော်လည်း နိုင်ငံတစ်ဝန်း၌ တညီတညွတ်တည်း သုံးစွဲမှုမရှိခဲ့သဖြင့် သက္ကရာဇ်မပြိုခဲ့ပေ။

**မြန်မာတို့၏ သက္ကရာဇ်ဖြိုသည့်အလေ့**

မြန်မာရာဇဝင်ကျမ်းများအရ အဋ္ဌနမင်းကြီးသည် ဒိဗ္ဗစက္ခုအဘိညာဉ်ရ ဒေဝီလရသေ့နှင့်တိုင်ပင်ပြီး ရောက်ဆဲဖြစ်သော သက္ကရာဇ် ၈၆၄၅ ခုနှစ်ကို တပေါင်းလကွယ် စနေနေ့အထိဖြိုပြီး တန်ခူးလဆန်း ၁ ရက် တနင်္ဂနွေနေ့ကို အစပြု၍ သက္ကရာဇ် တစ်ခုမှ စတင်ရေတွက်ခဲ့သည်။ ထိုသက္ကရာဇ်သည် မဟာသက္ကရာဇ်ဖြစ်သည်။ ထိုအချိန်သည် ဂေါတမဘုရားလောင်းမဖွားမြင်မီ ၆၈ နှစ်ဖြစ်၍ ဂေါတမဘုရားရှင်သည် သက်တော် ၈၀ တွင် ပရိနိဗ္ဗာန်ပြုသဖြင့် ထိုအချိန်သည် မဟာသက္ကရာဇ် ၁၄၈ ခုနှစ်ဖြစ်သည်။

ဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူပြီး လေးလအကြာတွင် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်အဇာတသတ်မင်းသည် ပထမသင်္ဂါယနာတင်တော်မူပြီး မဟာသက္ကရာဇ် ၁၄၈ ကိုဖြို၍ သာသနာသက္ကရာဇ်ကို တစ်ခုမှ စတင်ရေတွက်ခဲ့သည်။ ထိုသက္ကရာဇ်အတိုင်း ရေတွက်ခဲ့ရာ သရေခေတ္တရာပြည့်ရှင် သုမုန္ဒရီမင်း နတ်ရွာစံသည့် သက္ကရာဇ် ၆၂၄ ခုနှစ်တွင် ၆၂၂ ခုနှစ်ကို ဖြို၍ နှစ်ခုမှ စတင်ရေတွက်ခဲ့သည်။

ထိုသက္ကရာဇ်အတိုင်း ရေတွက်ခဲ့ပြန်ရာ ၅၆၂ ခုနှစ်တွင် ပုပ္ပားစောရဟန်းမင်းက ရောက်ဆဲသက္ကရာဇ်ကိုဖြို၍ ၂ ခုမှစတင်ခဲ့ရာ ထိုနှစ်သည် မြန်မာကောဇာသက္ကရာဇ်ဖြစ်၍ ယနေ့တိုင်သုံးစွဲလျက်ရှိပြီး ထိုအချိန်မှစ၍ သက္ကရာဇ်ဖြိုခြင်းမရှိတော့ပေ။ သုမုန္ဒရီဖြိုခဲ့သည့် ၆၂၂ နှစ်နှင့် ပုပ္ပားစောရဟန်းဖြိုခဲ့သည့် နှစ် ၅၆၀ ကို ပေါင်းလျှင်ရသည့် ၁၁၈၂ နှစ်သည် သာသနာသက္ကရာဇ်နှင့် ကောဇာသက္ကရာဇ်၏ ကွာခြားချက်ဖြစ်သည်။ ထို့ကြောင့် မြန်မာကောဇာသက္ကရာဇ်ကို ၁၁၈၂ ပေါင်းလျှင် သာသနာသက္ကရာဇ်ကိုရမည်ဖြစ်၍ "သက္ကကောဇာ၊ တည်ပြီးခါဝယ်။ တစ်တစ်ရှစ်နှစ် (၁၁၈၂)၊ နှောတုံလစ်က၊ တိတ်ဖြစ်သာသနာ၊ မှတ်ကြရာ၏"ဟု မှတ်သားခဲ့ကြသည်။ သက္ကရာဇ်ဖြိုခြင်းသည် ခုနှစ်ရေတွက်သည့် ကိန်းဂဏန်းများနေမှုကို လျှော့ချခြင်းသာဖြစ်သည်။

**တက်နွယ်ကျောင်းကျောက်စာ**

တက်နွယ်ကျောင်းကျောက်စာသည် တောင်တွင်းမင်း သီရိဇေယျသူရ ဇနီးမောင်နှံ၏ ကျောင်းဆောက်လုပ်လှူဒါန်းသည့် မှတ်တမ်းကျောက်စာဖြစ်သည်။ အလှူရှင်ဇနီးမောင်နှံသည် ကျောင်းအဆောက်အအုံနှင့်အတူ ရွာ၊ မြေ၊ ထန်းတို့ကို လှူဒါန်းခဲ့ကာ ကျောင်းထိုင်ဆရာတော်အား သံဃာ့အသုံးအဆောင်များနှင့် စာသင်သားများအတွက် ပိဋကသုံးပုံကို ရေးကူးလှူဒါန်းခဲ့သည်။

တက်နွယ်ကျောင်းကျောက်စာသည် သက္ကရာဇ် ၈၀၄ ခုနှစ်တွင် ရေးထိုးခဲ့သည့် မူလထိုးကျောက်စာဖြစ်သည်။ မိုးညှင်းမင်းတရားသည် သက္ကရာဇ် ၇၉၈ ခုကိုဖြိုခဲ့သဖြင့် ရှေးဟောင်းမြန်မာကျောက်စာများစာအုပ်တွင် တက်နွယ်ကျောင်းကျောက်စာရေးထိုးသည့်ခုနှစ်ကို သက္ကရာဇ် အတို ၆ ခု၊ အရှည် ၈၀၄ ခုဟု ပြဆိုထားသည်။

တက်နွယ်ကျောင်းကျောက်စာသည် ညောင်ဦးမြို့ ပုဂံဒေသ ဝက်ကြီးအင်းကျောင်းတိုက်အတွင်း၌ တည်ရှိ၍ မျက်နှာလေးဖက်ရေးထိုးထားသည့် လေးထောင့်ကျောက်စာတိုင်ဖြစ်သည်။ ရှေ့မျက်နှာတွင် စာကြောင်းရေ ၄၆ ကြောင်း၊ ကျောဘက်မျက်နှာတွင် စာကြောင်းရေ ၅၂ ကြောင်း၊ လက်ဝဲဘက်မျက်နှာတွင် စာကြောင်းရေ ၄၆ ကြောင်း၊ လက်ယာဘက်မျက်နှာတွင် စာကြောင်းရေ ၃၆ ကြောင်း ရေးထိုးထားသည်။ ကျောက်စာပါ စာသားများကို ပါဠိ၊ မြန်မာနှစ်ဘာသာဖြင့် လင်္ကာစကားပြေ ရောနှောရေးထိုးထားသည်။

❖မိုးညှင်းမင်းတရားသည် သက္ကရာဇ် ၇၉၉ ခုနှစ်တွင် စကြိုသူမြတ်၊ မင်းကျောင်းသူမြတ် စသည့်ရဟန်းပညာရှိ၊ လူပညာရှိတို့က သက္ကရာဇ်ဖြိုရမည့်ကိန်း (ဗသျှုဆိဒြမုနိကိန်း)သို့ ရောက်ပြီဖြစ်၍ သက္ကရာဇ်ဖြိုရန် လျှောက်တင်ခဲ့ကြသည်။ မိုးညှင်းမင်းတရားက သက္ကရာဇ်ဖြိုသောအကျိုးနှင့်အပြစ်ကိုမေးသောအခါ အကျိုးမှာ သက္ကရာဇ်ဖြိုကိန်းရောက်လျှင်ဖြိုမှသာ မြို့ရွာငြိမ်သက်မည်၊ သတ္တဝါအများချမ်းသာမည်၊ ဖြိုကိန်းရောက်လျက်မဖြိုလျှင် ပြည်ရွာမငြိမ်သက်၊ သတ္တဝါများမချမ်းသာဟု လျှောက်တင်ခဲ့ကြသည်။ သက္ကရာဇ်ဖြိုခြင်း၏ အပြစ်ကား သက္ကရာဇ်ဖြိုသောမင်းသည် အသက်မရှည်၊ ဖြိုသည့်နှစ်မှာပင် အနိစ္စရောက်မြဲဟုလည်း လျှောက်တင်ခဲ့သည်။ ❖

ကျောက်စာရေးထိုးသူ အလှူရှင်တောင်တွင်းမင်း သီရိဇေယျသူရသည် တောင်တွင်းမင်း သီဟပတေ့၏ မြေးဖြစ်၍ မိုးညှင်းမင်းတရား၏ တူလည်းဖြစ်သည်။ တောင်တွင်းမင်းသီရိဇေယျသူရ၏မိခင် ပခန်းစားရှင်မိမြတ်သည် မိုးညှင်းမင်းတရား၏ နှမတော်ဖြစ်သည်။ မိုးညှင်းမင်းတရားသည် တူတော်သီရိဇေယျသူရကို ပြင်စည်မြို့အားစားစေခဲ့ပြီး မင်းရဲကျော်စွာလက်ထက်တွင် မင်းရဲကျော်စွာက တောင်တွင်းကြီးမြို့အား စားစေခဲ့သဖြင့် တောင်တွင်းမင်း သီရိဇေယျသူရဟု ထင်ရှားခဲ့သည်။

အင်းဝခေတ်ထိုးကျောက်စာအများစုတွင် အုပ်စိုးဆဲဘုရင် ဘုန်းတန်ခိုးကြီးပုံကို ဦးစားပေးရေးထိုးလေ့ရှိသော်လည်း တက်နွယ်ကျောင်းကျောက်စာတွင် ကျောက်စာရေးထိုးချိန်က အင်းဝကို စိုးစံနေသည့်ဘုရင်နရပတိကြီး၏ ဘုန်းတန်ခိုးကြီးမားမှုကိုရေးထိုးထားခြင်းမရှိပေ။ သို့သော် ဦးရီးတော် မိုးညှင်းမင်းတရား သက္ကရာဇ်ဖြိုခဲ့ပုံကို ရေးထိုးထားခြင်းသည် ထူးခြားသည်ဟု ဆိုရမည်ဖြစ်ကြောင်း သမိုင်းပညာရှင် ဆရာမကြီးဒေါ်အုန်းကြည်က သုံးသပ်ခဲ့သည်။

တက်နွယ်ကျောင်းတည်ဆောက်လှူဒါန်းသည့် ခုနှစ်ကို မိုးညှင်းမင်းတရားဖြိုခဲ့သည့် သက္ကရာဇ်တိုနှင့် ဖော်ပြခဲ့သည်။ ထို့နောက် မိုးညှင်းမင်းတရားသက္ကရာဇ်ဖြိုခဲ့ပုံကိုကျောက်စာတွင် မှတ်တမ်းတင်ခဲ့သည်။ မိုးညှင်းမင်းတရားသည် သက္ကရာဇ် ၇၉၉ ခုနှစ်တွင် စကြိုသူမြတ်၊ မင်းကျောင်းသူမြတ်စသည့် ရဟန်းပညာရှိ၊ လူပညာရှိတို့က သက္ကရာဇ်ဖြိုရမည့်ကိန်း (ဗသျှုဆိဒြမုနိကိန်း)သို့ရောက်ပြီဖြစ်၍ သက္ကရာဇ်ဖြိုရန် လျှောက်တင်ခဲ့ကြသည်။

မိုးညှင်းမင်းတရားက သက္ကရာဇ်ဖြိုသောအကျိုးနှင့်အပြစ်ကိုမေးသောအခါ အကျိုးမှာ သက္ကရာဇ်ဖြိုကိန်းရောက်လျှင်ဖြိုမှသာ မြို့ရွာငြိမ်သက်မည်၊ သတ္တဝါအများချမ်းသာမည်၊ ဖြိုကိန်းရောက်လျက်မဖြိုလျှင် ပြည်ရွာမငြိမ်သက်၊ သတ္တဝါများမချမ်းသာဟု လျှောက်တင်ခဲ့ကြသည်။ သက္ကရာဇ်ဖြိုခြင်း၏ အပြစ်ကား သက္ကရာဇ်ဖြိုသောမင်းသည် အသက်မရှည်၊ ဖြိုသည့်နှစ်မှာပင် အနိစ္စရောက်မြဲဟုလည်း လျှောက်တင်ခဲ့သည်။

မိုးညှင်းမင်းတရားသည် သတ္တဝါအများချမ်းသာရေးအတွက်ဆောင်ရွက်မည်ဟု ဆုံးဖြတ်ကာ သက္ကရာဇ် ၈၀၀ ပြည့်နှစ်တွင် ပိဋကတ်၊ ဗေဒင်ကျမ်းကျင်သော ရဟန်းပညာရှိ၊ လူပညာရှိများနှင့်တိုင်ပင်၍တောင်ပလူ၏မြောက်ဘက်၊ အင်းဝ၏တောင်ဘက် လဟာပြင် ငွေစင်ဈေးအရပ်၌ မဏ္ဍပ်ဆောက်ပြီး သက္ကရာဇ် ၇၉၈ ကို ဖြိုခဲ့သည်။ သက္ကရာဇ်တို ၂ ခုကို ထားခဲ့သည့် မိုးညှင်းမင်းတရားသည် သက္ကရာဇ်ဖြိုသည့်နှစ်မှာပင် အနိစ္စရောက်ခဲ့သည်။

သက္ကရာဇ်ဖြိုကာ ခုနှစ်အသစ်ကို ၂ ခုဖြင့် စတင်ခဲ့သော်လည်း အင်းဝ၏ဩဇာသက်ရောက်မှုမရှိသောနယ်စွန်နယ်ဖျားဒေသများနှင့် ပြည်ထောင်များတွင် သက္ကရာဇ်အရှည်ကိုသာ ဆက်လက်သုံးစွဲခဲ့သဖြင့် မိုးညှင်းမင်းတရား၏ သက္ကရာဇ်ဖြိုခြင်းသည် အောင်မြင်မှုမရှိခဲ့ပေ။

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၄၈၃၉၁ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကန့်ဘလူ ဇူလိုင် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၄၈၃၉၁ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၈၃၉၄၄ ကေစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၈၃၉၁ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ ပဲတီစိမ်းကေ ၈၃၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ကေ ၄၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းမွန်ရေး၊ အရည်အသွေးကောင်းမွန်ရေးအတွက် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးနေကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။ (၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

သက္ကရာဇ်ဖြို့ပြီးစကာလများတွင် ရေးထိုးသည့်ကျောက်စာများ၌ သက္ကရာဇ်အတိုကိုသုံးစွဲခဲ့ကြသော်လည်း မတွင်ကျယ်ခဲ့ဘဲ မင်းနှစ်ဆက်၊ သုံးဆက်မျှသာသုံးခဲ့ကာ သန္နိဋ္ဌာဗေဒင်တွက်ရာတွင်သာ အသုံးပြုတော့ကြောင်း တွင်းသင်းတိုက်ဝန် မဟာစည်သူဦးထွန်းညိုပြုစုသည့် တွင်းသင်းမဟာရာဇဝင်သစ်တွင် အောက်ခြေမှတ်စုဖြင့် ဖော်ပြထားသည်။ သို့သော် တက်နွယ်ကျောင်းကျောက်စာအပါအဝင် မိုးညှင်းမင်းတရား၏ ဆွေမျိုးသားမြေးများရေးထိုးသည့်ကျောက်စာများတွင် သက္ကရာဇ်တိုကို ထည့်သွင်းရေးထိုးသည်ဟုဆိုသော်လည်း မိုးညှင်းမင်းတရား၏သားတော် မင်းရဲကျော်စွာရေးထိုးသည့် မင်းရဲကျော်စွာ မောင်နှံကျောက်စာတွင်လည်းကောင်း၊ မိုးညှင်းမင်းတရား၏သားငယ် နရပတိမင်းရေးထိုးသည့် စစ်ကိုင်းနရပတိထူပါရုံကျောင်းကျောက်စာတွင်လည်းကောင်း၊ နရပတိမင်း၏သားတော် အိမ်ရှေ့မင်းရေးထိုးသည့် မဟာသီဟသူရကျောင်းကျောက်စာတွင်လည်းကောင်း သက္ကရာဇ်တိုကို မသုံးဘဲ သက္ကရာဇ်ရှည်ကိုသာ သုံးစွဲထားကြောင်း သမိုင်းပညာရှင် ဆရာမကြီးဒေါ်အုန်းကြည်က ထောက်ပြခဲ့သည်။

မိုးညှင်းမင်းတရား၏တူတော် တောင်တွင်းမင်း သီရိဇေယျာသူရသည် ညောင်ဦးမြို့ ရွှေစည်းခုံစေတီ၏အနောက်ဘက်တွင် တက်နွယ်ကျောင်းကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ ကျောင်းတည်ရှိခဲ့သည့်နေရာသည် ဝက်ကြီးအင်းရွာနှင့် တက်နွယ်ချောင်း၏ အရှေ့ဘက်ဖြစ်သည်။ တက်နွယ်ကျောင်း အလှူမှတ်တမ်းကျောက်စာ စာကြောင်းရေ (၁၅) နှင့် (၁၆)တွင် "ဥရီတော် ဖုရရှင်မင်တြာနှင့် အရီတော် တောင်မိဘုရာစောနောင်လာမှတ်သာပြုခဲထသ သက္ကရာဇ် ဖ သောအခါ နှိုက်တန်ခုလဆန်တဆယ်သုံမ်ရှက် တနင်ကန္ဒေနေ့ နံနက်"ဟု အစချီကာ တက်နွယ်ကျောင်းတည်ဆောက်ပုံကို အကျယ်တဝင့်ရေးထိုးခဲ့သည်။

မိုးညှင်းမင်းတရားဖြို့ခဲ့သည့် သက္ကရာဇ်သည် သက္ကရာဇ်မပြိုဘဲ အသုံးမတွင်ခဲ့သည့်တိုင် မင်းကြီး၏တူ တောင်တွင်းမင်း သီရိဇေယျာသူရသည် ဦးရီးတော်သက္ကရာဇ်ဖြို့ခဲ့ပုံကို မှတ်တမ်းတင်ခဲ့ပြီး မိမိကျောက်စာတွင် ဦးရီးတော်ဖြို့ခဲ့သည့် သက္ကရာဇ်အတိုင်းအသုံးပြုခဲ့ကြောင်း တွေ့ရှိရပေသည်။

**ကိုးကား**

- **ရှေးဟောင်းမြန်မာကျောက်စာများ၊ ပဉ္စမတွဲ(ဦးငြိမ်းမောင်)**
- **တက်နွယ်ကျောင်းကျောက်စာ လေ့လာချက်စာတမ်း (ဒေါ်အုန်းကြည်)**
- **မှန်နန်းမဟာရာဇဝင်တော်ကြီး**
- **မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုသုတေသန(ဦးမြင့်အောင်)**

## လမြတ်ဝါဆို

- ဗုဒ္ဓအရှင် ဟောညွှန်ပြပါလို့
နာကြားကြ ဓမ္မစကြာ၊
အသိကိန်းအောင် ဒုက္ခအပေါင်းမှ
လွတ်ငြိမ်းကြောင်းပါ၊
သစ္စာလေးပါး ထင်ဟပ်စွာ
မြင်အပ်အရာ မဂ္ဂင်လမ်း၊
ကျင့်ကြံသူ နိဗ္ဗာန်ထက်သို့
တက်လှမ်းဘုံနန်း။

- မျိုးသာကီ မသိုးသက်န်းကိုလ
ကပ်လှူဒါန်း လဝါဆို၊
သဒ္ဓါထက်သန် ဒါနပြုလို့
ကောင်းမှုကုသိုလ်၊
မြင့်မြတ်သည့် အကျိုးထိုထို
ရင်တွင်းသို့ ပီတိပွား၊
သာသနာ ရောင်ဝါလင်းလို့
ကျော်ရှင်းထင်ရှား။

- တိုင်းမြို့ပြည် ကျေးရွာများရယ်က
အလေးထားလို့ ပဥ္စင်းခံ၊
ရှေးရိုးဂုဏ် ဘယ်မမေ့ပေါ့
ဓလေ့အမှန်၊
ပုန်းညက်ပန်း ပင်နန်းစံ
မြင်ဆန်းပြန် မွှေးလွန်းထပ်၊
လဝါဆို တစ်မူထူးလို့
ဖော်ကျူးလမြတ်။ ။

**ရင်ခတ်ပန်း(စွယ်တော်)**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# နိုင်ငံတကာ သတင်းများ

## ယခုနှစ်ငြိမ်းချမ်းရေးနိုဗယ်ဆုအတွက် အမေရိကန်သမ္မတကို အစ္စရေးဝန်ကြီးချုပ်စာရင်းပေး

**ဝါရှင်တန် ဇူလိုင် ၈**

ယခုနှစ် ငြိမ်းချမ်းရေးနိုဗယ်ဆုအတွက် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ကို အမည်စာရင်း တင်သွင်းထားကြောင်း အစ္စရေးဝန်ကြီးချုပ်ဘန်ဂျမင်နေတန်ယာဟုက ဇူလိုင် ၇ ရက်တွင် ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ အိမ်ဖြူတော်၌ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် တွေ့ဆုံဆွေးနွေးစဉ် အစ္စရေးဝန်ကြီးချုပ်က အဆိုပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ယခုနှစ်ငြိမ်းချမ်းရေးနိုဗယ်ဆုအတွက် အမည်စာရင်းတင်သွင်းစာ တစ်စောင်ကိုလည်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက သမ္မတ ဒေါ်နယ်ထရန့်ကို ပေးအပ်ခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် အစ္စရေးဝန်ကြီးချုပ်တို့သည် ၁၂ ရက်ကြာ အစ္စရေး-အီရန် ပဋိပက္ခပြီးဆုံးခဲ့ပြီး ၁၁ ရက်အကြာတွင် အိမ်ဖြူတော်၌တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ဇွန် ၇ ရက် အိမ်ဖြူတော်ဆွေးနွေးပွဲသည် ယခုနှစ် ဇန်နဝါရီလနောက်ပိုင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုတို့၏ တတိယအကြိမ်မြောက်တွေ့ဆုံဆွေးနွေးမှုဖြစ်သည်။

အမေရိကန်နိုင်ငံသည် အစ္စရေးနှင့် အီရန်ပဋိပက္ခကာလ ၁၀ ရက်အရောက်တွင် အီရန်နျူကလီးယားအဆောက်အအုံများကို ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အီဂျစ်၌ မိုဘိုင်းလ်ဖုန်းဆက်သွယ်ရေးဗဟိုဌာနမီးလောင် အနည်းဆုံး လူပေါင်း ၂၂ ဦး ဒဏ်ရာရရှိ

**ကိုင်ရို ဇူလိုင် ၈**

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ ဇူလိုင် ၇ ရက်က မိုဘိုင်းလ်ဆက်သွယ်ရေးဗဟိုဌာနတစ်ခု မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူပေါင်း ၂၂ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သော မိုဘိုင်းလ်ဆက်သွယ်ရေးဗဟိုဌာနကို တယ်လီကွန်အီဂျစ်အမည်ရှိ ဆက်သွယ်ရေးကုမ္ပဏီတစ်ခုက ပိုင်ဆိုင်ကြောင်း အီဂျစ်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

မိုဘိုင်းလ်ဆက်သွယ်ရေး ဗဟိုဌာန မီးလောင်ကျွမ်းမှုကြောင့် ကိုင်ရိုမြို့တစ်ဝန်း၌ မိုဘိုင်းလ်ဖုန်းလိုင်းများ ပြတ်တောက်ခဲ့ရကြောင်း အီဂျစ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ထို့ပြင်မိုဘိုင်းလ်ဆက်သွယ်ရေးစခန်းမီးလောင်မှုကြောင့် ဘဏ်လုပ်ငန်း၊ အွန်လိုင်းဝန်ဆောင်မှုလုပ်ငန်းများလည်း ပြတ်တောက်ခဲ့ရသည်။

မီးလောင်မှု ဖြစ်ပွားစဉ်အတွင်း ကြိုတင်ကာကွယ်မှု ယူသည့်အနေဖြင့် အဆောက်အအုံတစ်ခုလုံးကို လျှပ်စစ်မီး ဖြတ်တောက်ထားမှုကြောင့် မိုဘိုင်းလ်ဝန်ဆောင်မှုများ ယာယီ ပြတ်တောက်နေခြင်းဖြစ်ကြောင်း တယ်လီကွန်အီဂျစ်ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

မီးလောင်မှုအတွင်း ဒဏ်ရာရရှိသူအများစုမှာ မီးခိုးငွေ့များ ရှူရှိုက်မိခဲ့သူများဖြစ်ကြကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က မြန်မာနိုင်ငံအပါအဝင် နိုင်ငံ ၁၄ နိုင်ငံအား သွင်းကုန်ခွန်တိုးမြှင့်စည်းကြပ်ထားမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာနိုင်ငံများသို့ သဝဏ်လွှာ / အကြောင်းကြားစာများပေးပို့



THE WHITE HOUSE
WASHINGTON

July 7, 2025

His Excellency
Min Aung Hlaing
Chairman of the State Administrative Council and Commander and Chief of the Republic of the Union of Myanmar
Nay Pyi Taw

Dear Mr. Chairman:

It is a Great Honor for me to send you this letter in that it demonstrates the strength and commitment of our Trading Relationship, and the fact that the United States of America has agreed to continue working with Myanmar, despite having a significant Trade Deficit with your great Country. Nevertheless, we have decided to move forward with you, but only with more balanced, and fair, TRADE. Therefore, we invite you to participate in the extraordinary Economy of the United States, the Number One Market in the World, by far. We have had years to discuss our Trading Relationship with Myanmar, and have concluded that we must move away from these longterm, and very persistent, Trade Deficits engendered by Myanmar's Tariff, and Non Tariff, Policies and Trade Barriers. Our relationship has been, unfortunately, far from Reciprocal. Starting on August 1, 2025, we will charge Myanmar a Tariff of only 40% on any and all Burmese products sent into the United States, separate from all Sectoral Tariffs. Goods transshipped to evade a higher Tariff will be subject to that higher Tariff. Please understand that the 40% number is far less than what is needed to eliminate the Trade Deficit disparity we have with your Country. As you are aware, there will be no Tariff if Myanmar, or companies within your Country, decide to build or manufacture product within the United States and, in fact, we will do everything possible to get approvals quickly, professionally, and routinely — In other words, in a matter of weeks.

If for any reason you decide to raise your Tariffs, then, whatever the number you choose to raise them by, will be added onto the 40% that we charge. Please understand that these Tariffs are necessary to correct the many years of Myanmar's Tariff, and Non Tariff, Policies and Trade Barriers, causing these unsustainable Trade Deficits against the United States. This Deficit is a major threat to our Economy and, indeed, our National Security!

We look forward to working with you as your Trading Partner for many years to come. If you wish to open your heretofore closed Trading Markets to the United States, and eliminate your Tariff, and Non Tariff, Policies and Trade Barriers, we will, perhaps, consider an adjustment to this letter. These Tariffs may be modified, upward or downward, depending on our relationship with your Country. You will never be disappointed with The United States of America.

Thank you for your attention to this matter!

With best wishes, I am,

Sincerely,

DONALD J. TRUMP
PRESIDENT OF THE UNITED STATES OF AMERICA

**နေပြည်တော် ဇူလိုင် ၈**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က မြန်မာ၊ ဂျပန်၊ တောင်ကိုရီးယား၊ မလေးရှား၊ ကာဇက်စတန်၊ တူနီးရှား၊ ဘော့စနီးယားဟာဇီဂိုးဗီးနား၊ တောင်အာဖရိက၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ဆားဘီးယား၊ ကမ္ဘောဒီးယား၊ ထိုင်း၊ လာအိုနှင့် စုစုပေါင်း နိုင်ငံ ၁၄ နိုင်ငံအား သွင်းကုန်ခွန်တိုးမြှင့်စည်းကြပ်ထားမှုနှင့် ပတ်သက်၍ ဇူလိုင် ၇ ရက်တွင် သက်ဆိုင်ရာနိုင်ငံများသို့သဝဏ်လွှာ/အကြောင်းကြားစာများ ပေးပို့ခဲ့ကြောင်းသိရှိရသည်။

ထိုသို့ပေးပို့ရာတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ပေးပို့သည့် သဝဏ်လွှာ/အကြောင်းကြားစာ၌ အမေရိကန်သည် မြန်မာနှင့်ကုန်သွယ်ရေးတွင် ကုန်သွယ်မှုလိုငွေ ပြလျက်ရှိသော်လည်း ကုန်သွယ်မှု ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မျှတမှုရှိသည့်ကုန်သွယ်မှုကိုဆောင်ရွက်ရန် ဆုံးဖြတ်ထားကြောင်း၊ မြန်မာနိုင်ငံမှ အမေရိကန်နိုင်ငံသို့ တင်ပို့သည့် မည်သည့်ပို့ကုန်အမျိုးအစား မဆို အခွန် ၄၀ ရာခိုင်နှုန်းကောက်ခံသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်းရှိ ကုမ္ပဏီများက အမေရိကန်နိုင်ငံအတွင်း စက်မှုလုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နိုင်မှုနှင့် ကုန်သွယ်ခွန်အတွက် ညှိနှိုင်းနိုင်မှုတို့ကိုဖော်ပြထားကြောင်း သတင်းရရှိသည်။

Ref : Xinhua

## ဩစတြေးလျဝန်ကြီးချုပ် အယ်လ်ဘာနီစီ ယခုရက်သတ္တပတ်ကုန်တွင် တရုတ်နိုင်ငံသို့ သွားရောက်မည်

**ဆစ်ဒနီ ဇူလိုင် ၈**

ဩစတြေးလျ ဝန်ကြီးချုပ် အယ်လ်ဘာနီစီသည်ယခုရက်သတ္တပတ်ကုန်ပိုင်းတွင် တရုတ်နိုင်ငံသို့ သွားရောက်ရန် စီစဉ်ထားကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

မိမိအနေဖြင့် ဇူလိုင် ၁၂ ရက်တွင် တရုတ်နိုင်ငံခရီးစဉ်ကို စတင်မည်ဖြစ်ပြီး ရှန်ဟိုင်း၊ ပေကျင်းနှင့် ချန်ဒူးမြို့တို့သို့ သွားရောက်မည်ဖြစ်ကြောင်း ဩစတြေးလျ ဝန်ကြီးချုပ် အယ်လ်ဘာနီစီက ယနေ့တွင် ပြောကြားခဲ့သည်။



သို့ရာတွင် တရုတ်ခရီးစဉ်နှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ဝန်ကြီးချုပ် အယ်လ်ဘာနီစီက ထုတ်ဖော်ပြောကြားခြင်းမရှိကြောင်း သိရသည်။

ဩစတြေးလျ ဝန်ကြီးချုပ် အယ်လ်ဘာနီစီ၏ တရုတ်နိုင်ငံခရီးစဉ်မှာ ဇူလိုင် ၁၂ ရက်မှ ၁၈ ရက်အထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ဩစတြေးလျ ဝန်ကြီးချုပ် အယ်လ်ဘာနီစီ၏ တရုတ်နိုင်ငံ ခရီးစဉ်ကို တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း အတည်ပြုထားသည်။

အဆိုပါခရီးစဉ်သည်ဩစတြေးလျဝန်ကြီးချုပ် အယ်လ်ဘာနီစီ၏ ဒုတိယမြောက်တရုတ်ခရီးစဉ်ဖြစ်ကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

## ကာစီနိုလောင်းကစားရုံများ ဖွင့်ခွင့်ဆိုင်ရာဥပဒေကြမ်း ထိုင်းအစိုးရအဖွဲ့ ပြန်လည်ရုပ်သိမ်းထား

**ဗန်ကောက် ဇူလိုင် ၈**

ကာစီနိုလောင်းကစားလုပ်ငန်းကို တရားဝင်လုပ်ကိုင်ခွင့်ပေးမည့် အငြင်းပွားရဖွယ် ဥပဒေကြမ်းတစ်ရပ်ကို ထိုင်းအစိုးရက ယနေ့တွင် ပြန်လည်ရုပ်သိမ်းထားကြောင်း သိရသည်။

ထိုင်းဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးက ဝန်ကြီးချုပ်ပေထုန်တန်ရှင်နာဝပ်ကို ဝန်ကြီးချုပ်တာဝန်များမှ ယာယီရပ်ဆိုင်းခဲ့ပြီးနောက် ကာစီနိုလုပ်ငန်းဆိုင်ရာ ဥပဒေကြမ်းကို ထိုင်းအစိုးရက ပြန်လည် ရုပ်သိမ်းထားခြင်းဖြစ်သည်။

သို့ရာတွင် ထိုင်းအစိုးရအနေဖြင့် အဆိုပါဥပဒေကြမ်းကို ယာယီဆိုင်းငံ့ထားခြင်းသာဖြစ်ပြီး သင့်လျော်သည့်အချိန်၌ လွှတ်တော်သို့ ပြန်လည်တင်သွင်းမည်ဖြစ်ကြောင်း ထိုင်းအစိုးရ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဖျော်ဖြေရေး လုပ်ငန်းများဆိုင်ရာဥပဒေကြမ်းအမည်ရှိ ယင်းဥပဒေကြမ်းကို ထိုင်းအစိုးရအဖွဲ့က ယခုနှစ် ဇန်နဝါရီလအတွင်း ပထမဆုံးအကြိမ် အတည်ပြုခဲ့ပြီးဖြစ်သည်။

ယင်းဥပဒေကြမ်းအရ ဟိုတယ်နှင့် ကစားကွင်းများကဲ့သို့ ဖျော်ဖြေရေးလုပ်ငန်းများတည်ရှိရာ နေရာများ၌ ကာစီနိုရုံများ ဖွင့်ခွင့်ရမည်ဖြစ်သည်။


ဖျော်ဖြေရေး လုပ်ငန်းများဆိုင်ရာဥပဒေကြမ်းသည် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ရေးအတွက်အထောက်အကူပြုနိုင်ကြောင်း ထိုင်းအစိုးရက ပြောကြားထားသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## တရုတ်သိပ္ပံပညာရှင်များ တီထွင်ထားသောစက်ရုပ်ခွေးတစ်ကောင်က တစ်စက္ကန့်လျှင် ၁၀ ဒသမ ၃ မီတာနှုန်းဖြင့် ပြေးလွှားနိုင်စွမ်းရှိ




ပေကျင်း ဇူလိုင် ၈

တရုတ်သိပ္ပံပညာရှင်များ တီထွင်ထားသော စက်ရုပ်ခွေး တစ်ကောင်သည် တစ်စက္ကန့်လျှင် ၁၀ ဒသမ ၃ မီတာနှုန်းဖြင့် ပြေးလွှားနိုင်စွမ်းရှိကြောင်း ဇူလိုင် ၇ ရက် သတင်းများအရ သိရသည်။

ဘလက်ခ်ပင်သာအမည်ရှိ အဆိုပါ စက်ရုပ်ခွေး၏ ပြေးနှုန်းသည် ထိပ်တန်းလူသား တာတိုအပြေးသမားတစ်ဦး၏ ပြေးနှုန်းနှင့်ညီမျှကြောင်း သိရသည်။

ဘလက်ခ်ပင်သာ စက်ရုပ်ခွေး၏ ပြေးနှုန်းကို အပြေးလေ့ကျင့်စက်ဖြင့် စမ်းသပ်ခဲ့ရာ ဘလက်ခ်ပင်သာစက်ရုပ်ခွေးသည် အပြေးလေ့ကျင့်ရေးစက်ပေါ်၌ တစ်စက္ကန့်လျှင် ၁၀ မီတာကျော်နှုန်းထိ ပြေးနှုန်းကို တင်ပြခဲ့ကြောင်း တရုတ်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

နှိုင်းယှဉ်ကြည့်ပါက ကမ္ဘာ့ကျော်တာတိုအပြေးသမား ယူစိန်ဘို့၏ ပြေးနှုန်းမှာ တစ်စက္ကန့်လျှင် ၁၀ ဒသမ ၄၄ မီတာထိရှိကြောင်း သိရသည်။

ဘလက်ခ်ပင်သာစက်ရုပ်ခွေးကို ကျဲကျန်းတက္ကသိုလ်နှင့် ဟန်ကျိုးအခြေစိုက် Mirror me နယ်ပယ်ကုမ္ပဏီမှ သိပ္ပံပညာရှင်များ ပူးပေါင်း တီထွင်ထားခြင်း ဖြစ်ပြီး ဘလက်ခ်ပင်သာစက်ရုပ်ခွေးသည် အလေးချိန် ၃၈ ကီလိုဂရမ်ရှိပြီး အရပ်အမြင့် သုည ဒသမ ၆၃ မီတာရှိကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO


## စကြဝဠာကြီးပြန့်ကားမှုဖြစ်စဉ်က လာမည့်နှစ်ပေါင်း ခုနစ်ဘီလီယံအတွင်း အထွတ်အထိပ်သို့ရောက်ရှိ၍ နောင်နှစ်ပေါင်း ၃၃ ဒသမ ၃ ဘီလီယံခန့်တွင် ပြိုကွဲပျောက်ကွယ်မည်ဖြစ်

ဝါရှင်တန် ဇူလိုင် ၈

စကြဝဠာကြီး ပြန့်ကားမှုဖြစ်စဉ်သည် လာမည့်နှစ်ပေါင်း ခုနစ်ဘီလီယံအတွင်း အထွတ်အထိပ်သို့ ရောက်ရှိမည်ဖြစ်၍ နောင်နှစ်ပေါင်း ၃၃ ဒသမ ၃ ဘီလီယံခန့်တွင် ပြိုကွဲပျောက်ကွယ်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကိုကိုးကား၍ ဇူလိုင် ၇ ရက် သတင်းများအရ သိရသည်။

အမေရိကန်နှင့် တရုတ်ရူပဗေဒပညာရှင်များ၏ တွက်ချက်မှုအရ စကြဝဠာကြီးပြန့်ကားထွက်နေမှုဖြစ်စဉ်သည် လာမည့်နှစ်ပေါင်းခုနစ်ဘီလီယံအတွင်း အထွက်အထိပ်ရောက်ရှိမည်ဖြစ်ပြီး ၎င်းနောက်ပိုင်းတွင် စကြဝဠာကြီး ပြန်လည်ကျုံ့ဝင်လာမည်ဖြစ်သည်။

ထို့နောက် နောင်လာမည့် နှစ်ပေါင်း ၃၃ ဒသမ ၃ ဘီလီယံ အရောက်တွင် စကြဝဠာအတွင်းရှိ အရာအားလုံး ပြိုကွဲပျောက်ကွယ်မည်ဖြစ်ကြောင်း အမေရိကန်နှင့် တရုတ် သိပ္ပံပညာရှင်များက ပြောကြားသည်။



စကြဝဠာကြီး၏ လက်ရှိသက်တမ်းမှာ နှစ်ပေါင်း ၁၃ ဒသမ ၈ ဘီလီယံရှိပြီးဖြစ်ကြောင်း၊ မိမိတို့၏ လေ့လာတွေ့ရှိချက်အရ လာမည့်နှစ်ပေါင်း ခုနစ်ဘီလီယံအတွင်း စကြဝဠာ၏ အရွယ်အစားမှာ လက်ရှိအရွယ်အစားထက် ၆၅ ရာခိုင်နှုန်း ပိုမိုကြီးမားလာမည်ဖြစ်ပြီး နောက်ပိုင်းတွင် စတင်ကျုံ့ဝင်လာမည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန်နှင့် တရုတ်သိပ္ပံပညာရှင်များသည် စကြဝဠာ၏ ၇၀ ရာခိုင်နှုန်းကို ဖွဲ့စည်းထားသောမဟာရာစွမ်းအင်ခေါ် ထူးဆန်းသည့်စွမ်းအင်တစ်မျိုးနှင့်ပတ်သက်၍ လေ့လာချက်များမှ ရရှိသော အချက်အလက်များကို သုံး၍ စကြဝဠာ စတင်ကျုံ့ဝင်မည့်အချိန်ကို တွက်ချက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## မြောက်အမေရိက၏ သက်တမ်းရှေးအကျဆုံး တာဂိုဆောရပ်တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို အရီဇိုးနားပြည်နယ်၌ တူးဖော်တွေ့ရှိ

ဝါရှင်တန် ဇူလိုင် ၈

မြောက်အမေရိက၏ သက်တမ်းရှေးအကျဆုံး တာဂိုဆောရပ်ခေါ် မိုးပျံသတ္တဝါတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို အရီဇိုးနားပြည်နယ်၌ တူးဖော်တွေ့ရှိထားကြောင်း ဇူလိုင် ၇ ရက် သတင်းများအရ သိရသည်။

Eotephradactylus mcintireae ဟူ၍အမည်ပေးထားသည့် အထက်ပါ တာဂိုဆောရပ်ကျောက်ဖြစ်ရုပ်ကြွင်း၏ သက်တမ်းမှာ နှစ်ပေါင်း ၂၀၉ သန်းရှိပြီဖြစ်ကြောင်း၊ Eo-tephradactylus mcintireae တာဂိုဆောရပ်များသည် အရွယ်အစားအားဖြင့် ပင်လယ်စင်ရော် ငှက်တစ်ကောင်၏ အရွယ်မျှသာ ရှိကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

Eotephradactylus mcin-tireae တာဂိုဆောရပ်များသည် လွန်ခဲ့သောနှစ် သန်း ၂၀၀ ကျော်ကာလ ထရိုင်အားဆစ်ဘူမိခေတ်အတွင်း မြောက်အမေရိကဒေသ၌ ကျက်စားခဲ့ကြသော ကမ္ဘာဦးသက်ရှိများဖြစ်ကြသည်။

အမေရိကန်သိပ္ပံပညာရှင်များသည် အဆိုပါတာဂိုဆောရပ် ကျောက်ဖြစ်ရုပ်ကြွင်း နှင့်အတူ ထရိုင်အားဆစ်ဘူမိခေတ် လိပ်တစ်ကောင်၏ကျောက်ဖြစ်ရုပ်ကြွင်းကိုလည်း တူးဖော်တွေ့ရှိခဲ့ကြသည်။

အဆိုပါ တာဂိုဆောရပ်သည် မြောက်အမေရိက၌ ရှာဖွေတွေ့ရှိခဲ့ဖူးသမျှ တာဂိုဆောရပ်များအနက် ရှေးအကျဆုံးဖြစ်သည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## PFHxA ခေါ် ဓာတုပစ္စည်းကြောင့် ယောကျ်ားလေးများ၌ အော်တစ်ဇင်နှင့် ADHD ဖြစ်နိုင်ခြေတိုးမြင့်မားလာနိုင်

လန်ဒန် ဇူလိုင် ၈

မိန်းကလေးများနှင့် နှိုင်းယှဉ်ပါက ယောကျ်ားလေးများ၌ အော်တစ်ဇင်ရောဂါနှင့် ကလေးစိတ်အတက်ကြွလွန်မှုရောဂါ(ADHD) များဖြစ်ပွားနိုင်ခြေ အဘယ်ကြောင့် ပို၍မြင့်တက်နေတတ်သည်ကို သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိထားကြောင်း ဇူလိုင် ၇ ရက် သတင်းများအရ သိရသည်။

ဗြိတိန်နိုင်ငံ ရီချက်စတာတက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ PFHxA ခေါ် ဓာတုပစ္စည်းတစ်မျိုးကြောင့် ယောကျ်ားလေးများ၌ အော်တစ်ဇင်နှင့် ADHD ဖြစ်နိုင်ခြေမှာ မိန်းကလေးများထက် သုံးဆ ပိုမိုမြင့်မားနေခြင်း ဖြစ်ကြောင်း သိရသည်။

PFHxA ဓာတုပစ္စည်းများသည် ယောကျ်ားလေးများ၏ ဦးနှောက်အချက်ပြလိုင်းများကို နှောင့်ယှက်ပိတ်ပင်တတ်ရာ အော်တစ်ဇင်နှင့် ADHD ရောဂါလက္ခဏာများ ဖြစ်လာနိုင်ခြေ မြင့်မားလာနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

ဗြိတိန်သုတေသနပညာရှင်များသည် PFHxA ဓာတုပစ္စည်းများကို ဓာတ်ခွဲခန်းသုံး ကြွက်များဖြင့် လက်တွေ့စမ်းသပ်ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်ပြီး PFHxA ဓာတုပစ္စည်းများသည် ရေသန့်ဘူး၊ အဝတ်အထည်နှင့် အစားအသောက်ထုတ်ပိုးပစ္စည်းများအပါအဝင် လူသုံးကုန်ပစ္စည်းအမျိုးမျိုးတွင် ပါဝင်သည့် ဓာတုပစ္စည်းတစ်မျိုးဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## Viagra ပန်းသေပန်းညှိုးကုသရေးဆေးဝါးများက ကင်ဆာရောဂါကို ကုသရာတွင် အထောက်ကူပေးနိုင်

ပေကျင်း ဇူလိုင် ၈

Viagra ကဲ့သို့ အမျိုးသားပန်းသေပန်းညှိုးကုသရေးဆေးဝါးများသည် ကင်ဆာရောဂါကိုကုသရာတွင် အထောက်အကူပေးနိုင်ဖွယ်ရှိကြောင်း ဇူလိုင် ၇ ရက် သတင်းများအရ သိရသည်။

Viagraသည် ပန်းသေပန်းညှိုးပြဿနာနှင့် ရင်ဆိုင်နေရသည့် ကမ္ဘာတစ်ဝန်းမှ အမျိုးသားများ သုံးစွဲနေကြသည့် ဆေးဝါးဖြစ်ကြောင်း သိရသည်။

သို့ရာတွင် တရုတ်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Viagra ဆေးများသည် ကင်ဆာတိုက်ဖျက်ရေးခုခံအားစနစ်ဆဲလ်များကို မြှင့်တင်ပေးနိုင်ကြောင်း သိရသည်။

Dendratic cells ခေါ် ကင်ဆာတိုက်ဖျက်ရေးခုခံအားစနစ်ဆဲလ်တစ်မျိုးသည် ကင်ဆာဆဲလ်များ ကြီးထွားလာချိန်တွင် ထိခိုက်ပျက်စီးသွားတတ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

သို့ရာတွင် Viagra ဆေးများသည် ကင်ဆာဆဲလ်များ ကြီးထွားမှုကြောင့် Dendratic cells ဆဲလ်များပျက်စီးမှုကို တားဆီးပေးနိုင်ပြီး ၎င်းဆဲလ်များနှင့်လုပ်ငန်းလည်ပတ်မှုစွမ်းရည်ကို မြှင့်တင်ပေးနိုင်ကြောင်းတရုတ်သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

Viagra ဆေးများသည် ကင်ဆာရောဂါများကို ကုသရာတွင် ခုခံအားစနစ် ကုထုံးမဟာဗျူဟာတစ်ရပ်အဖြစ် အထောက်အကူပြုနိုင်ဖွယ်ရှိကြောင်း တရုတ်သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO



# နိုင်ငံတကာ အားကစားသတင်းများ

## ဘာစီလိုနာအသင်းနှင့် မန်စီးတီးအသင်းတို့က ဒမ်ဖရိုင်းကို စာချုပ်ဖျက်သိမ်းကြေးပေးချေပြီး အပြိုင်ကမ်းလှမ်းရန်ပြင်ဆင်



**မန်ချက်စတာ ဇူလိုင် ၈**

ဘာစီလိုနာ အသင်းနှင့် မန်စီးတီးအသင်းတို့က အင်တာမီလန်အသင်းမှ တောင်ပံခံစစ်ကစားသမား ဒမ်ဖရိုင်းကို စာချုပ်ဖျက်သိမ်းကြေး စတာလင်ပေါင် ၂၅ သန်းပေးချေပြီး အပြိုင်ကမ်းလှမ်းရန်အတွက် ကြိုးပမ်းနေကြောင်း သိရသည်။

မန်စီးတီးအသင်းသည် လက်ရှိနွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်း ညာတောင်ပံ ခံစစ်ကစားသမား ဝေါ်လ်ကာအနေဖြင့် ဘန်လေအသင်းထံ ပြောင်းရွှေ့ကစားခဲ့သည့်အတွက် ၎င်း၏နေရာတွင် ဒမ်ဖရိုင်းနှင့် ပြန်လည်အစားထိုးရန်အတွက် ကြိုးပမ်းနေခြင်းဖြစ်သည်။

အင်တာမီလန် အသင်းက အသင်းမှ အဓိက ကစားသမားတစ်ဦးကို မရောင်းချလိုသော်လည်း ဒမ်ဖရိုင်းကိုယ်တိုင်က အသင်းမှထွက်ခွာလိုသည့်အတွက် အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်ရနိုင်သည့် အခြေအနေများကြောင့် စာချုပ်ဖျက်သိမ်းကြေးဖြင့် လက်လွှတ်သွားမည်ဖြစ်သည်။

ဘာစီလိုနာ အသင်းကလည်း အသင်း တောင်ပံခံစစ်နေရာတွင် အင်အား ဖြည့်တင်းလိုနေသည့်အတွက် နည်းပြဟန်ဆီဖလစ်၏ ကစားကွက်နှင့် ကိုက်ညီသည့် ဒမ်ဖရိုင်းကိုခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

လက်ရှိတွင် အင်တာမီလန် အသင်းကလည်း ဒမ်ဖရိုင်းကို စာချုပ်ဖျက်သိမ်းကြေးဖြင့် လက်လွှတ်ရနိုင်သည့် အခြေအနေများကြောင့် ၎င်း၏နေရာတွင် ဘိုလော့ဂ်နာအသင်းမှ အန်ဒိုယီနှင့်အစားထိုးရန်အတွက်ပစ်မှတ်ထားနေကြောင်း သိရသည်။

Ref : Fotmob

Trs : STA

## အိုစီမန်ကို အပြီးသတ်ခေါ်ယူရန် ဂါလာတာစာရေးအသင်း ပြန်လည်ကြိုးပမ်း

**ရောမ ဇူလိုင် ၈**

ဂါလာတာစာရေး အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက အငှားစာချုပ်ဖြင့် ခေါ်ယူထားသည့် တိုက်စစ်မှူး အိုစီမန်ကို ပြောင်းရွှေ့ကြေး ယူရို ၅၅ သန်းဖြင့် အပြီးသတ် ပြန်လည် ခေါ်ယူရန်အတွက် နာပိုလီအသင်းထံ ကမ်းလှမ်းမှု ပြုလုပ်ခဲ့သည်။

တိုက်စစ်မှူး အိုစီမန်သည် ပြီးခဲ့သည့် ဘောလုံးရာသီက ဂါလာတာစာရေးအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် အသင်းနှင့်အတူ ပြိုင်ပွဲစုံ သွင်းဂိုး ၃၇ ဂိုးထိ သွင်းယူနိုင်ခဲ့သောကြောင့် အငှားစာချုပ်ကုန်ဆုံးချိန်တွင် အသင်းတာဝန်ရှိသူများက အပြီးသတ်ခေါ်ယူရန် ကြိုးပမ်းခဲ့ရာ ပြောင်းရွှေ့ကြေး ညှိနှိုင်းမှု အဆင်မပြေသဖြင့် ခေါ်ယူရန် လက်လျှော့ခဲ့ကြောင်း သိရသည်။

နာပိုလီအသင်းက ကစားသမားအတွက် စာချုပ်ဖျက်သိမ်းကြေး ယူရို ၇၅ သန်းကို အပြည့်အဝ အလိုရှိနေသောကြောင့် ဂါလာတာစာရေးအသင်းက ယူရို သန်း ၅၀ ကျော်သာ ပေးချေနိုင်သဖြင့် ခေါ်ယူနိုင်ခြင်းမရှိခဲ့ဘဲ ဆော်ဒီကလပ် အယ်ဟိုင်လာအသင်းက တစ်နှစ်လုပ်ခ ယူရို သန်း ၃၀ ဖြင့် မက်လုံးပေးကမ်းလှမ်းမှုများ ပြုလုပ်ခဲ့ရာ နာပိုလီအသင်းက ရောင်းချရန် ဆန္ဒရှိသော်လည်း ကစားသမားကိုယ်တိုင်က ပယ်ချခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ဂါလာတာစာရေးအသင်းသည် ကစားသမားအတွက် တစ်နှစ်လုပ်ခ ယူရို ၁၅ သန်းပေးချေရန် ဆုံးဖြတ်ခဲ့ရာ အိုစီမန်က စိတ်ဝင်စားခဲ့ပြီး ပြောင်းရွှေ့ကြေးကို ယူရို ၅၅ သန်းထိ ပေးချေရန် ထပ်မံ ကမ်းလှမ်းခဲ့သကဲ့သို့ နာပိုလီအသင်းက စာချုပ်ဖျက်သိမ်းကြေး ယူရို ၇၅ သန်းကို လျှော့ချပေးမည်ဖြစ်သော်လည်း ယူရို သန်း ၂၀ ထိ လျှော့ချပေးမည်မဟုတ်သောကြောင့်ကလပ်အသင်းနှစ်ခုကြား ထပ်မံဆွေးနွေးမှု ပြုလုပ်လျက်ရှိကြောင်း သိရသည်။

Ref : Goal.com

Trs : ML



## ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားမည်ဖြစ်ကြောင်း ခံစစ်ကစားသမား ကွန်နာတီ ပြောကြား

**မက်ဒရစ် ဇူလိုင် ၈**

လီဗာပူးအသင်း ခံစစ်ကစားသမား ကွန်နာတီသည် လီဗာပူးအသင်း၏ အပြောင်းအရွှေ့အစီအစဉ်ကို သိရှိခဲ့ပြီးနောက်ပိုင်း လာမည့်နှစ်တွင် ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

လီဗာပူးအသင်းသည် စာချုပ်သက်တမ်း နောက်ဆုံးနှစ်သို့ ရောက်ရှိလာသည့် ခံစစ်ကစားသမားကို စာချုပ်သက်တမ်းတိုးရန် ကမ်းလှမ်းခဲ့ရာ ကစားသမားကိုယ်တိုင်က အသင်းနှင့် သက်တမ်းတိုးရန် ဆန္ဒမရှိတော့ဘဲ ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ရန်ဆုံးဖြတ်ခဲ့ပြီး လာမည့်နှစ် စာချုပ်သက်တမ်း ကုန်ဆုံးပါက ပြောင်းရွှေ့ကစားရန်အတွက် စိတ်ရှည်စွာ စောင့်ဆိုင်းသွားမည်ဖြစ်ကြောင်း သိရသည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီကတည်းက ခံစစ်ကစားသမား အာနိုးနှင့်အတူ ခံစစ်ကစားသမား ကွန်နာတီကို ကမ်းလှမ်းခဲ့ရာ လီဗာပူးအသင်းက ကစားသမားအနေဖြင့် အသင်းနှင့် စောစီးစွာ လမ်းခွဲ၍ ကလပ်ကမ္ဘာ့ဖလား ပြိုင်ပွဲကစားလိုပါက စာချုပ်ဖျက်သိမ်းကြေး စတာလင်ပေါင် ၁၀ သန်းသာပေးချေရန် တုံ့ပြန်ပြောကြားခဲ့သော်လည်း ရီးရဲလ်မက်ဒရစ် အသင်းက အာနိုးကိုသာ အလွတ်ပြောင်းရွှေ့ခွင့်နှင့် ခေါ်ယူခဲ့သည်။



အသက် ၂၆ နှစ်ရှိ ခံစစ်ကစားသမားသည် လီဗာပူးအသင်းက စာချုပ်သစ် ကမ်းလှမ်းမှုတွင် လုပ်ခလစာ တိုးမြှင့်ပေးခြင်းမရှိသောကြောင့် စာချုပ်သစ်ချုပ်ဆိုရန်ငြင်းပယ်ခဲ့ပြီး ပြီးခဲ့သည့်နှစ် ပရီးမီးယားလိဂ် နောက်ဆုံးပွဲစဉ်အပြီးတွင် ၎င်းနှင့် လီဗာပူးအသင်းတို့အနာဂတ်မှာ ရေရာမှုများမရှိသေးကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

Ref : The mirror

Trs : ML

## အားကစားသတင်းအတိုအထွာများ

- ပရီးမီးယားလိဂ်သို့ တန်းတက်လာသည့် ဆန်းဒါးလန်းအသင်းက အေတီကိုအသင်းမှ ခံစစ်ကစားသမား ရှိုင်နီရယ်ဒိုကို နှစ်နှစ်စာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ပထမဆုံးပြောင်းရွှေ့ကစားခဲ့သည့် မိုဇမ်ဘစ်နိုင်ငံသားဖြစ်လာခဲ့ကြောင်း သိရသည်။
- ပြီးခဲ့သည့်ဘောလုံးရာသီ ချန်ပီယံလိဂ် ရှုံးထွက် ၁၆ သင်းအဆင့်တွင် အေတီကိုအသင်းပရိသတ်များကို လှောင်ပြောင်မှုပြုလုပ်ခဲ့သည့် တိုက်စစ်မှူး အမ်ဘက်ပီ၊ ခံစစ်ကစားသမား ရူဒီဂါနှင့် စီဘယ်လော့တို့၏ ပွဲပယ်ပြစ်ဒဏ်များကို ရီးရဲလ်မက်ဒရစ်အသင်းက အယူခံတင်သွင်းခဲ့သော်လည်း ယူအီးအက်ဖ်အေက ပယ်ချခဲ့သည်။
- အမျိုးသမီး ယူရို ၂၀၂၅ ပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်အဖြစ် ကစားခဲ့သည့် ပေါ်တူဂီအသင်းနှင့် အီတလီအသင်းတို့ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သော်လည်း ပေါ်တူဂီအသင်းက နှစ်ပွဲကစားအပြီး တစ်မှတ်သာရခဲ့သောကြောင့် အုပ်စုအဆင့်မှထွက်ခွာရန် သေချာခဲ့ကြောင်း သိရသည်။

ML

## ဗီလာရီးရဲလ်တိုက်စစ်မှူး ဘာရီ အဲဗာတန်အသင်းသို့ ဆေးစစ်မှုခံယူရန် ရောက်ရှိနေ

**လန်ဒန် ဇူလိုင် ၈**

အဲဗာတန်အသင်းသည်အသင်းမှ အလွတ်ပြောင်းရွှေ့ခွင့်နှင့် ထွက်ခွာသွားသည့် တိုက်စစ်မှူး ကယ်ဘက်လေဝင် နေရာတွင် ဗီလာရီးရဲလ်တိုက်စစ်မှူး ဘာရီနှင့်အစားထိုးရန် ကြိုးပမ်းခဲ့ရာ သဘောတူညီမှု ရရှိခဲ့ပြီးနောက် ကစားသမားအနေဖြင့် အဲဗာတန်အသင်းသို့ ဆေးစစ်မှုခံယူရန် ရောက်ရှိနေကြောင်း သိရသည်။



တိုက်စစ်မှူးဘာရီကို ခေါ်ယူရန် အဲဗာတန်အသင်းသည် ကစားသမားအတွက် အပိုဆုကြေးအပါအဝင် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၇ သန်းထိ ပေးချေခဲ့ရပြီးနောက် လက်ရှိ ဆေးစစ်မှု အောင်မြင်ခဲ့ပါက ကာလရှည်စာချုပ် ချုပ်ဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

အသက် ၂၂ နှစ်ရှိ တိုက်စစ်မှူး ဘာရီသည် ပြီးခဲ့သည့်ဘောလုံးရာသီက ဗီလာရီးရဲလ်အသင်း တိုက်စစ်ပိုင်းတွင် အဓိက ကစားသမားအဖြစ် ပါဝင်ကစားခွင့်ရရှိခဲ့ပြီးနောက် အမှတ်ပေးပြိုင်ပွဲတွင် သွင်းဂိုး ၁၁ ဂိုးနှင့် ဂိုးဖန်တီးမှု လေးကြိမ်ထိ ပြုလုပ်နိုင်သည့် ခြေစွမ်းပြသနိုင်ခဲ့သည်။

အဲဗာတန်အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက အမှတ်ပေးပြိုင်ပွဲ ၃၈ ပွဲတွင် တိုက်စစ်ပိုင်းက သွင်းဂိုး ၄၂ ဂိုးသာ သွင်းယူနိုင်ခဲ့သောကြောင့် ပြိုင်ပွဲပြီးဆုံးချိန်၌ အဆင့်(၁၃) နေရာတွင်သာ ရပ်တည်နိုင်ခဲ့သဖြင့် လက်ရှိနွေရာသီ အပြောင်းအရွှေ့ကာလတွင် တိုက်စစ်ပိုင်းလိုအပ်ချက်ကို ဖြည့်တင်းနိုင်ရန် နည်းပြမိုယက်စ်က ကြိုးပမ်းခဲ့ရာ တိုက်စစ်မှူး ဘာရီကို ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

Ref : Liverpoolecho

Trs : ML

# အင်တာမီယာမီအသင်းက အေတီကိုအသင်းမှ ဒီပေါလ်ကို ခေါ်ယူနိုင်ရန် နီးစပ်နေ



**မီယာမီ ဇူလိုင် ၈**

မေဂျာလိဂ်ကလပ် အင်တာမီယာမီအသင်းက အေတီကိုအသင်းမှ ကွင်းလယ်ကစားသမား ဒီပေါလ်ကိုခေါ်ယူရန် ဆွေးနွေးမှုများလုပ်ဆောင်နေပြီး ခေါ်ယူနိုင်ရန်အတွက် နီးစပ်လျက်ရှိနေကြောင်း သိရသည်။

အင်တာမီယာမီ အသင်းသည် ဒေးဗစ်ဘက်ခမ်း ပူးတွဲပိုင်ဆိုင်သည့် အသင်းတစ်သင်းဖြစ်ပြီး ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်က အသင်းကို စတင်တည်ထောင်ခဲ့သော်လည်း နောက်ပိုင်းနှစ်များတွင် မက်ဆီအပါအဝင် ထိပ်တန်းကစားသမားများကို ခေါ်ယူပြီး အသင်းပုံရိပ်ကို မြှင့်တင်နေကာ ချန်ပီယံဆုများ ဆွတ်ခူးနိုင်ရန်အတွက် ထပ်မံဒီပေါလ်ကိုခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

အသက် ၃၁ နှစ်ရှိ ဒီပေါလ်သည် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်က အူဒီးနီးစ်အသင်းမှ အေတီကိုအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အဓိက ကစားသမားတစ်ဦးအဖြစ် ပါဝင်ကစားခဲ့သော်လည်း အေတီကိုအသင်းက လက်ရှိနွေရာသီ ကစားသမားအပြောင်းအရွှေ့ ကာလတွင် ရောင်းချရန်အတွက် ဆုံးဖြတ်ထားခြင်းဖြစ်သည်။

ဒီပေါလ်နှင့် လက်ရှိ အင်တာမီယာမီ အသင်းခေါင်းဆောင် မက်ဆီတို့သည် အာဂျင်တီးနားအသင်းဖော်များဖြစ်ပြီး ရင်းနှီးသည့် ဆက်ဆံရေးကောင်းများရှိသည့်အတွက် ဒီပေါလ်ကိုယ်တိုင်ကလည်း အင်တာမီယာမီအသင်းတွင် ကစားလိုနေသောကြောင့် အပြောင်းအရွှေ့ ဖြစ်မြောက်ရန် နီးစပ်နေခြင်းဖြစ်ကြောင်း သိရသည်။ **Ref : Fabrizio Romano**

**Trs : STA**

# World Boxing Cup လက်ဝှေ့ပြိုင်ပွဲတွင် ကာဇက်စတန်အသင်း ရွှေတံဆိပ်ဆု ရှစ်ခုထိ ဆွတ်ခူး

**အက်စတန်နာ ဇူလိုင် ၈**

ကာဇက်စတန်နိုင်ငံ အက်စတန်နာမြို့တွင် ကျင်းပနေသည့် World Boxing Cup လက်ဝှေ့ပြိုင်ပွဲတွင် အိမ်ရှင် ကာဇက်စတန်အသင်းက ရွှေတံဆိပ်ဆု ရှစ်ခုထိ ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ပြိုင်ပွဲတွင် ဝိတ်တန်းစုံ၌ နိုင်ငံပေါင်း ၃၁ နိုင်ငံမှ ကစားသမားပေါင်း ၄၀၀ ကျော်ထိ ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

ကာဇက်စတန်နိုင်ငံအနေဖြင့် လက်ရှိအချိန်အထိ ရွှေတံဆိပ်ဆု ရှစ်ဆုအပြင် ငွေတံဆိပ်ဆု လေးဆု၊ ကြေးတံဆိပ် လေးဆုအထိ ဆွတ်ခူးထားသည်။

World Boxing Cup လက်ဝှေ့ပြိုင်ပွဲအား ဇွန် ၃၀ ရက်ကတည်းက စတင် ကျင်းပနေခြင်းဖြစ်ပြီး ဝိတ်တန်း ၂၀ တန်းဖြင့် ကျင်းပနေခြင်းလည်းဖြစ်သည်။

ကာဇက်စတန်အသင်းအတွက် နောက်ဆုံးသော ရွှေတံဆိပ်ဆုအား ကီလို ၉၀ ကျော် ဝိတ်တန်းမှ အိုရယ်လ်လေးက ဂျာမနီနိုင်ငံ ကိုယ်စားပြု နီကီတာနှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး ဒိုင်အမှတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ကာဇက်စတန် အသင်းအတွက် အခြားသော ရွှေတံဆိပ်ဆုများအား ဆွတ်ခူးရယူပေးနိုင်ခဲ့သည့် ကစားသမားများမှာ နာဇမ်ကူဇိုင်ဘေ (၄၈ကီလိုဝိတ်တန်း)၊ မက်မွတ်ဆုဘိုင်ခန်း (၅၅ ကီလိုဝိတ်တန်း)၊ ဘက်ဇက် (၈၅ကီလိုဝိတ်တန်း)၊ ဗစ်တိုးရီးယား(၆၀ ကီလိုဝိတ်တန်း)၊ နာတာလျာ(၇၀ ကီလိုဝိတ်တန်း)၊ တက်ကန်ဘေ (၅၀ ကီလိုဝိတ်တန်း)နှင့် ဆာဘီကျန် (၇၅ ကီလိုဝိတ်တန်း)တို့ဖြစ်ကြကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**



# ဘိုင်ယန်မြူးနစ်အသင်းက နစ်ကိုးဝီလျံကို မခေါ်ယူနိုင်သည့်အတွက် တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်ကိုခေါ်ယူရန် ပစ်မှတ်ထား

**ဘာလင် ဇူလိုင် ၈**

ဘိုင်ယန်မြူးနစ် အသင်းက လက်ရှိနွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ဘီလ်ဘာအိုအသင်းမှ နစ်ကိုးဝီလျံကို ခေါ်ယူရန်အတွက် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့သည့်အတွက် မန်ယူအသင်းမှတိုက်စစ်မှူး ရက်ရှ်ဖို့ဒ်ကိုခေါ်ယူရန်အတွက် ပစ်မှတ်ထားနေကြောင်း သိရသည်။

ဘိုင်ယန်မြူးနစ်အသင်းသည် နစ်ကိုးဝီလျံကို ဘာစီလိုနာအသင်းနှင့် အပြိုင်ခေါ်ယူရန်အတွက် ကြိုးပမ်းခဲ့သော်လည်း နစ်ကိုးဝီလျံအနေဖြင့် အသင်းနှင့် ကာလရှည် သက်တမ်းတိုးစာချုပ် ချုပ်ဆိုပြီး အသင်းတွင်သာ ဆက်လက်ကစားရန်ဆုံးဖြတ်ခဲ့သည့်အတွက်မအောင်မြင်ခဲ့သောကြောင့် ရက်ရှ်ဖို့ဒ်ကို ပစ်မှတ်ထားနေခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် လက်ရှိနွေရာသီ ကစားသမား အပြောင်းအရွှေ့ ကာလတွင် အသင်းတောင်ပံ တိုက်စစ်နေရာ၌ ဆာနေးထွက်ခွာခဲ့သည့်အတွက် ၎င်း၏နေရာတွင် အစားထိုးရန် ကစားသမားရှာဖွေမှုများ လုပ်ဆောင်နေခြင်းဖြစ်သည်။

ရက်ရှ်ဖို့ဒ်သည် နည်းပြအာမိုရင်လက်အောက်တွင် ပွဲကစားခွင့်မရရှိသည့်အတွက် ပြီးခဲ့သည့် ဇန်နဝါရီ ကစားသမား အပြောင်းအရွှေ့ ကာလက အေဗီလာအသင်းထံ ရာသီဝက်အငှားစာချုပ်ဖြင့် ကစားခဲ့ပြီးအေဗီလာအသင်းကအပြီးသတ် စာချုပ် ချုပ်ဆိုခြင်းမရှိသည့်အတွက် အသင်းနှင့် ပြန်လည်ပူးပေါင်းရမည်ဖြစ်သည်။

မန်ယူအသင်းက ရက်ရှ်ဖို့ဒ်ကို လက်ရှိနွေရာသီ ကစားသမား အပြောင်းအရွှေ့ ကာလတွင် အပြီးသတ် ရောင်းချမည်ဖြစ်သောကြောင့် အသင်းသစ်ရှာဖွေရန်အတွက် ယခုလကုန်ထိ အသင်းထံမပူးပေါင်းရန် ခွင့်ပြုပေးထားကြောင်း သိရသည်။

**Ref : Fabrizio Romano**

**Trs : STA**

# Genesis Scottish Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကက်ဒီဖော်စတာနှင့်အတူ ပြိုင်ပွဲဝင်မည်ဖြစ်ကြောင်း မိုရီကာဝါပြောကြား



**အီဒင်ဘာ့ဂ် ဇူလိုင် ၈**

အမေရိကန် ဂေါက်သီးရိုက်ကစားသမား မိုရီကာဝါသည် စကော့တလန်နိုင်ငံတွင် ကျင်းပသွားမည့် Genesis Scottish Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ယနေ့တွင် အတည်ပြုခဲ့သည်။

မိုရီကာဝါသည် ပြိုင်ပွဲဝင်ရာတွင် ကက်ဒီအဖြစ် ဝါရင့်ကက်ဒီ ဖော်စတာနှင့်အတူ ပြန်လည်လက်တွဲသွားမည်ဖြစ်ပြီး ဖော်စတာသည် နာမည်ကြီး ကမ္ဘာ့အဆင့်ဂေါက်သီးရိုက် ကစားသမား အမြောက်အမြားဖြင့် လက်တွဲ အလုပ်လုပ်ခဲ့ဖူးသူလည်းဖြစ်သည်။

ဖော်စတာသည် ဘယ်လက်စ်တီရို့စ်၊ ဒါရင်ကလက်ခ်၊ သောမတ်စ်ဘွန်၊ ဖစ်ဇ်ပက်ထရစ်တို့၏ ကက်ဒီအဖြစ် လက်တွဲအလုပ်လုပ်ခဲ့ဖူးပြီး ယခုနှစ် အစောပိုင်းတွင် ဖစ်ဇ်ပက်ထရစ်နှင့် လက်တွဲဖြုတ်ခဲ့သူဖြစ်ကာ ယင်းနောက်ပိုင်း ကက်ဒီအဖြစ် ပထမဆုံးအကြိမ် ပြန်လည် လုပ်ကိုင်သွားမည်ဖြစ်ပြီး ကက်ဒီဖြစ်သူနှင့် လမ်းခွဲထားသော မိုရီကာဝါ၏ကမ်းလှမ်းမှုကို လက်ခံခဲ့ခြင်းဖြစ်သည်။

မိုရီကာဝါသည်လည်း ၂၀၂၅ ခုနှစ်အတွင်း ကက်ဒီမကြာခဏ အပြောင်းအလဲ ပြုလုပ်နေသူဖြစ်ပြီး ဖော်စတာသည် ၂၀၂၅ ခုနှစ်အတွင်း မိုရီကာဝါနှင့် လက်တွဲအလုပ်လုပ်မည့် လေးဦးမြောက်ကက်ဒီဖြစ်ကြောင်းလည်း သိရသည်။

မိုရီကာဝါက "၂၀၂၅ ခုနှစ်အတွင်း အပြောင်းအလဲလေးတွေ လုပ်ချင်တဲ့အတွက် ကက်ဒီအပြောင်းအလဲ လုပ်ခဲ့တယ်။ မကြာခင် စကော့တလန်မှာ ကျင်းပသွားမဲ့ Genesis Scottish Open ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာတော့ ကက်ဒီအဖြစ် ဖော်စတာနဲ့ လက်တွဲသွားမယ်။ မတူညီတဲ့အမြင်တွေနဲ့ ကွဲပြားခြားနားတဲ့ ကစားဟန်တွေနဲ့ ကစားနိုင်ဖို့အတွက် ဖော်စတာနဲ့ လက်တွဲ အလုပ်လုပ်သွားဖို့ ဆုံးဖြတ်ခဲ့တာ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

# ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ ဆားဘီးယားကစားသမား ဂျိုကိုဗစ် တက်ရောက်

**လန်ဒန် ဇူလိုင် ၈**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပနေသည့် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်နှင့် ဩစတြေးလျ တင်းနစ်ကစားသမား ဒီမီနောတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျိုကိုဗစ်က (၁-၆၊ ၆-၄၊ ၆-၄၊ ၆-၄)ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်သည် ဒီမီနောအား ပထမပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ရသော်လည်း ဒုတိယပွဲငယ်တွင် အကောင်းဆုံးပုံစံဖြင့် ပြန်ကစားနိုင်ခဲ့ကာ နောက်မှလိုက်ကစားခဲ့ပြီးမှ ပြတ်သားသည့်ရလဒ်များဖြင့် အနိုင်ရခဲ့သည်။

ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲ သက်တမ်းတစ်လျှောက် ချန်ပီယံဆုဖလား ဒုတိယအများဆုံးဆွတ်ခူးခဲ့သည့် ဂျိုကိုဗစ်သည် ဝင်ဘယ်ဒန် ချန်ပီယံဆုဖလား အများဆုံးဆွတ်ခူးထားသည့် ရော်ဂျာဖက်ဒဲရာ၏စံချိန်ကို အမီလိုက်နိုင်ရန် ဆုဖလားတစ်လုံးသာ လိုတော့သည့် အခြေအနေဖြစ်သည်။

ဂျိုကိုဗစ်က "ကျွန်တော့်အတွက်တော့ စိန်ခေါ်မှုများစွာနဲ့ ရင်ဆိုင်နေရတဲ့ အခြေအနေဖြစ်ပါတယ်။ ပထမပွဲငယ်မှာ ဘာမှကို တုံ့ပြန်ချိန်မရလိုက်ဘူး။ ဒီမီနောကစားသွားတာ အရမ်းကောင်းပါတယ်။ ပထမပွဲငယ်မှာ ပြတ်သားတဲ့ရလဒ်နဲ့ ရှုံးနိမ့်ခဲ့လို့ ဖိအားဝင်ခဲ့ရတယ်။ ဒါပေမဲ့လဲ အကောင်းဆုံးပုံစံနဲ့ ပြန်လာနိုင်ခဲ့ပြီး နောက်ကနေလိုက်ကစားခဲ့ရပေမဲ့လဲ ပွဲငယ်သုံးပွဲဆက်တိုက် အနိုင်ရခဲ့တဲ့အတွက် နောက်တစ်ဆင့်ကို တက်ရောက်ခွင့်ရခဲ့ပြီ" ဟု ပြောကြားခဲ့သည်။

ဂျိုကိုဗစ်သည် ကွာတားဖိုင်နယ်အဆင့်တွင် အီတလီတင်းနစ်ကစားသမား ကိုဘိုလီနှင့် ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

# မြတ်ဗုဒ္ဓ၏ တရားတော်မြတ်ဖြင့် ထုံလွှမ်းနေသော လမြတ်ဝါဆို

ကိုဘုန်း(ထုတ်လုပ်)



မြတ်စွာဘုရားက ပဉ္စဝဂ္ဂီငါးဦးကို ဓမ္မစကြာတရားဟောကြားနေပုံ။

ဝါဆိုလသည် မြန်မာပြက္ခဒိန်တွင် စတုတ္ထမြောက်လဖြစ်ပြီး နွေရာသီမှ မိုးရာသီအကူးကာလဖြစ်သော ဇွန်လ နှင့် ဇူလိုင်လတွင် ကျရောက်လေ့ရှိသည်။ ဝါဆိုလသည် ရက်ပေါင်း ၃၀ ရှိသော ရက်စုံသောလဖြစ်သည်။ ဝါထပ်သောနှစ်များတွင် ပထမဝါဆိုနှင့် ဒုတိယဝါဆို ဟူ၍ နှစ်မျိုးရှိ၏။ ဝါဆိုဟူသောစကားမှာ ပါဠိစကား "ဝါသ"မှ တိုက်ရိုက်လာသောစကားဖြစ်ပြီး "နေခြင်း"ဟုအဓိပ္ပာယ်ရသည်။ "ဆို" ဟူသည်မှာ "ရွတ်ဆိုခြင်း"ကိုခေါ်ဆိုသည်။ ထို့ကြောင့် ဝါတွင်းကာလအတွင်း ရဟန်းတော်များသည် ကျောင်း၌ နေပါမည်ဟု အဆိုပြုသောလကို ဝါဆိုလဟုခေါ်ဆိုသည်။ ဝါဆိုလကို ဝေဒကျမ်းအရဖြင့် ကရကဋ္ဌ ရာသီဟုခေါ်ဆိုပြီး အထိမ်းအမှတ်ပန်းမှာ ပုန်းညက်ပန်းဖြစ်ပြီး မုလေးပန်း၊ မိကျောင်းပန်းတို့လည်း ပွင့်ကြသည်။ ထို့ကြောင့် စာဆိုတော်ဦးမင်းကလည်း "ရနံ့ငယ်ဖြာ၊ ညှာတံကင်ဖူး၊ ပုန်းညက်ကယ် ခိုင်ပင်မင်း၊ သင်းပျံ့ပျံ့ကြူး" ဟူ၍ရေးဖွဲ့ခဲ့သည်။ ဝါဆိုလတွင် မိုးသည်းထန်စွာ ရွာသွန်းသဖြင့် လယ်ကွင်းပြင်တစ်ခုလုံးတွင် ရေများဖြင့် ဖွေးနေကြသည်။ ထို့ကြောင့် "ဝါဆိုဝါခေါင် ရေဖောင်ဖောင်" ဟုဆိုကြသည်။ ပုဂံခေတ်ကျောက်စာများတွင် ဝါဆိုလကို "မလွယ်တာ၊ မြွယ်တာ၊ နွယ်တာ၊ နွေတာ"ဟု အမျိုးမျိုးခေါ်ဝေါ်ရေးထိုးခဲ့ကြသည်။ "မြွယ်"ဆိုသည်မှာ လယ်မြေကို ခေါ်ဆိုခြင်းဖြစ်ပြီး "တာ"ဆိုသည်မှာ တိုင်းတာခြင်းဖြစ်သည်။ ထို့ကြောင့် လယ်ယာမြေကိုတိုင်းတာသော လဟူ၍လည်း သတ်မှတ်ကြသည်။ လယ်သမားများသည် ကောက်ပင်စိုက်ပျိုးမည့် လယ်ကိုအကွက်ငယ်များအဖြစ် တိုင်းတာ၍ ကန်သင်းတင်ခြင်းဖြစ်သည်။

ဝါဆိုလပြည့်နေ့၏ မြတ်သောဂုဏ်ဒြပ်ကိုးရပ်မှာ ဘုရားလောင်း ပဋိသန္ဓေယူသောနေ့ဖြစ်ခြင်း၊ ဘုရားလောင်း တောထွက်တော်မူသောနေ့ဖြစ်ခြင်း၊ ဓမ္မစကြာတရား စတင်ဟောတော်မူသောနေ့ဖြစ်ခြင်း၊ ရေ၊ မီးအစုံတို့ဖြင့် တန်ခိုးပြာဋိဟာကို ပြတော်မူသောနေ့ဖြစ်ခြင်း၊ ဘုရားအဖြစ်ကို ဝန်ခံတော်မူသောနေ့ဖြစ်ခြင်း၊ တရားရတနာစတင်ပေါ်ပေါက်သောနေ့ဖြစ်ခြင်း၊ သံဃာရတနာစတင်ပေါ်ပေါက်သောနေ့ဖြစ်ခြင်း၊ ပုထုဇဉ်မှ အရိယာခရီးသို့ စတင်ကူးပြောင်းခွင့်ကြုံလာသောနေ့ဖြစ်ခြင်း၊ "ဧဟိဘိက္ခု" ဟူသောစကားကိုစတင်ကြားရသောနေ့ဖြစ်ခြင်းတို့ဖြစ်ပါသည်။

**ပဋိသန္ဓေနေသောနေ့ဖြစ်ခြင်း**

"သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ မိန့်မြွက်ဝါဆို" ဟူသောစကားနှင့်အညီ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် တုသိတာနတ်ပြည်မှ နတ်သားအပေါင်းတို့က ဘုရားဖြစ်ရန်အချိန်တန်ပါပြီ ဟုလာရောက်ကာ တောင်းပန်ကြသောကြောင့် သေတကေတုနတ်သားအဖြစ်မှ စုတေပြီးနောက် မယ်တော်မာယာ၏ဝမ်းတွင်ဝယ် ဝါဆိုလပြည့်နေ့တွင် ပဋိသန္ဓေနေတော်မူသည်။

**တောထွက်တော်မူသောနေ့ဖြစ်ခြင်း**

ဖွားမြင်မြောက်သောအခါ သိဒ္ဓတ္ထမင်းသားဟု အမည်ရပြီး ဆယ့်ခြောက်နှစ်၌ ယသော်ဓရာမင်းသမီးနှင့် ထိမ်းမြားလက်ထပ်သည်။ သက်တော်နှစ်ဆယ့်ရှစ်နှစ်ရောက်သောအခါ သူအို၊ သူနာ၊ သူသေ၊ ရဟန်းဟူသော နိမိတ်ကြီးလေးပါးကို မြင်တော်မူကာ အိုခြင်းသဘောတရား၊ နာခြင်းသဘောတရား၊ သေခြင်းသဘောတရားတို့ကို သံဝေဂရပြီး အိုခြင်းကင်းရာ၊ နာခြင်းကင်းရာ၊ သေခြင်းကင်းရာ ရဟန်းတစ်ပါး၏ ချမ်းသာတရားကိုတွေးသိကာ တောထွက်ရန် ကြံစည်တော်မူပြီး ဝါဆိုလပြည့်နေ့ ညသန်းခေါင်ယံအချိန်တွင် ဖွားဖက်တော် ဆန္နအမတ်၊ ကဏ္ဍကမြင်းတို့နှင့် ဥရုဝေလတောသို့ ဉာဏ်အလင်းရောင်ရှာဖွေရန် တောထွက်တော်မူသည်။

မြတ်စွာဘုရားလောင်းသည် မဂဓတိုင်း ဂယာမြို့အနီး ဥရုဝေလတောဝယ် ခြောက်နှစ်တာကာလ ပတ်လုံး ဒုက္ကရစရိယာအကျင့်ကို ပင်ပန်းစွာကျင့်ကြံသော်လည်း တရားထူးကိုမရရှိခဲ့သဖြင့် အစွန်းလွတ်သောမဂ္ဂင် ရှစ်ပါးနည်းလမ်းသစ်ဖြင့်ကျင့်ကြံရာ မဟာသက္ကရာဇ် ၁၀၃ ခု ကဆုန်လပြည့်နေ့တွင် ဆရာမကူဘဲ သဗ္ဗညုတဉာဏ်တော်ကိုရရှိကာ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူပါသည်။ ဘုရားအဖြစ်သို့ ရောက်ရှိပြီးနောက် အားထုတ်ခဲ့သောတရားများနှင့် လောကကို ဆင်ခြင်ကြည့်သော် မိမိရရှိကျင့်ကြံထားသော တရားတို့သည် အလွန်သိမ်မွေ့နက်နဲခက်ခဲလွန်းနေသည်။ လောကလူသားတို့၏ အသိဉာဏ်ကား ကိလေသာအမှောင်တို့ဖြင့်သာ ထာဝစဉ်ပိတ်ဖုံးနေသဖြင့် ပုထုဇဉ်တို့ကိုဟောကြားရန် မတန်တဆ ခက်ခဲပင်ပန်းလိမ့်မည်ဟု ဆင်ခြင်နေစဉ် သဟမ္ပတိဗြဟ္မာမင်း၏ လျှောက်ထားတောင်းပန်ချက်အရ အဘယ်သူ့ကို တရားဦးဟောကြားအံ့နည်းဟု ဆင်ခြင်တော်မူလေသည်။ ထို့နောက် မိမိကိုလုပ်ကျွေးပြုစုခဲ့ဖူးသော ဗာရာဏသီမြို့အနီး မိဂဒါဝုန်တောဝယ်ရှိသော ပဉ္စဝဂ္ဂီငါးဦး (ပဉ္စ-ငါးခုငါးယောက်၊ ဝဂ္ဂီ-အစုအဖွဲ့)တို့ကို တရားဦးဟောကြားရန် ကြွချီတော်မူသည်။

**ဘုရားအဖြစ်ကို ဝန်ခံတော်မူသော နေ့ဖြစ်ခြင်း**

မြတ်စွာဘုရားက ပဉ္စဝဂ္ဂီငါးဦးကို မိမိဘုရားဖြစ်တော်မူကြောင်း မိန့်ကြားပြီး တရားနာယူကြရန် တစ်ဆက်တည်း တိုက်တွန်းသည်။ သို့သော် မယုံကြည်နိုင်ကြသဖြင့် သုံးကြိမ်သုံးခါ ငြင်းဆန်နေကြသည်။ မြတ်စွာဘုရားသည် ထိုငြင်းဆန်မှုကိုဘုရားဖြစ်ကြောင်း ထပ်မံသိစေပြီး နေမင်းကြီးဝင်လုဝင်ဆဲအချိန်၊ လမင်းကြီးမှာပြုလစ်စအခါသမယဖြစ်သော ဆည်းဆာညချမ်းအချိန်၌ မိဂဒါဝုန်တောအုပ်၌ တရားဦးခေါ် "ဓမ္မစက္ကပဝတ္တနသုတ္တံ"ကိုဟောကြားတော်မူသည်။

**ဓမ္မစကြာတရား စတင်ဟောတော်မူသောနေ့ဖြစ်ခြင်း**

မြတ်စွာဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြည့်ကျင့်ဆည်းပူးခဲ့သော ပါရမီတော်အဟုန်တို့ကြောင့် ရရှိခဲ့သည့် သဗ္ဗညုတရွှေဉာဏ်တော်စွမ်းအားဖြင့် ဓမ္မစကြာတရားတော်ကို ဟောဖော်ညွှန်ပြခဲ့ခြင်းဖြစ်သည်။ "ဓမ္မစက္ကပဝတ္တန"၏ အဓိပ္ပာယ်မှာ တရားတည်းဟူသော အသိစက်ကိုဖြစ်စေ၊ လည်စေတော်မူခြင်းဟုအဓိပ္ပာယ်ရသည်။ (ဓမ္မစက္က=တရားတော်၊ ပဝတ္တ=ဖြစ်စေ၊ လည်စေခြင်း)ဓမ္မစကြာတရားတော်သည် သစ္စာလေးပါးတရားကို ညွှန်းဆိုဟောကြားသောဒေသနာတော်ဖြစ်၍ ပိဋကသုံးပုံ၏ အနှစ်ချုပ်တရားဟု ဆိုထိုက်သည်။ "ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂ"ဟူသော ထိုသစ္စာလေးပါး မြတ်တရားတော်သည် "ဓမ္မစကြာတရားတော်"ပင်ဖြစ်သည်။ ဓမ္မစကြာတရားတော်ကို စိစစ်သုံးသပ်ကြည့်ပါလျှင် အစွန်းနှစ်ခုကိုရှောင်ကြဉ်၍ မဇ္ဈိမပဋိပဒါ အလယ်အလတ်လမ်းကျင့်သုံးရေးကို ညွှန်ကြားထားပြီး သစ္စာလေးပါးတရားကို သိမြင်စေရန်ဟောကြားထားသောကြောင့် ဗုဒ္ဓဝါဒ၏ တိကျခိုင်မာသော သဘောတရားကို တွေ့မြင်နိုင်ပါသည်။

**"ဧဟိဘိက္ခု"ဟူသောစကားကို စတင်ကြားရသော နေ့ဖြစ်ခြင်း**

ပဉ္စဝဂ္ဂီငါးပါးတို့သည် သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယ၊ စိတ်ထားပြည့်စုံနေသူများဖြစ်ကြလေရာ မြတ်စွာဘုရား၏ တရားတော်သည် ၎င်းတို့၏ နှလုံးသား၌တည်၍ အရှင်ကောဏ္ဍညသည် ပထမဦးဆုံး သောတာပန်တည်လေသည်။ ထိုနေ့သည် ဝါဆိုလပြည့်နေ့ဖြစ်သည်။ ထို့နောက် ဒေသနာကိုဆက်လက်ဟောပြတော်မူရာ ဝါဆိုလပြည့်ကျော်တစ်ရက်နေ့၌ အရှင်ဝပ္ပ၊ နှစ်ရက်နေ့၌ အရှင်ဘဒ္ဒိယ၊သုံးရက်နေ့၌ အရှင်မဟာနာမ်၊ လေးရက်နေ့၌ အရှင်အဿဇိတို့သည် အသီးသီးသောတာပန်တည်ကြပြီးပဉ္စဝဂ္ဂီအားလုံးကို "ဧဟိဘိက္ခု"ခေါ်ဆို၍ရဟန်းအဖြစ်သို့ရောက်ကြလေသည်။ ထို့နောက်ဝါဆိုလပြည့်ကျော် (၅)ရက်နေ့တွင် မြတ်စွာဘုရားသည် "အနတ္တလက္ခဏသုတ္တံ"ကို ဟောကြားတော်မူခဲ့ရာ ပဉ္စဝဂ္ဂီငါးပါးလုံး ရဟန္တာဖြစ်တော်မူကြသည်။

**ရေ၊ မီးအစုံတို့ဖြင့် တန်ခိုးပြာဋိဟာကိုပြတော်မူသော နေ့ဖြစ်ခြင်း**

မြတ်စွာဘုရားရှင် ခုနစ်ဝါမြောက်တွင် ဒိဋ္ဌိတို့က သာသနာတော်ကို ထိပါးနှောင့်ယှက်လာခဲ့သည်။ ဒိဋ္ဌိတို့မှ သာသနာတော်ကိုကြည်ညိုလေးစားစေရန်နှင့် လူအများတို့ကို သဒ္ဓါတရားပွားများနိုင်စေရန် အလို့ငှာ မဟာသက္ကရာဇ် ၁၁၀ ပြည့်နှစ်တွင် သာဝတ္ထိပြည်အနီးရှိ သရက်ဖြူပင်ရင်း၌ ရေ၊ မီးအစုံတည်းဟူသောတန်ခိုးပြာဋိဟာကို ဆန်းပြားစွာပြတော်မူခဲ့ပါသည်။

**သံဃာတော်များဝါဆိုဝါကပ် ပြုတော်မူသောလ**

ဝါဆိုလတွင် ဝါဆိုလပြည့်နေ့မှစ၍ သီတင်းကျွတ်လပြည့်နေ့ထိ ရဟန်း၊ သံဃာတို့သည် သုံးလတိုင် မည်သည့်အရပ်ကိုမျှ ညအိပ်သွားရောက်ခြင်းမပြုဘဲ ဝါဆိုဝါကပ်ပြုတော်မူသောလဖြစ်သည်။ အကယ်၍မဖြစ်မနေသာရေး၊ နာရေးကိစ္စများအတွက် ခရီးသွားလိုပါက ဝါတော်ရဆရာတော်ကြီးများထံတွင်ဝါပန်ကာ ခုနစ်ရက်ထိ ခရီးသွားလာနိုင်သည်။ ဝါဆိုရန်နီးကပ်သည့်အချိန်၌ဖြစ်စေ၊ ဝါတွင်းကာလ၌ဖြစ်စေ လှူဒါန်းသည့် သင်္ကန်းကို ဝါဆိုသင်္ကန်းဟုခေါ်သည်။ မိုးတွင်းကာလဖြစ်သောကြောင့် ရဟန်းတော်များ၏ ဝတ်ရုံတော်များမှာ မကြာခဏလဲလှယ်ရသဖြင့် သင်္ကန်းများ လိုအပ်သောအချိန်ဖြစ်ရာ ထိုကာလ၌ ကပ်လှူသောသင်္ကန်းကို ကာလဒါနသင်္ကန်း၊ ရေစိုသင်္ကန်း၊ ရေစိုခံသင်္ကန်းဟုလည်းခေါ်ဆိုသည်။ ထို့ပြင် ဗုဒ္ဓဘာသာဝင်လူငယ်လူရွယ်တို့သည် ဝါဆိုလတွင်ဖူးပွင့်ကြသည့် ပန်းများဖြင့် ဘုရားစေတီများတွင် သွားရောက်လှူဒါန်းခြင်း၊ ဘုရားတွင်ကပ်လှူပူဇော်ခြင်း စသည့်ကုသိုလ်ကောင်းမှုများကို ပြုလုပ်လေ့ရှိကြသည်။

ဝါဆိုလသည် သာသနာရေးဆိုင်ရာလုပ်ဆောင်မှုအများဆုံးလတစ်လဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တို့သည် ဝါတွင်းကာလတွင် အလှူဒါနပြုလုပ်ခြင်းများ၊ သီလဆောက်တည်ခြင်းနှင့် ဝါဆိုသင်္ကန်းကပ်လှူခြင်းများကို ဆောင်ရွက်ကြသည်။ ဝါဆိုလပြည့်

❖ဝါဆိုလပြည့်နေ့၏ မြတ်သောဂုဏ်ဒြပ်ကိုးရပ်မှာ ဘုရားလောင်း ပဋိသန္ဓေယူသောနေ့ဖြစ်ခြင်း၊ ဘုရားလောင်းတောထွက်တော်မူသောနေ့ဖြစ်ခြင်း၊ ဓမ္မစကြာတရားစတင်ဟောတော်မူသောနေ့ဖြစ်ခြင်း၊ ရေ၊ မီးအစုံတို့ဖြင့် တန်ခိုးပြာဋိဟာကို ပြတော်မူသောနေ့ဖြစ်ခြင်း၊ ဘုရားအဖြစ်ကို ဝန်ခံတော်မူသောနေ့ဖြစ်ခြင်း၊ တရားရတနာစတင်ပေါ်ပေါက်သောနေ့ဖြစ်ခြင်း၊ သံဃာရတနာစတင်ပေါ်ပေါက်သောနေ့ဖြစ်ခြင်း၊ ပုထုဇဉ်မှ အရိယာခရီးသို့ စတင်ကူးပြောင်းခွင့်ကြုံလာသောနေ့ဖြစ်ခြင်း၊ "ဧဟိဘိက္ခု"ဟူသောစကားကို စတင်ကြားရသောနေ့ဖြစ်ခြင်းတို့ဖြစ်ပါသည်။ ❖

ဓမ္မစကြာအခါတော်နေ့တွင်သာမက ဝါတွင်းသုံးလ ဥပုသ်နေ့တိုင်း ဘုရား၊ စေတီရင်ပြင်တို့၌ ဓမ္မစကြာတရားတော်ကို ဝတ်အသင်းသူ၊ အသင်းသားတို့ ရွတ်ဖတ်ပူဇော်မှုများ ပြုလုပ်ကြသည်။ ထို့ကြောင့် မြတ်ဗုဒ္ဓ၏ တရားတော်မြတ်ဖြင့် ထုံလွှမ်းနေသော လမြတ်ဝါဆိုတွင် ကုသိုလ်ကောင်းမှုပြုရင်း ကျောင်းကန်ဘုရားသို့ သွားရောက်၍ ဝါဆိုပန်းများကပ်လှူခြင်း၊ ဝါဆိုသင်္ကန်းများ လှူဒါန်းခြင်း၊ ဓမ္မစကြာတရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းများဖြင့် ဝါဆိုလပြည့် "ဓမ္မစကြာအခါတော်နေ့"ကို ဆင်နွဲပြုလုပ်ကြပါစို့ဟု နှိုးဆော်ရေးသားလိုက်ရပါသည်။

# More than 1,000 acres of maize and sweet corns planted in Kyaukmyaung Sub-Township



A maize plantation in Kyaukmyaung Sub-Township.

**Kyaukmyaung July 8**

According to the Sub-Township Agriculture Department, farmers from Kyaukmyaung Sub-Township of Shwebo District in Sagaing Region have planted more than 1,000 acres of maize and sweet corns during this monsoon.

Local authorities earmarked cultivation of 3,579 acres of maize and 3,653 acres of sweet corns in Kyaukmyaung Sub-Township in 2025-26 cultivation season but local farmers have so far planted 952 acres of maize and 1,003 acres of sweet corns, totalling 1,955 acres.

Daw Khin Win, Head of Kyaukmyaung Sub-Township Agriculture Department, said: “Local authorities set a plan to grow more than 7,000 acres of maize and sweet corns in the sub-township this monsoon. Local farmers have planted more than 1,000 acres of crops so far. Our department helps local farmers meet the target cultivation. Moreover, we provide agricultural knowledge to thrive crops and prevent pests.”

The department conducts training courses for local farmers to raise their capacity for cultivation of maize and sweet corns, holds field demonstration, prevent FAWs and make natural pesticides made of neem, ginger and chilli.

In the sub-township, maize can yield more than 50 baskets per acre and local farmers need to cost K500,000 per acre of cultivation. Sweet corns yield 15,000 ears per acre and it costs more than K500,000 acre. 206

# Farmers plant more than 20,000 acres of green gram in KhinU Township

**KhinU July 8**

Statistics of KhinU Township Agriculture Department stated that local farmers placed more than 20,000 acres of croplands under monsoon green gram in KhinU Township of Sagaing Region this year.

Local authorities earmarked cultivation of 63,225 acres of monsoon green gram in the township in 2025-26 monsoon but farmers planted a total of 20,874 acres of crops from May to date.

U Nay Win Naing, Head of KhinU Township Department of Agriculture, disclosed: “Local authorities earmarked cultivation of more than 63,000 acres of rain-fed green gram in KhinU Township. So far, farmers have planted more than 20,000 acres of crops against the target cultivation. Our department assists in cultivation of rain-fed green gram in the township. Moreover, we urged local farmers to expand sown acreage of green gram and use quality strains of crops.”

This year, the Agriculture Department raises farmer awareness about use of quality seeds of crops, correct agricultural techniques, prevention of pests, systematic broadcasting of fertilizers and boosting of per-acre yield of crops.

Moreover, the departmental officials provide quality seeds, agricultural inputs and post-harvest technologies for local farmers to ensure convenience in working process. 206



A green gram plantation in KhinU Township.

# Dabayin Township cultivates more than 10,000 acres of rain-fed pigeon pea this year

**Dabayin July 8**

Local farmers have finished cultivation of more than rain-fed pigeon pea in Dabayin Township of Sagaing Region, according to YeU District Agriculture Department.

In 2025-26 monsoon cultivation season, local authorities earmarked cultivation of 20,201 acres of rain-fed green gram in Dabayin Township but farmers have planted 10,017 acres of crops against the target cultivation.

U Zaw Myint Tun, Head of YeU District Agriculture Department, commented: “Local farmers have so far planted more than 10,000 acres of pigeon pea against the target of more than 20,000 acres in Dabayin Township. Our department helps local farmers meet the target cultivation and boost per-acre yield of crops. Local farmers cultivate crops as a separate crop as well as a mixed-crop in other plantations.”

Officials of the Township Agriculture Department distribute techniques of using quality seeds, correct agricultural technology, prevention of pests and boosting per-acre yield of crops.

Moreover, officials of the department share techniques of making natural fertilizers and pests with local farmers in order to reduce purchase of fertilizers and pests and cut agricultural costs.

206

# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Pwintbyu Township plants more than 12,000 acres of rain-fed sesame

**Pwintbyu July 8**

Local farmers have so far planted 12,955 acres of rain-fed sesame in Pwintbyu Township of Magway Region, according to the Township Agriculture Department.

In Pwintbyu Township, it is reported that during this year’s monsoon cropping season, a target has been set to cultivate 24,720 acres of rain-fed sesame. Planting began in the first week of June, and as of today, a total of 12,995 acres have already been planted.

"This year, the plan is to cultivate 24,720 acres of sesame in Pwintbyu Township during the monsoon season. So far, a total of 12,995 acres have been completed. We are collaborating with farmers to ensure the full targeted acreage is planted. To achieve good yields and high-quality sesame, we will be conducting agricultural awareness and training programs," said Daw Moe Moe Wai, the head of the Pwintbyu Township Department of Agriculture.

It is also known that during this monsoon season, the Department of Agriculture is working together with local sesame farmers to achieve the full cultivation target. This includes efforts to ensure good yields, promote the use of quality and regionally suitable sesame varieties, apply correct cultivation methods, and prevent pest and disease outbreaks through agricultural education programs.

Daw Moe Moe Wai added that if sesame can be cultivated successfully with improved yields, it will not only satisfy local oil consumption needs but also allow for the export of surplus production, which in turn can contribute to local socio-economic development. Therefore, efforts should be made across all regions to expand sesame cultivation.

Ye Win Naing (NyaungU)

# Danuphyu Township sells 75,000 bags of Ziya rice to Yangon Market in June


Bags of rice being stockpiled in a warehouse.

**Danuphyu July 8**

A total of 75,000 bags (24-pe* sacks) of Ziya rice from Danuphyu Township, Ayeyarwady Region, were exported and sold to the Yangon market in June, according to Daw Thin Thin Aye, a rice trading center operator in Danuphyu Township.

In May of this year, only 70,000 bags of 24-pe Ziya rice were shipped to Yangon. However, from June 1 to June 30, exports increased to 75,000 bags.

"Last month, a large quantity of Ziya rice was sent to the Yangon market. Agricultural products from Danuphyu are mostly exported to Yangon. This type of Ziya rice is known for its good taste, and demand from Yangon has been strong, leading to increased shipments," said Daw Thin Thin Aye.

She added, "Compared to other rice varieties in the Yangon market, Ziya rice is in higher demand."

Currently, each 24-pe bag of Ziya rice from Danuphyu is being sold for up to 97,000 kyats in Yangon. Due to the high demand, farmers, traders, porters, and truck rental businesses are benefiting from increased job opportunities.

Kyaw Kyaw Lin

# More than 10,000 acres of rain-fed paddy planted in Wakema Township this year

**Wakema July 8**

A total of 11,023 acres of rain-fed paddy was planted in Wakema Township of Ayeyawady Region this year, said Daw Khin Htay Myint, the Head of Myaungmya District Agriculture Department.

This year, local authorities earmarked cultivation of 213,216 acres of rain-fed paddy in Wakema Township but local farmers have so far planted 11,023 acres of paddy against the target cultivation. Local farmers continue cultivation of paddy to meet the target cultivation.

"In Wakema Township, rain-fed paddy is planned to be cultivated across up to 213,216 acres. So far, over 11,000 acres have already been cultivated, and planting continues on the remaining acres. Even before the actual planting begins, agricultural technologies are being implemented in advance to support rain-fed paddy cultivation. Furthermore, relevant departments are coordinating to supply the necessary fertilizers to farmers to ensure good paddy yields. Field-level technical support is also being provided to help farmers use fertilizers in accordance with recommended agricultural practices. Efforts are also being made to ensure both yield and quality of the paddy," said Daw Khin Htay Myint.

It is reported that in Wakema Township, efforts are underway to ensure all planned rain-fed paddy areas are fully cultivated with collaborative efforts from local farmers, the Department of Agriculture, the Irrigation and Water Utilization Management Department, the Agricultural Mechanization Department, the Irrigation Department, and local administrative bodies.

This year, high-yielding paddy varieties have been selected for cultivation. The Department of Agriculture is supporting the use of fertilizers and modern farming techniques. Varieties such as "Hsinthukha" and "Theehtetyin" are being grown. According to farmer U Kyaw Swe from Wakema Township, the weather has also been favourable this monsoon season, allowing smooth cultivation without major difficulties.

Local farmers will grow paddy strains such as Hsinthukha, Manaw Thukha, GW11, GW1 Pawsan, Hnanka, Pakhan and others in Wakema Township to meet the target cultivation of 213,216 acres. These paddy varieties are suitable for the regions.

Kyaw Kyaw Lin

# Groundnut seeds marketable in Maubin Township

**Maubin July 8**

Groundnut seeds are in high demand in the market of Maubin Township of Ayeyawady Region, said Daw Myat May, the owner of pulses and beans trading in Maubin Township.

In Maubin Township's bean market, since the second week of June this year until now, the buying and selling of groundnut seeds have become more active. This improvement in groundnut seed trading is reportedly due to increased purchasing by businesses that produce groundnut oil.

"Apart from local groundnut seeds, summer groundnut seeds from other regions are also entering the market now. Currently, the market price for groundnut seeds has reached up to 24,000 kyats per basket. As groundnut oil production is doing well, the trading of groundnut seeds has also improved. There is potential for the trade to get even better. Until the new summer groundnut harvest arrives, the trade is expected to remain strong. With the current demand for groundnut seeds, farmers are generally satisfied, and both laborers and merchants are also doing well," said Daw Myat May.

Food product dealers in Maubin Township are purchasing groundnut seeds to process them into various products such as groundnut cooking oil, groundnut snacks, and groundnut shells. These are then systematically packaged and transported for sale to other regions.

Kyaw Kyaw Lin

# Yemen's Houthis say Liberian-flagged bulk carrier sinks in Red Sea

**Sanaa July 8**

Yemen's Houthi group said Monday that the Liberian-flagged bulk carrier MAGIC SEAS it attacked on Sunday sank completely in the Red Sea.

"The ship MAGIC SEAS sank completely in the depths of the Red Sea after our armed forces targeted it," Houthi military spokesperson Yahya Sarea said in a statement aired by Houthi-run al-Masirah TV, adding that the attack was a response to the shipowner's "repeated violations" of the Houthi ban on entry to Israeli ports.

"The latest of these violations was the entry of three of the company's ships into occupied Palestinian ports last week, despite warnings from our naval forces," Sarea said.

"The moments of the sinking are documented in audio and videotape," he said.

Meanwhile, the Foreign Ministry of the United Arab Emirates said in a statement that the Gulf country had rescued all 22 people, including crew members and security staff, from MAGIC SEAS after it was attacked in the Red Sea.

On Sunday, Britain's Maritime Trade Organization reported on social media platform X that a vessel came under attack 51 nautical miles southwest of Yemeni port city of Hodeidah, after multiple small boats surrounded it and opened fire using small arms and self-propelled grenades. It also said that the vessel's armed security team shot back.

Xinhua

# Trump says to impose 25-pct tariffs on Japan, ROK

**New York July 8**

U.S. President Donald Trump said Monday on social media that 25-percent tariffs will be imposed on imports from Japan and the Republic of Korea (ROK), respectively, beginning Aug. 1.

In his letters addressed to the ROK president and the Japanese prime minister that he posted on Truth Social, Trump said the new tariffs will be separate from all other sectoral tariffs.

In the almost identical letters, Trump said, "Please understand that the 25% number is far less than what is needed to eliminate the Trade Deficit disparity we have with your Country."

Trump warned that if the two countries raise their tariffs in response, the United States will increase its tariffs by the same amount.

"As you are aware, there will be no Tariff if Korea, or companies within your Country, decide to build or manufacture product within the United States and, in fact, we will do everything possible to get approvals quickly, professionally, and routinely -- In other words, in a matter of weeks," Trump wrote in one of the letters.


Xinhua



White House Press Secretary Karoline Leavitt showcases U.S. President Donald Trump's letter to the Japanese prime minister during a press briefing at the White House in Washington, D.C., the United States, on July 7, 2025.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## MBDA ကုမ္ပဏီက အီတလီကြည်းတပ်အတွက် FULGUR ပခုံးထမ်းလေကြောင်းရန်ကာကွယ်ရေးဒုံးကျည်ကို တီထွင်ထုတ်လုပ်ခဲ့



အီတလီ MBDA ကုမ္ပဏီသည် နောက်ဆုံးပေါ်လေကြောင်းရန်ကာကွယ်ရေးဆန်းသစ်တီထွင်မှုအနေဖြင့် အီတလီကြည်းတပ်အတွက် FULGUR ပခုံးထမ်းလေကြောင်းရန် ကာကွယ်ရေးဒုံးကျည်များ တီထွင်ထုတ်လုပ်ခဲ့ကြောင်း Army Recognition သတင်းဌာနက ဇူလိုင် ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါစနစ်ကို ယခုနှစ် ဇွန်လတွင် ပြုလုပ်ကျင်းပခဲ့သည့် Paris Air Show လေကြောင်းပြပွဲ၌ အီတလီကြည်းတပ်နှင့် အီတလီအခြေစိုက် MBDA ကုမ္ပဏီတို့ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၈ ခုနှစ်တွင် ကနဦးလွှဲပြောင်းပေးပို့မှုများ ပြုလုပ်နိုင်ရန်စီစဉ်ထားသည်။ အမေရိကန်နိုင်ငံထုတ် FIM-92 Stinger ပခုံးထမ်းဒုံးကျည်နေရာတွင် အဆင့်မြှင့်တင်ရန် အစားထိုးသွားမည့် FULGUR ပခုံးထမ်းလေကြောင်းရန် ကာကွယ်ရေးဒုံးကျည်သည် ပခုံးထမ်းဒုံးလေကြောင်းရန် ကာကွယ်ရေး (MANPADS) နယ်ပယ်တွင် တစ်ခေတ် ဆန်းသစ်လာခဲ့ခြင်းဖြစ်သည်။

Stinger ပခုံးထမ်းဒုံးကျည်စနစ်နှင့် နှိုင်းယှဉ်ပါက FULGUR စနစ်သည် နည်းပညာနှင့် စစ်ဆင်ရေးဆိုင်ရာဝိသေသလက္ခဏာများတွင် အဆင့်မြင့်မားကောင်းမွန်လာခဲ့သည်။ ၎င်းတွင် အကွာဝေး ၅ ကီလိုမီတာအတွင်း ပစ်မှတ်များကို အချိန်တိုအတွင်း လျင်မြန်စွာတုံ့ပြန်တိုက် ခိုက်နိုင်စွမ်း ရှိစေမည်ဖြစ်သည်။ FULGUR တွင် ပုံရိပ်ဖော်အနီအောက်ရောင်ခြည်အပေါ် အခြေခံထားသည့် မျိုးဆက်သစ်အာရုံခံကိရိယာ electro-optical seeker တပ်ဆင်အသုံးပြုထားသည်။ FULGUR ပခုံးထမ်းဒုံးကျည်စနစ်ကို နည်းဗျူဟာမြောက်ကျယ်ပြန့်စွာ တပ်ဖြန့် အသုံးပြုနိုင်စေမည်ဖြစ်ကာ စစ်မြေပြင်များတွင် အပြန်အလှန်တိုက်ပွဲဝင်လုပ်ဆောင်နိုင်မှုကို သေချာစေမည်ဖြစ်သည်။

FULGUR ပခုံးထမ်းဒုံးကျည်သည် ခန့်မှန်းခြေအားဖြင့် အလေးချိန် ၁၀ ကီလိုဂရမ်၊ အလျား ၁ ဒသမ ၅ မီတာနှင့် အချင်း ၇၀ မီလီမီတာရှိသည့် အသံထက်မြန်သော စူပါဆောနစ်ဒုံးကျည်အမျိုးအစားဖြစ်သည်။ အများဆုံးအကွာအဝေး ၅ ကီလိုမီတာ အတွင်းမြန်နှုန်းမြင့်တိုက်ခိုက်နိုင်မှုကြောင့် အချိန်တိုအတွင်း တုံ့ပြန်နိုင်မည်ဖြစ်ကာ မျိုးဆက်သစ်အာရုံခံကိရိယာ electro-optical seeker အသုံးပြုထားသည့်အတွက် ပစ်မှတ်ရှာဖွေထောက်လှမ်းခြင်းနှင့် ခြေရာခံထိန်းကျောင်း တိုက်ပွဲဝင်နိုင်ခြင်းစွမ်းရည်များ ပိုမိုမြင့်မားကောင်းမွန်မှုနှင့်အတူ ရာသီဥတုမရွေး တိုက်ပွဲဝင်နိုင်စွမ်းရှိမည်ဖြစ်သည်။

ယခုနှစ် Paris Air Show လေကြောင်းပြပွဲအတွင်း MBDA ကုမ္ပဏီ၏ပြခန်းတွင် FULGUR ဒုံးကျည်၏စကေးကိုက်ပုံစံတူကို ထုတ်ဖော်ပြသခဲ့သည်။ FULGUR ပခုံးထမ်းဒုံးကျည်ကို တီထွင်ထုတ်လုပ်နိုင်ခဲ့မှုသည် အီတလီကြည်းတပ်အတွက် မဟာဗျူဟာမြောက်အပြောင်းအလဲကို ကိုယ်စားပြုနေပြီး ခေတ်မီလေကြောင်း ခြိမ်းခြောက်မှုမျိုးစုံကို ဖြေရှင်းနိုင်သည့် စွမ်းဆောင်ရည်မြင့်ကာကွယ်ရေးဖြေရှင်းချက်များတွင် ရင်းနှီးမြှုပ်နှံရန်ရည်ရွယ်ချက်ကို အခိုင်အမာဖော်ပြလျက်ရှိကြောင်း သိရသည်။

**Exclusive: New FULGUR portable air defense missile to equip Italian Army replacing U.S. Stinger by 2028.ကို ဘာသာပြန်ဆိုထားပါသည်။**

## အိန္ဒိယနိုင်ငံ၏ကာကွယ်ရေးလုပ်ငန်းများ မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်ရန် အိန္ဒိယကုမ္ပဏီနှင့်အမေရိကန်ကုမ္ပဏီ လက်မှတ်ရေးထိုးခဲ့



အိန္ဒိယကုမ္ပဏီ Reliance Defense သည် အိန္ဒိယတပ်မတော်၏ ကြံ့ခိုင်ထိန်းသိမ်းရေး၊ ပြုပြင်ရေးနှင့် အလုံးစုံပြင်ဆင်ရေး(MRO) လိုအပ်ချက်များဖြစ်သည့် ကာကွယ်ရေးလုပ်ငန်းများ မဟာဗျူဟာမြောက် ပူးတွဲဖြေရှင်းရန် အမေရိကန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ တရားဝင်ခွင့်ပြုထားသော ကန်ထရိုက် တာကုမ္ပဏီ Coastal Mechanics Inc. (CMI) နှင့် သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်း Army Recognition သတင်းဌာနက ဇူလိုင် ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

သဘောတူညီချက်တွင် အိန္ဒိယစစ်ဘက်မှ လက်နက်စနစ်များအတွက် ဝန်ဆောင်မှုပေးခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့် သက်တမ်းတိုးမြှင့်ခြင်းများလုပ်ဆောင်ရန်ဖြစ်ပြီး အိန္ဒိယလေတပ်ရှိ ရုရှားနိုင်ငံထုတ် MiG-29 တိုက်လေယာဉ်များလည်း ပါဝင်နေသည်။

အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၄ ဘီလီယံတန်ဖိုးရှိ အဆိုပါပူးပေါင်းဆောင်ရွက်မှုတွင် MiG-29 အစင်းရေ ၁၀၀ ကျော်၊ Jaguar တိုက်ခိုက်ရေးလေယာဉ် ၁၀၀ ကျော်၊ အိန္ဒိယကြည်းတပ်သုံး Apache AH-64 တိုက်ခိုက်ရေးရဟတ်ယာဉ်များနှင့် L-70 လေကြောင်းရန်ကာကွယ်ရေး အမြောက်အမြားပါဝင်နေသည်။ အဆိုပါပဏာမခြေလှမ်းတွင် Maharashtra ပြည်နယ်၊ Nagpur မြို့ရှိ Multi-Modal International Cargo Hub သို့မဟုတ် MIHAN လေဆိပ်စီမံကိန်းကြီးတွင် သီးသန့်နှစ်နိုင်ငံ ဖက်စပ်လုပ်ငန်းစက်ရုံတည်ဆောက်သွားမည်ဖြစ်ကာ အိန္ဒိယနှင့်ပြည်ပထုတ် ကာကွယ်ရေးပစ္စည်းများအတွက် အဆင့်မြှင့်တင်ခြင်းဝန်ဆောင်မှုများကို အပြည့်အဝပံ့ပိုးပေးသွားနိုင်မည်ဖြစ်သည်။ အဆိုပါသဘောတူညီချက်သည် ရှိနှင့်ပြီးသား လက်နက်စနစ်များကို အပြည့်အဝ အစားထိုးခြင်းနှင့် စွမ်းဆောင်ရည်ပိုင်းအဆင့်မြှင့်တင်ခြင်းသို့ပြောင်းလဲရန် အိန္ဒိယနိုင်ငံ၏ကျယ်ကျယ်ပြန့်ပြန့် ကြိုးပမ်းအားထုတ်လာခြင်းလည်းဖြစ်သည်။

အဆိုပါ ပူးပေါင်းဖက်စပ်လုပ်ငန်းဆောင်ရွက်မှုတွင် Reliance Defense နှင့် Coastal Mechanics တို့သည် ရုရှားနိုင်ငံမှ မူရင်းထုတ်လုပ်သူကုမ္ပဏီ(OEM)ကို တိုက်ရိုက်မှီခိုခြင်းမရှိဘဲ reverse-engineered နည်းပညာဖြင့် ထုတ်လုပ်ထားသည့်စနစ် အစိတ်အပိုင်းများ၊ ပြည်တွင်းထုတ် အစိတ်အပိုင်းများနှင့် အံ့ဝင်ခွင်ကျဖြစ်စွာ ခေတ်မီ၊ အဆင့်မြှင့်တင်မှုများအပေါ် အာရုံစိုက်ထားသည်။ ဤချဉ်းကပ်မှုသည် အပိုပစ္စည်းမရရှိနိုင်မှု၊ ပင်ရင်းရုရှားနိုင်ငံထံမှ အုပ်ချုပ်ထောက်ပံ့ပို့ဆောင်ရေးနှောင့်နှေးမှုများနှင့် ယခင်ဆိုဗီယက်ခေတ်ထုတ်စနစ်ဟောင်းများအတွက် အိန္ဒိယနိုင်ငံရှိ ထောက်ပံ့ရေးကွင်းဆက်များ၌ တွေ့ကြုံလာရသည့် ကန့်သတ်ချက်များကို ကိုင်တွယ်ဖြေရှင်းရန် မျှော်မှန်းထားသည်။ ကုမ္ပဏီနှစ်ခုပူးပေါင်းဆောင်ရွက်မှုဖြင့် အိန္ဒိယလေတပ်(IAF)သည် MiG-29 တိုက်လေယာဉ်များ၏ တိုက်ပွဲဝင်လုပ်ဆောင်နိုင်မှုသက်တမ်းကို ထပ်မံတိုးမြှင့်စေနိုင်မည်ဖြစ်ပြီး ခေတ်မီစေမည်ဖြစ်သည်။ ကုမ္ပဏီများမှမျှဝေထားသောအချက်အလက်များအရ ပူးပေါင်းမှုလုပ်ငန်းသည် အထူးသဖြင့် ဈေးကွက်တွင် ရှာရခက်ခဲသောအစိတ်အပိုင်းများအတွက် နှစ်နိုင်ငံရှိ အရင်းအမြစ်နှစ်ခုစလုံးကို အသုံးပြု၍ MRO လုပ်ငန်းစဉ်နှင့် ရေရှည်အသုံးပြုနိုင်မှုတို့ကို ပံ့ပိုးပေးနိုင်မည်ဖြစ်သည်။ Su-30MKI နှင့် Mi-17 ရဟတ်ယာဉ်များကိုလည်း ယခုပူးပေါင်းမှုလုပ်ငန်းစာရင်းထည့်သွင်းသွားရန် မျှော်လင့်ထားပြီး ပြည်ပနိုင်ငံများအထိပါ ဝန်ဆောင်မှုပေးနိုင်ရန် ကြံဆထားသည်။

MiG-29 တိုက်လေယာဉ်များ ခေတ်မီအဆင့်မြှင့်တင်ရေးအပြင် အိန္ဒိယနိုင်ငံသည် ၎င်း၏တိုက်လေယာဉ်အုပ်များ၏သက်တမ်းတိုးမြှင့်ရန်အတွက် လေယာဉ်အဆင့်မြှင့်တင်မှုအစီအစဉ်များစွာကို စဉ်ဆက်မပြတ်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**company to modernize 100 Russian MiG-29 fighter jets used by Indian Air Force in strategic agreement ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၃၁၂၁၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဇူလိုင် ၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၃၁၂၁၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၄၃၀၂၀ စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် မေလပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၃၁၂၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ နှမ်းဧက ၄၃၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်" ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထားသည့် သီးနှံများထက် အရည်အသွေး ပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ အထွက်နှုန်းကောင်းမွန်ခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများရရှိခြင်းတို့ကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့် တောင်သူများအနေဖြင့် အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ ၎င်းတို့၏ လူမှုစီးပွားဘဝများပါ တိုးတက်လာမည် ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

# ပွင့်ဖြူမြို့နယ်တွင် နွေစပါး ၂၁၀၆ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ် တစ်ဧကလျှင် ၁၀၄ ဒသမ ၆၂ တင်းခန့် ထွက်ရှိ



**ပွင့်ဖြူ ဇူလိုင် ၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါး ၂၁၀၆ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၀၄ ဒသမ ၆၂ တင်းခန့်ထွက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ပြည်တွင်းစားနပ်ရိက္ခာဖူလုံစေရေးအတွက် စပါး ၁၂၁၄၂ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ စပါးစိုက်ခင်းများကို ယခုနှစ် ဇွန်လကုန်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၂၁၀၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကာ တစ်ဧကလျှင် ၁၀၄ ဒသမ ၆၂ တင်းခန့် ထွက်ရှိကြောင်း သိရသည်။

"ပွင့်ဖြူမြို့နယ်မှာ နွေသီးနှံစိုက်ပျိုးရာသီက စပါး ၁၂၁၄၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဇွန်လကုန်မှစပြီး နွေစပါးစိုက်ခင်းတွေကို စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၂၁၀၆ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နွေစပါးစိုက်ပျိုးတောင်သူတွေကို သီးနှံအထွက်နှုန်းလျော့နည်းမှုမရှိစေရေးအတွက် အချိန်မီရိတ်သိမ်းနည်းစနစ်များ၊ ရိတ်သိမ်းပြီးစပါးများကိုအမိုးအကာအောက် အချိန်မီရောက်ရှိစေဖို့နဲ့မျိုးကောင်းမျိုးသန့် ထားသိုထိန်းသိမ်းနည်းစနစ်များကို အသိပညာပေးဆောင်ရွက်ထားပါတယ်။ ဒေသခံတောင်သူတွေ စပါးရိတ်သိမ်းခြင်းကို အချိန်မီရိတ်သိမ်းနိုင်ရေးအတွက်ကိုလဲ စက်မှုလယ်ယာဦးစီးဌာနက ပံ့ပိုးကူညီ ဆောင်ရွက်ပေးနေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

စပါးကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့်ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ဘားအံမြို့နယ် မူးတခ္ခီးကျေးရွာ၌ စက်ရေတွင်းတူးဖော်နေမှု စစ်ဆေး

**ဘားအံ ဇူလိုင် ၈**


ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် မူးတခ္ခီးကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇူလိုင် ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်နန်းအဲဖောင်အွာနှင့် ဘားအံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူများက ကျေးရွာရေရရှိရေး ကော်မတီဝင်များ၊ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ မူးတခ္ခီးကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒေါ်နန်းအဲဖောင်အွာက လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းနှင့်အညီအချိန်မီပြီးစီးရေးအလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မူးတခ္ခီးကျေးရွာ၌ အကျယ်လေးလက်မခွဲ၊ အနက်ပေ ၂၄၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၂၈ ဒသမ ၆၆၅ သန်း အသုံးပြု၍ လင်းခန့်စံကုမ္ပဏီက ယခုနှစ် ဇွန် ၂၅ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက မူးတခ္ခီးကျေးရွာရှိ ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာ ရရှိမည်ဖြစ်ကြောင်း ဘားအံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဒေါ်နန်းအဲဖောင်အွာထံမှ သိရသည်။

**ဆက်လူ**


## လျှပ်စစ်မီးကို ခြွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ခြွေတာသုံးစွဲပါ။


# ပြည်မြို့နယ် ဈေးရပ်ကျေးရွာ၌ VRFP ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်း



**ပြည် ဇူလိုင် ၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဈေးရပ်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)မှ ကျေးရွာ ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သော်သော်သိန်းအေးနှင့် ဝန်ထမ်းများက ဈေးရပ်ကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်းမူဘောင်နှင့် လုပ်ငန်းစဉ်အကြောင်းအရာများ၊ ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များ ထမ်းဆောင်ရမည့် တာဝန်များ၊ ခံစားခွင့်များ၊ သတ်မှတ်အရည်အချင်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံ ဝန်ထမ်း၏ ဦးဆောင်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ၏ အများဆန္ဒနှင့်အညီ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကျေးရွာရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှစတင်ပြီး ဈေးရပ်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သော်သော်သိန်းအေးက ပြောပြ၍ သိရသည်။

**ချိုလေး**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနရှိ ဝန်ထမ်းများနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တွေ့ဆုံအမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၈

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ညွှန်ကြားရေးမှူးချုပ်က ရုံးလုပ်ငန်းများလည်ပတ်ဆောင်ရွက်နေမှုနှင့် နိုင်ငံတော်ကချမှတ်ထားသော ရည်မှန်းချက်နှင့်မျှော်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရင်းနှီးမြှုပ်နှံမှုများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေတိုရေရှည် ဦးစားပေးဆောင်ရွက်သွားမည့် မူဝါဒများနှင့် လုပ်ငန်းစဉ်များ၊နည်းပညာအသုံးချမှုမြှင့်တင်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဝန်ဆောင်မှုစနစ်များ ပိုမိုတိုးတက်ကောင်းမွန်စေရေး၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာစေရေးနှင့် ဆွဲဆောင်နိုင်ရေးတို့အတွက် မူဝါဒကိုအခြေခံသည့် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်သွားကြရန်ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




# ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်နှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇူလိုင် ၈

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးသည် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့် ယနေ့တွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။



တွေ့ဆုံစဉ်ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ်(Universal Periodic Review) တွင်မြန်မာနိုင်ငံမှအစီရင်ခံစာတင်သွင်းခြင်း တတိယအကျော့ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကော်မရှင်က မေးမြန်းလိုသည့်၊ ရှင်းလင်းလိုသည့်အချက်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

ဥပဒေရေးရာ ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ UPR တတိယအကျော့အစီရင်ခံစာကိုရေးသားပြုစုကာ UPR လုပ်ငန်းအဖွဲ့သို့တင်သွင်းခဲ့ကြောင်း၊ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့်လုပ်ငန်းစဉ်(Universal Periodic Review– UPR) လုပ်ငန်းအဖွဲ့၏ ၃၇ ကြိမ်မြောက် အစည်းအဝေးကာလအတွင်း မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေနှင့် စပ်လျဉ်း၍ တတိယအကျော့သုံးသပ်မှုကို ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် သုံးသပ်မှုခံယူခဲ့ကြောင်း၊ သုံးသပ်မှုခံယူသည့်နေ့တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ၁၀၆ နိုင်ငံမှ မြန်မာနိုင်ငံအပေါ် လူ့အခွင့်အရေးအခြေအနေနှင့် စပ်လျဉ်း၍ အကြံပြုချက် ၃၅၄ ချက်ကို အကြံပြုခဲ့ကြောင်း၊ အကြံပြုချက်များအပေါ် မြန်မာနိုင်ငံ၏ ရပ်တည်ချက်နှင့်စပ်လျဉ်း၍ အကြံပြုချက် ၁၁၉ ချက်ကို လက်ခံသည်(enjoy the support)၊ အကြံပြုချက် ၄၆ ချက်ကို မှတ်သားထားသည်(noted)၊အကြံပြုချက် ၁၈၉ ချက်ကိုလေ့လာ၍ပြန်ကြားမည်(will be examined) ဟူ၍ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် UPRလုပ်ငန်းအဖွဲ့သို့ပြန်ကြားခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ UPR အစီရင်ခံစာသုံးသပ်မှုနှင့် စပ်လျဉ်းသည့် UPR လုပ်ငန်းအဖွဲ့၏ကနဦးအစီရင်ခံစာကို ဇန်နဝါရီ ၂၉ ရက်တွင်အတည်ပြုခဲ့ပြီးUPR website တွင် upload လုပ်ထားကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

# နေပြည်တော်ကောင်စီနယ်မြေတွင် မန္တလေးလျှောင်ကြီးကြောင့် မြေညီထပ်အခန်းများပျက်စီးခဲ့သည့် ဝန်ထမ်းမိသားစုများအတွက် အခြေခံလိုအပ်သည့် အိမ်သုံးလျှပ်စစ်ပစ္စည်းများ ထောက်ပံ့ပေးအပ်

နေပြည်တော် ဇူလိုင် ၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများမှ နေပြည်တော်ကောင်စီနယ်မြေတွင် မန္တလေးလျှောင်ကြီးကြောင့် မြေညီထပ်အခန်းများပျက်စီးခဲ့သည့် ဝန်ထမ်းမိသားစုများအခြေခံလိုအပ်သည့် အိမ်သုံးလျှပ်စစ်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁၁)စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။




ဦးစွာ ပြည်ထောင်စုဝန်ကြီးက မန္တလေးလျှောင်ကြီးကြောင့် မြေညီထပ်အခန်းများပျက်စီးခဲ့သည့် ဝန်ထမ်းမိသားစုများအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှဝန်ထမ်းများ၏ ပုံမှန်နေ့စဉ်လူနေမှုဘဝကို အတိုင်းအတာတစ်ခုအဖြစ် ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် အခြေခံလိုအပ်သည့် အိမ်သုံးလျှပ်စစ်ပစ္စည်းများဖြစ်သော ရေခဲသေတ္တာ၊ ရုပ်မြင်သံကြားစက်၊ ထမင်းပေါင်းအိုး၊ လျှပ်စစ်ရေနွေးအိုး၊ လျှပ်စစ်ဟင်းချက်အိုးနှင့် လျှပ်စစ်မီးပူတို့ကို ထောက်ပံ့ပေးခြင်းဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက နေပြည်တော်ကောင်စီနယ်မြေရှိ မြေညီထပ်အခန်းများပျက်စီးခဲ့သည့် ဝန်ထမ်းမိသားစု ၂၉ စုကို အိမ်သုံးလျှပ်စစ်ပစ္စည်းများဖြစ်သည့် ရေခဲသေတ္တာ ၂၉ လုံး၊ ရုပ်မြင်သံကြားစက် ၂၉ လုံး၊ ထမင်းပေါင်းအိုး ၂၉လုံး၊ လျှပ်စစ်ရေနွေးအိုး ၂၉ လုံး၊ လျှပ်စစ်ဟင်းချက်အိုး ၂၉ လုံးနှင့် လျှပ်စစ်မီးပူ ၂၉ လုံးတို့ကို လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ယနေ့အခမ်းအနားတွင် မန္တလေးလျှောင်ကြီးကြောင့် မြေညီထပ်အခန်းများပျက်စီးခဲ့သည့် ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ထမ်းမိသားစု ၂၉ဦးတို့ကိုထောက်ပံ့ပေးအပ်ခဲ့သည့် အဆိုပါ အိမ်သုံးလျှပ်စစ်ပစ္စည်းများအား ဝန်ထမ်းမိသားစုများ ယာယီနေထိုင်သည့်နေရာများသို့ စနစ်တကျပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

၈-၇-၂၀၂၅

ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ရှေ့ဖုံးမှအဆက်

သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ရွှေစေတီဘာသန္တရသင်တန်းကျောင်း၊ ဝိနည်းမိုရ်ကျောင်းတိုက်နှင့် ကိုးတောင်ပြည့်စေတီတို့တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုများကိုလည်းကောင်း၊ ပိုးတန်းရပ်ကွက်နှင့် စိန်ကုန်းရပ်ကွက်တို့ရှိ လူနေအဆောက်အအုံအပြိုအပျက်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စက်ယန္တရားကြီးအသုံးပြု၍ အပြီးသတ် ဖယ်ရှားရှင်းလင်းနေမှုတို့ကိုလည်းကောင်းကြည့်ရှုစစ်ဆေးကာ လုပ်အားပေးဆောင်ရွက်နေကြသူများကို အားဖြည့်အချိုရည်များပေးအပ်ပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ရှိ ရာဇမဏိစူဠာကောင်းမှုတော်စေတီ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ရန်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ငှင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ သောတပန်ရပ်ကွက်ရှိ ငလျင်ဒဏ်သင့်ခဲ့သော ရွှေဟသ်ာတိုက်သစ်ပရိယတ္တိစာသင်တိုက်သို့သွားရောက်၍ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆန်တော်၊ ဆီ၊ ပဲတို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် ရွှေဟသ်ာတိုက်သစ်ပရိယတ္တိစာသင်တိုက်မှ ရဟန်း၊ သာမဏေ၊ သီလရှင်၊ ယောဂီများအား တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့နှင့် စစ်ကိုင်းမြို့ ဆေးရုံကြီးမှ ဆေးကုသရေးအဖွဲ့တို့ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးဝါးကုသပေးခြင်း၊ ခြင်ဆေးဖျန်းပေးခြင်းစသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေး ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥဿျောင်ရပ်ကွက်ရှိ မဟာမုနိရုပ်ရှင်တော်အနောက်စောင်းတန်းသို့သွားရောက်ပြီး ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အနောက်စောင်းတန်းရှိ ဈေးဆိုင်ခန်းအပျက်အစီးများကို တပ်မတော်သားများက အင်တိုက်အားတိုက်ရှင်းလင်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ဘုရားကြီး၏ နောက်ကျောတော်နေရာတွင် ပြိုကျပျက်စီးသွားသည့်တိုင်များ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် မဟာမုနိရုပ်ရှင်တော်ဘဏ္ဍာတော်ပိုင်တိုက်တန်းသို့ရောက်ရှိပြီး ငလျင်ဒဏ်သင့်၍ထိခိုက်ပျက်စီးသွားသော ဝန်ထမ်းလိုင်းခန်းအပျက်အစီးများကို စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများကို မှာကြား၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက်သို့ ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိအဆောက်အအုံအပျက်အစီးများအား စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ် ဖယ်ရှားရှင်းလင်းနေမှုများကို လည်းကောင်း၊ ဒေါနဘွားရပ်ကွက်ရှိ ငလျင်ဒဏ်သင့် အိမ်ရာအဆောက်အအုံကို ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရန်လည်းကောင်း ကြည့်ရှုစစ်ဆေး၍ အနီးပတ်ဝန်းကျင်ရှိ အဆောက်အအုံများ ထိခိုက်မှုမရှိစေရေးနှင့် အပျက်အစီးများကို အမြန်ဆုံးရှင်းလင်းဆောင်ရွက်နိုင်ရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# နိုင်ငံတော်ဧည့်ဂေဟာဇုန်အတွင်းရှိ ဟိုတယ်များသန့်ရှင်းသာယာလှပမှုရှိစေရေး ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၈

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းသည် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့်အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဟိုတယ်များသန့်ရှင်းသာယာလှပမှုရှိစေရေးနှင့်ငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများကို ပြန်လည်ပြုပြင်မွမ်းမံဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ဟိုတယ်များအနေဖြင့် မိမိတို့ဟိုတယ်ပရိဝုဏ်အတွင်းရှိ အရိပ်ရလေကာပင်များကိုအလင်းဖွင့်ခြင်း၊ အောက်ခြေရှင်းလင်းခြင်းတို့ဆောင်ရွက်ကြရန်၊ နေပြည်တော်ပြည်ထောင်စုနယ်မြေသည် ပြည်ထောင်စုအဆင့်အစိုးရရုံးများတည်ရှိပြီး နိုင်ငံတော်အဆင့်အခမ်းအနားများသာမက နိုင်ငံတကာအဆင့်အခမ်းအနားများ၊ ဖိုရမ်များ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် အစည်းအဝေးများ အခါအားလျော်စွာ ကျင်းပပြုလုပ်လျက်ရှိရာ ဟိုတယ်များအနေဖြင့် နိုင်ငံတကာအဆင့်မီဝန်ဆောင်မှုပေးနိုင်အောင် ပြင်ဆင်ဆောင်ရွက်ကြရန်၊ဟိုတယ်အင်္ဂါရပ်နှင့်အညီသန့်ရှင်းသာယာလှပပြီး အမြင်တင့်တယ်မှုရှိအောင် ဆောင်ရွက်ကြရန် တာဝန်ရှိသူများကို မှာကြားသည်။

ယမန်နေ့ကလည်း ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်းမကြီးတစ်လျှောက် ဟိုတယ်ဇုန်(၁)ရှိ ဟိုတယ်များသန့်ရှင်းသာယာလှပမှုရှိစေရေးဆောင်ရွက်နေမှုအခြေအနေများကိုလှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဟိုတယ်များမှ တာဝန်ရှိသူများက ငလျင်ကြောင့်ဟိုတယ်များ ထိခိုက်ပျက်စီးမှုများကိုပြန်လည်ပြုပြင်မွမ်းမံဆောင်ရွက်နေမှု၊ ခရီးသည်များ လာရောက်တည်းခိုနေထိုင်မှုနှင့် လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးကလိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။




(သတင်းစဉ်)



ကျောဖုံးမှအဆက်

တိုင်းဒေသကြီးဝန်ကြီးချုပ်က ပထမဆုရရှိသော အမျိုးသား လေးယောက်တွဲပိုက်ကျော်ခြင်းပြိုင်ပွဲမှ မဟာအောင်မြေခရိုင်အသင်း၊ အမျိုးသားသုံးယောက်တွဲနှင့် နှစ်ယောက်တွဲပိုက်ကျော်ခြင်းပြိုင်ပွဲမှ သပိတ်ကျင်းခရိုင်အသင်းတို့ကို ပထမတံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုများကိုချီးမြှင့်ပေးပြီး တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်က အမျိုးသမီး သုံးယောက်တွဲနှင့် နှစ်ယောက်တွဲပိုက်ကျော်ခြင်းပြိုင်ပွဲများတွင် ပထမဆုရရှိသော မိတ္ထီလာခရိုင်အသင်းကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးများက နှစ်ယောက်တွဲနှင့် သုံးယောက်တွဲပြိုင်ပွဲတို့တွင် ပထမဆုရရှိသော အသင်းများမှ အားကစားသမားများကိုတစ်ဦးချင်းဆုတံဆိပ်များကိုလည်းကောင်း၊ နှစ်ယောက်တွဲ သုံးယောက်တွဲနှင့် လေးယောက်တွဲပြိုင်ပွဲတို့တွင် ဒုတိယဆုရရှိသော အသင်းများကို ဆုတံဆိပ်များနှင့် ငွေသားဆုများကိုလည်းကောင်း၊ နှစ်ယောက်တွဲနှင့် သုံးယောက်တွဲပြိုင်ပွဲတို့တွင် တတိယဆုရရှိသောအသင်းများကို ဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း၊ အကောင်းဆုံးအားကစားသမားများအား ဆုတံဆိပ်နှင့်ငွေသားဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

မျိုးကျော်

# အနောက်တောင်တိုင်းစစ်ဌာနချုပ်နှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တို့၌ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲများ ပြုလုပ်


အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ ကျင်းပစဉ်။


မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၅၃ ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပစဉ်။

**နေပြည်တော် ဇူလိုင် ၈**

အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် သာသနဓဇ၀ံသဓမ္မာရုံ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ နိဂြောဓာရုံ ညောင်ပင်သာ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိသုတ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးကျော်ထက်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက နိဂြောဓာရုံညောင်ပင်သာပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသော ပရိတ်တရားတော်များကို နာယူကြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

၎င်းနောက် တက်ရောက်လာကြသူများက ပုသိမ်မြို့ မရမ်းချုံကျောင်းပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသောဘိတထံမှ အနုမောဒနာတရားနာကြားကာ ရေစက်သွန်းချအမျှပေးဝေပြီး သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၅၃ ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ ဗလမင်းထင်ခန်းမ၌ ပြုလုပ်ရာ မြစ်ကြီးနားမြို့ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက် ပြည်နယ်သံဃနာယက အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေတုမာလာ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ပရိတ်တရားတော်များ နာယူကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကာ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းများ ဒုတိယဝန်ကြီး ဦးမြင့်စိုး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၈**

တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းတွင် တပ်ကုန်းမြို့နယ် အမှတ်(၂) ခရိုင်ချင်းဆက်လမ်းမှ ရှေးဟောင်းသမိုင်းဝင်သားခိုတောင် မဟာအတုလလောကရန်အောင်ဆုတောင်းပြည့်စေတီတော်မြတ်ကြီးသို့သွားသော လမ်းအရှည် သုံးမိုင်ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် အဆိုပါလမ်းကို အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ သွားလာမှုအဆင်ပြေစေရန်၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်တို့အတွက် လတ်တလောပြုပြင်ဖောက်လုပ်ပေးရမည့်လမ်းအခြေအနေနှင့် Box Culvert တည်ဆောက်ပေးရမည့် နေရာတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားပြီး စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကာ ပျူခေတ်လက်ရာ အုတ်လှေကားများကို ကြည့်ရှုလေ့လာသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် လယ်ငယ်ချောင်းကူး အုန်းပင်-တောင်ပို့သာ သံကူကွန်ကရစ်တံတား ပေ ၃၀၀ တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တပ်ကုန်းမြို့နယ် ကြို့ပင်သာကျေးရွာ၌ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်ဒေသအခြေခံအိမ်ထောင်စုများ အသက်မွေးဝမ်းကျောင်းမြှင့်တင်ရေး(SEP) စီမံကိန်းရန်ပုံငွေကျပ်သိန်း ၂၁၀ ပေးအပ်၍ အိမ်ထောင်တစ်စုချင်းအလိုက် တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ရန် တိုက်တွန်းမှာကြားသည်။



ဆက်လက်၍ မကျီးပင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်၍ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီး၊ ဆရာမများနှင့် တွေ့ဆုံနှုတ်ဆက်ပြီး ကျောင်းဝင်းအတွင်း ရေသွယ်ယူရေးလုပ်ငန်းများ အဆင်ပြေစေရန် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တပ်ကုန်းမြို့နယ် အင်ပင်ကျေးရွာသို့ သွားရောက်၍ ဝါစိုက်သမဝါယမအသင်းသား တောင်သူများထံ ဝါမျိုးစေ့နှင့် သွင်းအားစု ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ ယမန်နှစ် ဝါစိုက်ပျိုးရာသီတွင် တစ်ဧကအထွက်နှုန်းပိဿာ ၅၅၀ ခန့်သာရရှိ၍ ယခုနှစ် ပန်းတိုင်အထွက်နှုန်း ပိဿာ ၇၀၀ ကျော်ရရှိအောင် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားပြီး စိုက်ပျိုးရေးသမဝါယမအသင်း လေးသင်း၏ ဝါစိုက်ဧက ၆၇၄ ဧကအတွက် ရာကာခြောက်ရာခြောက်ဆယ့်ခြောက် (RAKA-666) ဝါမျိုးစေ့များနှင့် သွင်းအားစုများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက် သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ပေးပို့သည့် ကုန်သွယ်ရေးနှင့် သက်ဆိုင်သောသဝဏ်လွှာ/စာနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်



နေပြည်တော် ဇူလိုင် ၈

ဒီနေ့မှာတော့ မီဒီယာများမေးမြန်းထားတဲ့ အမေရိကန်သမ္မတဒေါ်နယ်ထရန့်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဆီကိုပေးပို့တဲ့ ကုန်သွယ်ရေးနဲ့ပတ်သက်တဲ့ သဝဏ်လွှာ/စာနဲ့ပတ်သက်ပြီး ပြောကြားသွားမှာဖြစ်ပါတယ်။

စာထဲမှာတော့ မြန်မာနိုင်ငံနဲ့ ကုန်သွယ်ရေးပြုလုပ်လိုတဲ့အကြောင်းနဲ့ ကုန်သွယ်ရေးလိုငွေများ ရှိနေတဲ့အကြောင်း၊ အကျဉ်းချုပ်ကတော့ အမေရိကန်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံရဲ့ သွင်းကုန်တွေအပေါ်မှာ အခွန် ၄၀ ရာခိုင်နှုန်း စည်းကြပ်သွားမှာဖြစ်ကြောင်းနဲ့ ဒါနဲ့ပတ်သက်ပြီးလည်း မြန်မာနိုင်ငံအနေနဲ့ အမေရိကန်ပြည်ထောင်စုကသွင်းတဲ့ သွင်းကုန်တွေနဲ့ပတ်သက်ပြီးလည်း ဖြေလျှော့ပေးဖို့ ပြောကြားထားတာကိုတွေ့ရပါတယ်။ ဒါ့အပြင် အမေရိကန်နိုင်ငံမှာလည်း မြန်မာနိုင်ငံအနေနဲ့ ရင်းနှီးမြှုပ်နှံမှုတွေပြုလုပ်နိုင်ဖို့ ပြောကြားထားတာလည်း တွေ့ရပါတယ်။ အခွန်နှုန်းထားတွေနဲ့ပတ်သက်ပြီး ညှိနှိုင်းနိုင်တဲ့အကြောင်း ပြောကြားထားတာလည်း တွေ့ရပါတယ်။ ဒီစာကိုလည်း ကျွန်တော်တို့ ကောင်းမွန်စွာလက်ခံရရှိပါတယ်။ မြန်မာနိုင်ငံနဲ့ အမေရိကန်နိုင်ငံရဲ့ ကုန်သွယ်မှုပမာဏအနေနဲ့ ၂၀၂၃ ခုနှစ် - ၂၀၂၄ ခုနှစ် ဘဏ္ဍာနှစ်မှာတော့ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၇၀၁ ဒသမ ၉ သန်းခန့်ရှိခဲ့ပါတယ်။ ၂၀၂၄ ခုနှစ် - ၂၀၂၅ ခုနှစ်မှာတော့ အမေရိကန်ဒေါ်လာ ၅၈၈ ဒသမ ၃ သန်းကျော်လောက်ရှိခဲ့ပါတယ်။ ဒီစာနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံအစိုးရရဲ့ သဘောထားအနေနဲ့ကတော့ နံပါတ်တစ်ကတော့ အပြုသဘောဆောင်တဲ့ ညှိနှိုင်းမှု၊ ပြန်ကြားမှုတွေကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နံပါတ်နှစ်အချက်အနေနဲ့ကတော့ ဒီညှိနှိုင်းမှုတွေကနေပြီး နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေမည့်ရလဒ်များရရှိမယ်လို့ မျှော်လင့်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (၅၀၁)

## အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါများဖြစ်သည့် ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါများ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်-၁၉ ရောဂါစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။ ကိုဗစ်-၁၉ ရောဂါကို ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်းမရှိတော့ဘဲ ရာသီတုပ်ကွေးရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက်ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။ လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ အဆိုပါ ရောဂါများကူးစက်ဖြစ်ပွား၊ သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း အဆိုပါရောဂါများဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

- ❖ လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်း စသည့်လက္ခဏာများရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက်-
  - (က) လူထူထပ်သောနေရာများသို့သွားခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ကို စနစ်တကျဝတ်ဆင်ခြင်း၊
  - (ခ) ပါးစပ်နှင့် နှာခေါင်းစည်းဝတ်ဆင်ထားခြင်းမရှိချိန်၌ နှာချေ၊ ချောင်းဆိုပါက လက်ကိုင်ပဝါ၊ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊
  - (ဂ) ရောဂါလက္ခဏာပြင်းထန်ပါက နီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။
- ❖ တစ်ကိုယ်ရေကာကွယ်ရေး နည်းလမ်းများဖြစ်သည့် လက်ကို ရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည်(Hand Sanitizer) ဖြင့် မကြာခဏစနစ်တကျ ဆေးကြောခြင်း၊
- ❖ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာကာကွယ်ပေးသည့်အတွက် ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ၊ ဆီးချိုရောဂါ၊ နှာတာရှည် အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူ များ၊ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူခြင်း။

**ကျန်းမာရေးဝန်ကြီးဌာန**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၈

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများ ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် “@Wai hnin” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကေတုမတီမြို့ သဝန်ငယ်ရပ်ကွက်နေ ဝေနှင်းအား နံနက် ၂ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ “Nyan Lin Htet (Nyan Gyi)” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရေဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ပေါက်ပင်ကွင်းကျေးရွာနေ ညဏ်လင်းထက်အား နံနက် ၁၀ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (၁) ဦးဇော်မင်းအောင်<br>ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားသူကြီးချုပ်ရုံး<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| (၂) ဦးအောင်မော်<br>ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စု<br>တရားလွှတ်တော်ချုပ်ရုံး<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားသူကြီးချုပ်ရုံး<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| (၃) ဒေါက်တာနေဝင်းဦး<br>ပါမောက္ခချုပ်<br>ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မန္တလေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

## ၂၀၂၅ ခုနှစ် ဇူလိုင် ၈ ရက် ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၈၉၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် ဇူလိုင် ၈

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area) သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်း (Low Pressure Area)သည် အနောက်-အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားနိုင်ပြီး နောက်နှစ်ရက်အတွင်း အိန္ဒိယနိုင်ငံ ဂျက်ခမ်းပြည်နယ်နှင့် ချက်တစ်ဂတ်ပြည်နယ်မြောက်ပိုင်းတို့သို့ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)

## ထူးခြားသည့် နေ့အပူချိန်များ

(၈-၇-၂၀၂၅)

| | | | | |
|---|---|---|---|---|
| တံတားဦး | ၃၆ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည်(လွန်ကျော်) | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၃၄ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၄ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၄ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| တောင်တွင်းကြီး | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၃၃ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၃ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |

# မန္တလေးငလျင်ကြီးဘေးဒဏ်သင့်ပြည်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၈**

မန္တလေးငလျင်ဘေးသင့် ပြည်သူများအတွက် လိုအပ်သည့်ထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ JSC "Rosoboronexport" ကုမ္ပဏီက ငွေကျပ် ၉၀၆ ဒသမ ၂၅၀ သန်းကို ယနေ့ နံနက် ၁၀နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံယူပြီး ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး မြန်မာ့သိုင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၈**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး မြန်မာ့သိုင်းပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ဗထူးတပ်မြို့ရှိ နယ်မြေခံ သင်တန်းကျောင်း အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက စွမ်းရည်ပြသယှဉ်ပြိုင်မှုများနှင့် ဗန်တိုအတိုက် အမျိုးသား (ခ)တန်း ၄၉-၅၃ ကီလိုတန်းပြိုင်ပွဲ၊ ပန်ကြပ်ဆီးလပ်အတိုက် အမျိုးသမီး ၅၀-၅၅ ကီလိုတန်း ပြိုင်ပွဲ၊ ဓားတစ်လက်အတိုက် အမျိုးသား ၅၀-၅၅ ကီလိုတန်းပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေး ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး မြန်မာ့သိုင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း အမျိုးသား၊ အမျိုးသမီး ၀၀ ခုနစ်သင်းဖြင့် ဇူလိုင် ၁၄ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်း ရရှိသည်။ (မဝ၁)



အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း မြန်မာ့သိုင်း ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“သစ္စာရှိ လက်နက်မဲ့ Non CDM ဝန်ထမ်းတွေကို ခြိမ်းခြောက်သတ်ဖြတ်နေတဲ့ ဝရမ်းပြေးနိုင်ငံမဲ့ NUG၊ CRPH နဲ့ အကြမ်းဖက် PDF အဖွဲ့”** ခေါင်းစဉ်ဖြင့် ၉-၇-၂၀၂၅ ရက်**(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ဒလန်၊ သတင်းပေး၊ သူလျှိုစတဲ့ စွပ်စွဲချက်မျိုးစုံနဲ့ ပြည်သူနဲ့ နိုင်ငံ့ဝန်ထမ်းများစွာကို သတ်ဖြတ်နေတဲ့ NUG လက်အောက်ခံ အကြမ်းဖက် PDF အဖွဲ့”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |



သံဃာတော်များအား ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# ကော့မှူးမြို့နယ် ဝါးဘလောက်သောက်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၈**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ဝါးဘလောက်သောက်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါ ကျေးရွာရှိ မူလရွာလယ်မဟာစည်သာသနာ့ရိပ်သာ ပရိယတ္တိစာသင်တိုက်၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၅ ပါးနှင့် ဒေသခံပြည်သူ ၁၄၈ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို ဒလတပ်နယ်မှတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (မဝ၁)

## ပြည်သူများအနေဖြင့် ကိုယ်တိုင်ကိုယ်ကျဆွေးနွေးခြင်း၊ လှူဒါန်းခြင်းတို့ ပြုလုပ်နိုင်ပါကြောင်း ကြော်ငြာခြင်း

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် မြန်မာနိုင်ငံ၌ဖြစ်ပွားခဲ့သော မန္တလေးငလျင်ကြီးနှင့် ပတ်သက်၍ ပြည်သူများအနေဖြင့် မိမိကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် အခက်အခဲများ၊ ထိခိုက်ပျက်စီးမှုများကိုလည်းကောင်း၊ မိမိတို့ကိုယ်တိုင်ပါဝင်ခဲ့သည့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းအခြေအနေများကို လည်းကောင်း ဝင်ရောက်ဆွေးနွေးခြင်းနှင့် ငလျင်ဘေးသင့်ပြည်သူများအတွက် အလှူငွေ၊ အလှူပစ္စည်းဆက်သွယ်လှူဒါန်းခြင်းတို့ကို(www.myanmarearthquake.gov.mm)တွင် ကိုယ်တိုင်ကိုယ်ကျပါဝင်ဆောင်ရွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။


၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။


ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။



ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲနှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့ ပူးပေါင်းပြုစုသည်။
(၂၀၂၅ခုနှစ် ၊ ဇွန်လ)

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။




- မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်- ၁၉ ရောဂါစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။
- ကိုဗစ်-၁၉ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်း မရှိတော့ဘဲ ရာသီတုပ်ကွေး ရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက် ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။
- အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား/သေဆုံးမှုများမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် ပူးတွဲပါအချက်များကိုသတိပြုလိုက်နာဆောင်ရွက်ကြရန်လိုအပ်ပါသည်။

### နေစဉ်ကျွှာ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်နည်း



ပါးစပ်နှင့်နှာခေါင်းကို လုံခြုံစွာဖုံးအုပ်ပါ။



အဖုံးပါသော အမှိုက်ပုံးထဲတွင်သာ စွန့်ပစ်ပါ။



စနစ်တကျ လက်ဆေးပါ။

### သတိပြုလိုက်နာရမည့် အချက်များ

(၁) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်းစသည့် လက္ခဏာများရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက် -

**ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။**

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။

(က) လူထူထပ်သောနေရာများသို့သွားခြင်းမှရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) အား စနစ်တကျ ဝတ်ဆင်ခြင်း၊



(ခ) ပါးစပ်နှင့်နှာခေါင်းစည်း ဝတ်ဆင်ထားခြင်း မရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပုဝါ/ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊





(ဂ) ရောဂါလက္ခဏာပြင်းထန်ပါကနီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။



(၂) တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင် ဆေးရည် (Hand sanitizer) ဖြင့် မကြာခဏ စနစ်တကျ ဆေးကြောခြင်း၊




(၃) ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာ ကာကွယ်ပေးသည့်အတွက် ကိုဗစ်-၁၉ရောဂါ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံမှုခံယူခြင်း။





ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက် ၆၀နှစ် နှင့် အထက် အသက်အရွယ်ကြီးသူများ၊
- ဆီးချိုရောဂါ၊ နှာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုကို မဖြစ်မနေခံယူပါ။




**ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။**

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၂ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၃ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် ဇူလိုင် ၈

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျလွှဲပြောင်းပေးအပ်လျက်ရှိရာ ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်မယ်ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေတို့တွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများကျူးလွန်ခဲ့ကြသည့် အင်ဒိုနီးရှားနိုင်ငံသား ၁၃ ဦး၊ အိန္ဒိယနိုင်ငံသား ရှစ်ဦးနှင့် ကမ္ဘောဒီးယားနိုင်ငံသား တစ်ဦး စုစုပေါင်း ၂၂ ဦးတို့ကို ယနေ့တွင် မြန်မာ-ထိုင်းအမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ပြည်ပနိုင်ငံသား ၂၃ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။



မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား၂၂ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၃ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

ဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက အဆိုပါလွှဲပြောင်းပေးအပ်မည့်ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိစေရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည့် အချက်အလက်အထောက်အထား စာရင်းဇယားများမှန်ကန်ပြည့်စုံစွာ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကိုကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ Counsellor Mr. Pranav Ganesh နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံရုံးမှ Counsellor Mr. Keam Sarat နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံရုံးမှ လူဝင်မှုကြီးကြပ်ရေးအရာရှိ Mr. Handwiyuto နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှတာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက် စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ထို့အတူ မြဝတီမြို့-ရွှေကုက္ကိုလ်ဝမ်ခနယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် အင်ဒိုနီးရှားနိုင်ငံသား ၁၇ ဦး၊ အီသီယိုးပီးယားနိုင်ငံသား သုံးဦး၊ အိန္ဒိယနိုင်ငံသား သုံးဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၂၃ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဇူလိုင် ၈ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၂၂၂ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၀၀၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၁၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(မြဝ)

---

## ❑ ဖမ်းဆီးရမိမှု

ကမ်းနားဂိုဒေါင် တစ်လုံးအတွင်း၌ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၁၀၀၀၀၀ ကိုလည်းကောင်း၊ ဇူလိုင် ၇ ရက်တွင် မြိတ်မြို့ နောက်လယ်ရပ်ကွက် အမှတ်(၁၂၄)ရှိ "တော်ဝင်ဆောင်း" စက်ပစ္စည်းနှင့်ကုန်မာဆိုင်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၇၅၀၀၀၀ ကိုလည်းကောင်း၊ မြိတ်မြို့ ဆိပ်ငယ်ရပ်ကွက် လှိုင်းသစ်သမလမ်းရှိ "ထူး" ကုန်မာဆိုင်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး၊ လူသုံးကုန်ပစ္စည်းနှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၇၅၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၅၈၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇူလိုင် ၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သာကေတဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့်ရေယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၇၁၃၇၅၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် MV. Shwe Yoon San ရေယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀၀ ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်(ကုန်လှောင်ရုံ)၌ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၈၆၉၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၇၁၀၀၀၆၅၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးဂိတ်၌ မိုးကုတ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၆ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၂၅၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀ ကိုလည်းကောင်း၊ အမရပူရမြို့နယ် နတ်ရေကန်ရွာ လုံခြုံရေးဂိတ်၌ မိတ္ထီလာမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက် အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၀ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၉၃၆၅၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino ProfiaTruck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၉၃၉၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။
























အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီး မိုင်တိုင်အမှတ် သုညမိုင် ၂ ဖာလုံ၌ မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၂၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Asia StarBus တစ်စီး၊ Yutong Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၇၉၂၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၇ ရက်တွင် ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇူလိုင် ၇ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့ မော်တော်ယာဉ် ရှစ်စီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် ၄၂ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယခုနှစ် ဇူလိုင် ၆ ရက်နှင့် ၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်း အမှုတွဲ ၂၁ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၈၂၉၃၉၆၅၀ ကိုဖမ်းဆီးရမိခဲ့သည်။

တရားမဝင် ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စားပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသဖြင့် တရားမဝင်ကုန်သွယ်မှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

(သတင်းစဉ်)

# အသံလွန်ဒုံးကျည်သစ်တည်ဆောက်ခဲ့သော ဂျပန်နိုင်ငံ

ဝင်းဇင်(သုတေသန)

ဂျပန်နိုင်ငံသည် တရုတ်နိုင်ငံ၏ စစ်ရေယာဉ်အထောက်အကူပြု လေကြောင်းရန်ကာကွယ်ရေးစနစ်များနှင့် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားလက်နက်ခြိမ်းခြောက်မှုများကို ဟန်ချက်ထိန်းညှိရန် ဒီဇိုင်းရေးဆွဲထားသည့် ရွေ့ပြောင်းပစ်ခတ်နိုင်သော အသံလွန်ဒုံးကျည်ကို ထုတ်ဖော်ပြသခဲ့သဖြင့် ခံစစ်အနေအထားမှသည် တန်ပြန်တိုက်ခိုက်ရေးစွမ်းဆောင်ရည်သို့ ပြတ်ပြတ်သားသားပြောင်းလဲလုပ်ဆောင်လာနေကြောင်း ထင်ဟပ်လာစေသည်။

ဂျပန်ကိုယ်ပိုင်မြေပြင်ကာကွယ်ရေးတပ်ဖွဲ့ (JG-SDF)သည် မြေပြင်ပစ်အသံလွန်ဒုံးကျည်(HVGP)ကို ထုတ်ဖော်ပြသခဲ့ကြောင်း၊ ၎င်းဒုံးကျည်သည် ဂျပန်နိုင်ငံ၏ အဆင့်မြင့်နည်းပညာနှင့်အုပ်ချုပ်ထောက်ပံ့မှုအေဂျင်စီ(ATLA)၏ ကန်ထရိုက်အောက်တွင် မစ်ဆူဘီရှီအကြီးစားစက်မှုလုပ်ငန်းက သုတေသနပြုတည်ဆောက်ထားသည့် ရွေ့ပြောင်းတိုက်ခိုက်နိုင်သည့်အသံလွန်ဒုံးကျည်ဖြစ်ကြောင်း ယခုလထုတ် အာရှစစ်ရေးသုံးသပ်ချက်စာစောင်၌ ဖော်ပြထားသည်။

၂၀၁၈ ခုနှစ်တွင်စတင်ခဲ့သော HVGP အစီအစဉ်သည် ၂၀၂၄ ခုနှစ်အစောပိုင်းတွင် အမေရိကန်နိုင်ငံရှိ စက်ပစ်ကွင်း၌ အောင်မြင်စွာစမ်းသပ်ပစ်ခတ်နိုင်ခဲ့ပြီး ၂၀၂၆ ခုနှစ်တွင် အပြည့်အဝတာဝန်ထမ်းဆောင်နိုင်ရေးအတွက် တပ်ဖြန့်ချသွားမည်ဖြစ်သည်။ အခဲလောင်စာတောင့်သုံး ဒုံးကျည်များနှင့် ဒုံးကျည်ပြွန်နှစ်ခုပါရှိပြီး ရှစ်ဘီးယက်နည်းဗျူဟာမြောက် ထရပ်ကားပေါ်တွင်တင်ထားသည့် Block 1 HVGP သည် အသံထက်အမြန်နှုန်းငါးဆဖြင့် ကီလိုမီတာ ၉၀၀ ထိ ရောက်ရှိပစ်ခတ်နိုင်သည်။

အဆင့်မြှင့်တင်ထားသော မူကွဲများဖြစ်သည့် Block 2A နှင့် 2B တို့ကို ၂၀၂၇ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အတွင်း အပြီးသတ်တည်ဆောက်သွားရန်စီစဉ်ထားရှိပြီး ကီလိုမီတာ ၂၀၀၀ နှင့် ကီလိုမီတာ ၃၀၀၀ ထိ အသီးသီးရောက်ရှိပစ်ခတ်နိုင်မည်ဖြစ်သည်။ HVGP သည် ဂြိုဟ်တုနှင့် အီနားရှားလမ်းကြောင်းရှာစနစ်ကို အသုံးပြုထားပြီး အသံနှင့် အလင်းထုတ်လွှတ်မှုမှ ထွက်ပေါ်လာသည့် ရေဒီယိုကြိမ်နှုန်းပုံရိပ်ကို အသုံးပြုထားသော ရေတပ်ပစ်မှတ်ရှာမူကွဲနှင့် ပေါက်ကွဲအားပြင်းကျည်ထိပ်ဖူးများ ဖြန့်ကြက်ထားသော ကုန်းမြေတိုက်ခိုက်မှု မူကွဲတို့ကို ထုတ်လုပ်ထားရှိသည်။ ဒုံးကျည်မူကွဲနှစ်မျိုးစလုံးကို မြန်နှုန်းမြင့်လှုပ်ရှားစစ်ကစားနိုင်ရန် ဒီဇိုင်းရေးဆွဲတည်ဆောက်ထားခြင်းဖြစ်သည်။

အသံလွန်ဒုံးကျည်များကို ကူရှူးနှင့် ဟော့ကိုင်းဒိုးကျွန်းများ၌ တပ်ဖြန့်ချသွားရန် စီစဉ်ထားရှိခြင်းသည် ဒေသတွင်းခြိမ်းခြောက်မှုများကို တန်ပြန်တိုက်ခိုက်နိုင်ရန်အတွက် ဂျပန်နိုင်ငံ၏မဟာဗျူဟာမြောက်ရည်ရွယ်ချက်ကို ထင်ဟပ်စေလျက်ရှိသည်။ ထို့ပြင် ဂျပန်နိုင်ငံသည် တိုက်ခိုက်ရေးစွမ်းဆောင်ရည်များ ပိုမိုတိုးချဲ့ရန် မြန်နှုန်းမြင့်ခရုဇ်ဒုံးကျည်(HCV)ကိုလည်း သုတေသနပြုတည်ဆောက်လျက်ရှိသည်။ ၎င်းစနစ်များသည် ဂျပန်နိုင်ငံ၏ ပြန်လည်သုံးသပ်ထားသောကာကွယ်ရေးမဟာဗျူဟာ၏ အဓိကအချက်များဖြစ်ပြီး အဆိုပါမဟာဗျူဟာသည် တိုးမြှင့်ဖြစ်ပေါ်လာသော ဒေသတွင်းလုံခြုံရေးဆိုင်ရာဖိအားများကြားတွင် တိုင်းပြည်အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်သွားရန် ရည်မှန်းထားရှိသည်။



ဂျပန်နိုင်ငံ၏ အသံလွန်ဒုံးကျည်(HVGP)ကို တွေ့ရစဉ်။

ဂျပန်နိုင်ငံသည် ၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်းမှ ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် အသံလွန်ဒုံးကျည်စမ်းသပ်မှုလေးကြိမ်ပြုလုပ်ခဲ့ကြောင်း ကြေညာခဲ့ပြီး ၎င်းစနစ်များသည် မဟာဗျူဟာမြောက် ဟန့်တားခြင်း၊ တန်ပြန်တိုက်ခိုက်မှုအင်အားနှင့် တန်ပြန်တိုက်ခိုက်ရေးစစ်ဆင်ရေးများအတွက် ရည်မှန်းထားရှိကြောင်း Asia Times သတင်းစာက အစီရင်ခံထားခဲ့သည်။

ဂျပန်နိုင်ငံသည် ပြောင်းလဲတိုးတက်လာသော မဟာဗျူဟာမြောက်ဟန့်တားမှုစွမ်းဆောင်ရည်များနှင့်အညီ Type 88 အမျိုးအစား တာတိုပစ်သင်္ဘောဖျက်ဒုံးကျည်ပစ်ခတ်ကာ ပြည်တွင်း၌ပင် ဒုံးကျည်ပစ်ခတ်စမ်းသပ်မှုကို မကြာသေးမီက ပြုလုပ်ခဲ့ပြီး Type 12 အမျိုးအစား တာဝေးပစ်ဒုံးကျည်ကို သုတေသနပြုတည်ဆောက်သွားရန် စီစဉ်ထားရှိသည်။

သို့သော် ဂျပန်နိုင်ငံသည် ၂၀၃၀ ပြည့်နှစ်ခန့်တွင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရေတပ်(PLAN)ကို ဟန်ချက်ထိန်းညှိနိုင်ရန် အသံထက်မြန်နှုန်းနိမ့်သောဒုံးကျည်များနှင့် အသံလွန်ပဲ့ထိန်းဒုံးကျည်များကို အပြီးသတ်တည်ဆောက်သွားနိုင်ဖွယ်ရာရှိနေသည်။ ဂျပန်နိုင်ငံ၏ လက်ရှိဒုံးကျည်များနှင့် ပဲ့ထိန်းဒုံးကျည်များသည် ကန့်သတ်ချက်များနှင့် ရင်ဆိုင်ရလျက်ရှိသည်။ ပျံသန်းမှုအလျင်နှုန်းနိမ့်သောဒုံးကျည်များသည် လှုပ်ရှားစစ်ကစားနိုင်သော်လည်း တာဝေးကြားဖြတ်တိုက်ခိုက်မှု ခံရနိုင်သည်။ ပဲ့ထိန်းဒုံးကျည်များသည် ပျံသန်းမှုနှုန်းမြန်ဆန်သော်လည်း အလွယ်တကူခြေရာခံရနိုင်သည်။ အဆိုပါကန့်သတ်ချက်များကြောင့် ဂျပန်နိုင်ငံသည် HVGP ကဲ့သို့သော လှုပ်ရှားစစ်ကစားလွယ်သည့် အသံလွန်စနစ်များကို အဆင့်မြှင့်တင် တည်ဆောက်လာခြင်းဖြစ်သည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်ရေတပ် (PLAN)၏ စစ်ရေယာဉ်အထောက်အကူပြု မဟာဗျူဟာသည် အလွှာသုံးလွှာကာကွယ်ရေးစနစ်တည်ဆောက်ထားသောကြောင့် ကိုယ်ပိုင်ဆုံးဖြတ်နိုင်စွမ်းနှင့် (ရေပြာအဆင့်)စစ်ဆင်ရေးများကို ပိုမိုထမ်းဆောင်နိုင်စွမ်းရှိလာမည်ဖြစ်သည်။ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရေတပ်(PLAN) စစ်ရေယာဉ်အုပ်စု၏ ကာကွယ်ရေးတာဝန်များကို ဇုန်သုံးခုပိုင်းခြားထားရှိပြီး ၁၈၅ ကီလိုမီတာမှ ၄၀၀ ကီလိုမီတာထိရှိသော အပြင်ပိုင်းကာကွယ်ရေးဇုန်ကို ရေငုပ်သင်္ဘောများ၊ တာဝေးတိုက်ခိုက်မှုများနှင့် ထောက်လှမ်း၊ စောင့်ကြည့်၊ ကင်းထောက်မှု(ISR)ဆိုင်ရာ J-15တိုက်လေယာဉ်များဖြင့် ထိန်းချုပ်ထားရှိသည်။ ၄၅ ကီလိုမီတာမှ ၁၈၅ ကီလိုမီတာအတွင်းရှိ အလယ်ပိုင်းကာကွယ်ရေးဇုန်ကို ရေဒါတပ်ဆင်ထားသော ဖျက်သင်္ဘောများနှင့်ဖရီးဂိတ်များ၊ ဒေါင်လိုက်ပစ်ခတ်မှုစနစ်(VLS)များ၊ ရေငုပ်သင်္ဘောတိုက်ဖျက်မှုစစ်ဆင်ရေးစွမ်းဆောင်ရည်များဖြင့် လုံခြုံစိတ်ချရအောင် လုပ်ဆောင်ထားသည်။ ၁၀၀ မီတာ မှ ၄၅ ကီလိုမီတာအတွင်းရှိ အတွင်းပိုင်းကာကွယ်ရေးဇုန်ကို လွှမ်းခြုံလက်နက်များ၊ ကာကွယ်ရေးစနစ်များဖြင့် ကာကွယ်စောင့်ရှောက်ထားသည်။

ဂျပန်နိုင်ငံ၏ အသံလွန်ဒုံးကျည်များသည် မဟာဗျူဟာမြောက် အဟန့်အတားများအပြင် မြောက်ကိုရီးယား၏ နျူကလီးယားလက်နက်များကို ကာကွယ်ရေးအတွက် တန်ပြန်တိုက်ခိုက်ရေးစွမ်းဆောင်ရည်များတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်သွားဖွယ်ရာရှိနေသည်။ ဂျပန်နိုင်ငံ၏ တန်ပြန်တိုက်ခိုက်ရေးစွမ်းဆောင်ရည်သည် ဒုံးကျည်အခြေစိုက်စခန်းများကဲ့သို့ စစ်လက်နက်ပစ္စည်းများကို ကာကွယ်ရေးအတွက် တာဝေးပစ်သမားရိုးကျစွမ်းဆောင်ရည်များကို အလေးထားလုပ်ဆောင်လျက်ရှိသည်။ ထို့ကြောင့် ဂျပန်နိုင်ငံသည် Toma-hawk ခရုဇ်ဒုံးကျည်များ၊ အဆင့်မြှင့်တင်ထားသော Type 12 ဒုံးကျည်များနှင့် အသံလွန်ဒုံးကျည်များ ဝယ်ယူလျက်ရှိသည်။

သို့သော် ဂျပန်နိုင်ငံသည် ဒုံးကျည်ပစ်လွှတ်ရေးယာဉ်(TEL)ကဲ့သို့သော အချိန်နှင့်တစ်ပြေးညီတိုက်ခိုက်ရမည့်ပစ်မှတ်များကိုချေမှုန်းနိုင်သည့် ထောက်လှမ်း၊ စောင့်ကြည့်၊ ကင်းထောက်မှု(ISR)စွမ်းဆောင်ရည်လိုအပ်ချက်များနှင့် ရင်ဆိုင်နေရဆဲပင်ဖြစ်သည်။ ဂျပန်နိုင်ငံ၏ တန်ပြန်တိုက်ခိုက်ရေးအခြေခံသဘောတရားသည် တိုးတက်မှုဖော်ဆောင်နေရဆဲဖြစ်ပြီး စွန့်လွှတ်စွန့်စားရမှုအန္တရာယ်သည် အဓိကပြဿနာအဖြစ် ဆက်လက်တည်ရှိနေသောကြောင့် တန်ပြန်တိုက်ခိုက်ရေးစွမ်းဆောင်ရည်များ တည်ဆောက်ကာ ဖြေရှင်းသွားသင့်ပေသည်။

အခြားတစ်ဖက်တွင်မူ မြောက်ကိုရီးယားနိုင်ငံသည် ကြိုတင်လက်ဦးမှုယူ တန်ပြန်တိုက်ခိုက်လာမှုများကိုချေမှုန်းနိုင်မည့် နျူကလီးယားကျည်ထိပ်ဖူးများ တည်ဆောက်လျက်ရှိသည်။ အထူးသဖြင့် မြောက်ကိုရီးယားနိုင်ငံသည် အခဲလောင်စာတောင့်သုံး တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည်(ICBM)များ၊ နျူကလီးယားပဲ့ထိန်းဒုံးကျည်တင် ရေငုပ်သင်္ဘော(SSBNs)များကဲ့သို့သော ပင်လယ်ပြင်အခြေစိုက်ပလက်ဖောင်းများနှင့် ပိုမိုရွေ့ပြောင်း၊ ဖုံးကွယ်နိုင်ပြီး ပုံသေပစ်လွှတ်မှုနေရာများအပေါ် မှီခိုအားထားမှု လျှော့ချခြင်းအားဖြင့် ကြံ့ကြံ့ခံနိုင်စွမ်းမြှင့်တင်နိုင်သော နည်းဗျူဟာမြောက်လက်နက်များကို ဆက်လက်တည်ဆောက်လျက်ရှိသည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ယူရေနီယံသန့်စင်မှုနေရာများကို နက်ရှိုင်းစွာမြှုပ်ထားခြင်း၊ နျူကလီးယားစွမ်းအင်ထုတ်လုပ်မှု ဆက်လက်လုပ်ဆောင်ခြင်းနှင့် နည်းဗျူဟာမြောက်ကျည်ထိပ်ဖူးများ သုတေသနပြုတည်ဆောက်ခြင်းတို့သည် ဟန့်တားမှုစွမ်းဆောင်ရည်များကို ပိုမိုမြင့်တက်လာစေမည်ဖြစ်သည်။

ဂျပန်နိုင်ငံတွင် MQ-9 Reaper ဒရုန်းများကို တပ်ဖြန့်ချထားမှုများ၊ ကိုရီးယားကျွန်းဆွယ်ပေါ်တွင် B-52s များပျံသန်းကာ လေယာဉ်ပစ်ခရုဇ်ဒုံးကျည်(ALCM)များပစ်လွှတ်ခြင်းနှင့် ဂျပန်နိုင်ငံ၏ အသံလွန်စနစ်များသည် မြောက်ကိုရီးယားအစိုးရအတွက် စိုးရိမ်ပူပန်မှု မြင့်တက်လာစေလျက်ရှိသည်။ ထို့ကြောင့် မြောက်ကိုရီးယား၏ နျူကလီးယားမူဝါဒသည် ခေါင်းဆောင်ကင်ဂျုံအန်ကို တိုက်ခိုက်ခံရမှုအပါအဝင် ၎င်း၏ကွပ်ကဲမှုနှင့် ထိန်းချုပ်မှုစနစ်များအပေါ် တိုက်ခိုက်ခံရလျှင် နျူကလီးယားလက်နက်ဖြင့် အလိုအလျောက် ပြန်လည်တိုက်ခိုက်ရေးပင်ဖြစ်သည်။

အမေရိကန်နှင့်မဟာမိတ်များအနေဖြင့် မြောက်ကိုရီးယားနိုင်ငံတွင် အစိုးရပြောင်းလဲရေးကြိုးပမ်းမှုကို ရပ်တန့်သင့်နေပြီဖြစ်သည်။ ထိုသို့လုပ်ဆောင်ခြင်းသည် အမေရိကန်အစိုးရဆန့်ကျင်သည့် စိတ်ဓာတ်များ ပိုမိုကိန်းအောင်းလာမည်ဖြစ်သည်။ ထို့ထက်ပိုမိုဆိုးရွားလာမည်ဆိုလျှင် ဒေသတွင်းမတည်ငြိမ်မှုများဖြစ်ပေါ်လာခြင်းနှင့် မြောက်ကိုရီးယားနိုင်ငံကို ဓာတု၊ ဇီဝနှင့် နျူကလီးယားလက်နက်အသုံးပြုရန် လမ်းဖွင့်ပေးသလိုဖြစ်လာမည်ဖြစ်သည်။

ဆိုရလျှင် ဂျပန်နိုင်ငံ၏ အသံလွန်တိုက်ခိုက်ရေးလက်နက်များသည် အရှေ့မြောက်အာရှလုံခြုံရေးတွင် ထူးခြားသောလှုပ်ရှားမှုတစ်ခုပင်ဖြစ်သည်။ ၎င်းလက်နက်များသည် တရုတ်၏ စစ်ရေယာဉ်အထောက်အကူပြု တိုက်ခိုက်ရေးအဖွဲ့များနှင့် မြောက်ကိုရီးယား၏ တိုးတက်လာသောနျူကလီးယားတပ်ဖွဲ့များကို စွမ်းအားမြင့်မားသည့်သမားရိုးကျဟန့်တားမှုစွမ်းဆောင်ရည်များကမ်းလှမ်းပေးမည်ဖြစ်သကဲ့သို့ လက်နက်အပြိုင်အဆိုင်တပ်ဆင်မှုအန္တရာယ်၊ မဟာဗျူဟာမြောက် မှားယွင်းတွက်ချက်မှုနှင့် ဒေသတွင်းမတည်ငြိမ်မှုများကိုလည်း ဖြစ်ပေါ်လာစေနိုင်ပေသည်။

**ကိုးကား**


– **Japan’s new hypersonic missile aims at Chinas navy, NoKo nukes by Asia Times.**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

ဝတ္ထုတိုကဏ္ဍ

# မျှော်တလင့်လင့်

ကနောင်(ပခန်းမြေ)



(၁)

မြို့၏ အစွန်ဖြစ်သော ဆင်ခြေဖုံးရပ်ကွက်ပေမို့ လူပေါင်းလည်းစုံသလို စရိုက်ကလည်းစုံလှ၏။ များသောအားဖြင့် သည်ရပ်ကွက်ကလေးတွင် သာမန်အခြေခံလူတန်းစား အများစုနေထိုင်ကြသည်။ လမ်းဘေးမြေလွတ်နေရာများပေါ်၌လည်း မိုးကာနှင့် တဲထိုးလျက် ကျူးတဲလေးများနှင့် ဖြစ်သလိုနေကြသူများလည်းရှိသည်။ သည်အရပ်ဌာန၌ နေသလိုဖြစ်သည့်ဘဝနှင့် ဖြစ်သလိုနေထိုင်ကြရသည့် လက်လုပ်လက်စားဘဝသမားများစွာတို့ ခြေကုပ်ယူ၍ နေထိုင်ကြလျက်ရှိသည်။

တချို့က ဆိုက်တွဲနင်းကြပြီး တချို့က ကယ်ရီဆွဲကြသည်။ ပန်းရန်လုပ်သူများ၊ အထွေထွေလုပ်သားများ၊ ကုန်ထမ်းသူများ၊ အမှိုက်ကောက်၍ အသက်မွေးဝမ်းကျောင်းပြုသူများနှင့် သူ့အရပ်၊ သူ့ဇာတ်ဖြင့် စည်ကားလျက်ရှိ၏။ ကလေးငိုသံ၊ တေးဆိုသံနှင့် ဆဲဆိုရန်ဖြစ်ကြသည့် အခါသမယများကလည်း သည်အရပ်ဌာန၏ နေ့စဉ် ဖြစ်လေ့ဖြစ်ထရှိသည့် ပုံရိပ်တစ်ခုကဲ့သို့ပင် တွေ့ရ၊ ကြုံရ၊ ကြားရဆဲဖြစ်၏။ ထိုသို့သောဘဝများစွာထဲတွင် ကိုချက်ဖောင်းနှင့် မမဲတူတို့ လင်မယားနှစ်ယောက်လည်း အပါအဝင်ဖြစ်၏။

ကိုချက်ဖောင်းနှင့် မမဲတူတို့တွင် ရှစ်နှစ်အရွယ်သားတစ်ယောက်နှင့်လေးနှစ်အရွယ်သမီးတစ်ယောက်ရှိ၏။ ကိုချက်ဖောင်းက ရပ်ကွက်ထဲတွင် ကြုံရာကျပန်းအလုပ်မှန်သမျှ အကုန်လုပ်သည်။ အိမ်သာကျင်းတူးလည်းပါ၏။ သစ်ပင်လှဲလည်းပါ၏။ ချုံရှင်း၊ မြေ့ရှင်းလည်းပါသည်။ အောက်ခြေသိမ်းအလုပ်မှန်သမျှ ခိုင်းဖို့ခေါ်သူရှိပါက မခိုမကတ်နှင့် အားကြိုးမာန်တက်လုပ်သည်။

မမဲတူကလည်း မြို့ထဲရပ်ကွက်များတွင် အိမ်သန့်ရှင်းရေး၊ အဝတ်လျှော်၊ မီးပူတိုက်၊ အချက်အပြုတ်နှင့် သာရေးနာရေးရှိပါက ပန်းကန်ဆေးက အစ လိုက်၍ လုပ်လေ့ရှိသည်။

သားကြီးဖြစ်သူဖိုးထူးက ညီမဖြစ်သူကို ထိန်းရသည်။ ကလေးထိန်းရသဖြင့် ကျောင်းကိုလည်း တက်တစ်ခါ၊ ပျက်တစ်လှည့်နှင့် မကြာခဏ ပျက်လေ့ရှိသည်။ မိဘများ အလုပ်သွားသည့်အခါ အကြီးကောင်က အငယ်မကို ထိန်းကျောင်းရသည်။ ညနေမိုးချုပ်စ ကိုချက်ဖောင်း အလုပ်ကပြန်လာပြီ ဆိုသည်နှင့် ညနေခင်း၏ အိမ်တွင်းရေးပဋိပက္ခဖြစ်သည့် ဆဲသံဆိုသံ၊ ထုသံထောင်းသံများကို နေ့စဉ်ကြားရစမြဲဖြစ်၏။ ယခုလည်း ကိုချက်ဖောင်းတို့ အိမ်ထဲဆီမှ လင်မယားရန်ဖြစ်သည့် အသံများက ရပ်ကွက်ထဲတွင် အတိုင်းသား ကြားခဲ့ရပြီဖြစ်၏။

(၂)

"တောက် ဒီမိန်းမကွာ။ နေဝင်လို့ မိုးချုပ်တာဖြင့် ကြာပြီ။ အခုထိ ထမင်းတစ်အိုး မကျက်သေးဘူး။ ဘယ်တွေသွား၊ ဘာတွေလုပ်နေလဲမသိဘူး။ ထမင်းချိန်မသိ၊ ဟင်းချိန်မသိ"

ကိုချက်ဖောင်းက မူးလာပြီဆိုသည်နှင့် မီးဖိုချောင်ချီးမွမ်းခန်းကို ထိုသို့ထုတ်ဆိုသည်။ ထိုအခါ မီးဖိုချောင်ဒေဝီ မမဲတူကလည်း အိမ်ဦးနတ်ကို ကက်ကက်လန်အောင် ချေပသည်။

"တော် မူးလာရင် အေးအေးဆေးဆေးနေနော်။ ညနေစောင်းပြီဆိုတာနဲ့ အရည်တွေသောက်လာပြီး အိမ်ရောက်တာနဲ့ အမြဲပြဿနာရှာတာပဲ။ ကျုပ်မှာလဲ ရတဲ့ပိုက်ဆံလေးနဲ့ အဆင်ပြေအောင် ချက်ပြုတ်ကျွေးနေတာပဲ"

မမဲတူက မီးဖိုချောင်ဝင်ရ၍ ပူရသည့်အထဲ ကိုချက်ဖောင်း၏စကားကြောရှည်မှုကြောင့် နားပါပူရသောအချိန်မျိုးတွင် စိတ်မရှည်။ နေ့တိုင်း နေ့တိုင်း အရစ်ခံနေရ၍ နေ့တိုင်းနီးပါးလည်း ရန်ဖြစ်စကားများရသည်။ ယခုလည်း မမဲတူ ကိုချက်ဖောင်းကို ပြန်၍ပြောမိရပြန်သည်။

"ကိုချက်ဖောင်းရယ် တော့်ကို ကျုပ် ခဏခဏလဲ ပြောခဲ့ရပေါင်းများပြီ။ တော် အရက်ကို ကြိုက်လို့သောက်ရင်လဲ အပြင်ဆိုင်မှာပဲ သောက်ရင်တော်ရောပေါ့။ တော်မွေးထားတာက သားကော၊ သမီးကော။ ကလေးတွေကိုလဲ ငဲ့ကြည့်အုံးမှပေါ့။ အတုမြင် အတတ်သင်လို့ကတော့ ကျုပ်သားလေးဘဝ နစ်မွန်းရချည်ရဲ့"

"တော် တိတ် မိကျောင်းမင်းရေခင်းပြမနေနဲ့။ ငါအရက်သောက်တယ် ဘာဖြစ်လဲ။ ငါ့ကို ဆရာလာလုပ်မနေနဲ့ ငါလုပ်လိုက်လို့ နင်"

ကိုချက်ဖောင်းစကားမဆုံးခင် မမဲတူက လက်ထဲက မီးပလွေနှင့်လှမ်းပစ်လိုက်ပြီး ထဘီကိုတိုအောင် ပြင်ဝတ်ကာ ခါးထောက်လျက် ကိုချက်ဖောင်းကို ရန်ပြန်တွေ့လေသည်။

"ခွမ်း"

ကိုချက်ဖောင်းကလည်း လက်ထဲက အရက်ပုလင်းကို ရိုက်ခွဲလိုက်ပြီး မမဲတူကို ထိုးဖို့လုပ်လေသည်။

"ဒီမိန်းမ ငါ့စိတ်ကို လာဆွနေတယ်။ သေမယ် မပြေးနဲ့"

ယိုင်တီယိုင်တိုင်နှင့် ကိုချက်ဖောင်းက မမဲတူကို ရန်ပြုဖို့လိုက်လေ၏။ ထိုအခါ မမဲတူခမျာ အိမ်ထဲက ထွက်၍ ပြေးရလေသည်။ သားကြီးဖိုးထူးက ကလေးထိန်းလျက်နှင့် ငို၍အော်ပြောရှာသည်။

"ဖေဖေ မေမေ့ကို မလုပ်ပါနဲ့။ ဖေဖေ မေမေ့ကို မလုပ်ပါနဲ့။ အီး ဟီး ဟီး ဖေဖေ့ကို တားကြပါအုံးဗျာ"

ထိုအခါ အိမ်နီးနားချင်းများက ထွက်လာကြပြီး အမျိုးသားများက ကိုချက်ဖောင်းကို ဝိုင်းဝန်းထိန်းကြသည်။ အမျိုးသမီးများက မမဲတူကို ခေါ်ထားပြီး ဖျန်ဖြေပေးကြရလေ၏။ အရပ်ကူ၍ လူဝိုင်းလိုက်သောအခါ ထုံးစံအတိုင်း ကိုချက်ဖောင်းတို့ အိမ်တွင်း မီးလေးသည် တစ်နေ့စာအဖို့ ငြိမ်းသွားရပြန်၏။ ဒါသည် နေ့စဉ်ဖြစ်လေ့ရှိသော သည်အရပ်၊ သည်ဒေသ၏ ဘဝပြဇာတ်တစ်ပုဒ်ပင်ဖြစ်၏။ ကိုချက်ဖောင်းက နေ့စဉ်သောက်မည်။ ပြန်လာလျှင် မိန်းမဖြစ်သူကိုရစ်မည်။ မမဲတူက သည်းမခံနိုင်၍ ပြန်လည်ပြောဆိုမည်။ ထိုအခါ ကိုချက်ဖောင်းက မမဲတူကို ထုဟယ်၊ ရိုက်ဟယ်လုပ်မည်။ ပတ်ဝန်းကျင်ရှိ လူများက လက်မလွန်စေရန် ဖျန်ဖြေပေးကြမည်။ ပြန်လည်သင့်မြတ်သွားသောအခါထမင်းလက်ဆုံအတူစားလျက်နှင့် တစ်နေ့တာ အဆုံးသတ်ခဲ့ကြရစမြဲဖြစ်၏။ ပတ်ဝန်းကျင်က ကိုချက်ဖောင်းကို မပြောဝံ့ကြသော်လည်း မမဲတူကိုတော့ သနားစာနာမိကြလေ၏။

(၃)

"မဲတူရယ် ညည်းခမျာလဲ လင်ဆိုးမယားတဖားဖား ဆိုသလို ကိုချက်ဖောင်းနှိပ်စက်တဲ့ဒဏ် အမြဲ ဒီလိုပဲ ခံသွားတော့မှာလား"

ထိုသို့ ပတ်ဝန်းကျင်ကဆိုလာလျှင် မမဲတူခမျာ ကိုချက်ဖောင်းကို ဖာဖာထေးထေး ကာကွယ်ပေးမိပြန်လေ၏။

"ကိုချက်ဖောင်းက မူးနေတုန်း သွေးဆိုးတာပါအေ။ ပုံမှန်ချိန်ဆို ကိုချက်ဖောင်းက စိတ်ရင်းကောင်းရှာပါတယ်"

"တို့ကတော့ ဘေးကနေ ခံရခက်လိုက်တာ။ ကိုချက်ဖောင်းကို ကွာရှင်းပြီး ညည်းမိဘအိမ်ကို ကလေးတွေနဲ့ပြန်နေတာကမှ လင်ပေးတဲ့ဒုက္ခကနေ လွတ်မြောက်အုံးမယ်"

"အဲဒီလိုကျပြန်တော့ ကလေးတွေက ရှိသေးတယ်လေ။ မိရယ်၊ ဖရယ်အစုံရှိပါလျက်နဲ့ အဖေရယ် ခေါ်စရာမရှိရင် ကလေးတွေအတွက် ဘယ်ကောင်းပါ့မလဲအေ။ ကျုပ်သားသမီးလေးတွေကို မြေစာမြက်အဖြစ်မခံနိုင်လို့၊ ကိုချက်ဖောင်းကို ကျုပ်သည်းခံ ပေါင်းသင်းနေရတာပေါ့တော်"

ထိုသို့ ဆိုပြန်တော့လည်း မမဲတူစကားက ဟုတ်သလိုလိုရှိသည်။ သားသမီးများအတွက် မိခင်မေတ္တာစိတ်အပြည့်နှင့် ရင်ထဲအရှိအတိုင်း ပြောဆိုမိနေခြင်းဖြစ်၏။ ကမ္ဘာပေါ်တွင်မိခင်၊ ဖခင်ရှိပါလျက်နှင့် မိဘနှင့် အတူနေခွင့်မရ တစ်ကွဲတစ်ပြားဖြစ်ကြရသည့် ကလေးများစွာရှိကြသကဲ့သို့ စွန့်ပစ်ခံရသည့်ကလေးများစွာလည်းရှိကြသည်။ ဤသည်မှာ အိမ်ထောင်ရေးနှင့် ဘဝကို တန်ဖိုးမထားကြ၍ဖြစ်သည်။

အိမ်နီးချင်းနှင့် စကားကောင်းနေခိုက် အိမ်ရှေ့သို့ ဆိုက်တွဲတစ်စီး ထိုးရပ်သံ ကြားလိုက်ရသည်။ ဆိုက်တွဲပေါ်မှဆင်းလာသည်က မမဲတူ၏အမေဖြစ်လေသည်။ ဆိုက်တွဲခကိုရှင်းပြီး အိမ်ထဲဝင်လာသည်နှင့်-

" ဟဲ့ မဲတူ ညည်းတို့လင်မယား ရန်ဖြစ်ကြပြန်တယ်ဆို အားနေရန်ချည်း ဖြစ်နေကြတယ်ထင်ပါရဲ့။ ငါ့မြေးလေးတွေ အဘွားဆီလာကြပါအုံးအေ"

လူသတင်း လူချင်းဆောင်၍ အမေတို့ဆီသို့ သတင်းကရောက်သွားသည်။ ယခုပဲ အိမ်ပေါ်ရောက်လာသည့်အမေက တဗျစ်တောက်တောက်ပြောဆိုရင်း သူ့မြေးနှစ်ယောက်ကို ပါလာသည့်မုန့်များ ကျွေးနေသည်။

"အမေကလဲ သူ့မြေးတွေဖို့ကျ မုန့်ပါတယ်။ သမီးအတွက်ကျ မပါဘူးလား"

"ပါပ့ါတော် ပါပ့ါ ရော့ရော့ ဟိုကောင်ချက်ဖောင်းရော မမြင်ပါလား"

မိခင်ဖြစ်သူက မမဲတူအတွက် မုန့်ထုပ်ကို ကမ်းပေးရင်း အိမ်မှာမမြင်သည့် ကိုချက်ဖောင်းကို မေးလေသည်။

"အမေ့သမက်က သိတဲ့အတိုင်း မူးလာရင် သွေးဆိုးတတ်တာပဲ။ ပြီးတော့လဲ သူမဟုတ်တဲ့အတိုင်းပါပဲ။ အခုလဲ ညကကျန်တဲ့ထမင်းကြမ်းကြော်လေးစားပြီး အလုပ်ထွက်သွားလေရဲ့"

" အင်း ညည်းတို့နှစ်ယောက်နဲ့ ငါ့မြေးလေးတွေတော့ မလွယ်ပါဘူး။ ငါပြန်ရင် ငါ့မြေးလေးတွေကို တစ်ပတ်ဆယ်ရက်ခေါ်သွားမယ်။ ညည်းလဲ လိုက်ချင်တစ်ခါထဲလိုက်ခဲ့"

"အမေ့မြေးတွေ အမေခေါ်သွားချင်ခေါ်သွား သမီးကတော့ လိုက်လို့မဖြစ်ဘူးအမေ။ ကိုချက်ဖောင်းက သမီးမရှိရင် မဖြစ်ဘူး အမေရေ"

"အေး ဝဋ်ရှိတော့လဲ ခံပေ့ါအေ။ ကလေးတွေကို လာမခေါ်နဲ့တစ်ပတ်ဆယ်ရက်နေရင်ငါပြန်လာပို့မယ်။ သူ့အဘိုးကလဲ မြေးတွေလွမ်းလို့ ငါလာခေါ်တာ"

နေ့လယ်ပိုင်းအချိန်တွင် မိခင်ဖြစ်သူ ပြန်သွားသည့်အခါ မြေးနှစ်ယောက်ကို အပါခေါ်သွားလေ၏။ မမဲတူလည်း ရှိသည့်ထမင်းနှင့်ဟင်းကို ခူးခပ်ပြီး စားပွဲခုံပေါ်တင်ထားလိုက်သည်။ အပေါ်က အုပ်ဆောင်းပေါ်သို့ ပုဆိုးစုတ်ကလေးကိုလွှား၍ တင်ထားလိုက်၏။ ကိုချက်ဖောင်းပြန်လာလျှင် စားဖို့အဆင်သင့်ပင်။ မမဲတူက အမေမပြန်ခင် အမေနှင့်အတူ ထမင်းလက်ဆုံ တစ်လုပ်တစ်ဆုပ် စားပြီးပြီဖြစ်သဖြင့် လမ်းထိပ်က တိုက်အိမ်ကြီးက အဝတ်လျှော်ရန်ခေါ်ထား၍ တဘက်နွမ်းလေးကို ခေါင်းပေါ်ခေါက်တင်ပြီး ထွက်လာခဲ့တော့သည်။

(၄)

"ဟဲ့ မဲတူ နင်ငါ့သားနဲ့သမီးလေးကို ဘယ်ပို့လိုက်ပြန်ပြီလဲ"

"မနက်က အမေလာခေါ်သွားတယ်။ တစ်ပတ်ဆယ်ရက်နေရင် ပြန်လာပို့မယ်တဲ့"

ညနေ မမဲတူအိမ်ပြန်ရောက်တော့ ကိုချက်ဖောင်းကရောက်နှင့်နေပြီ ဖြစ်၏။ သောက်စားပြီး တစ်ရေးတစ်မောအိပ်ရာမှ နိုးလာသောအခါ ကလေးများကို

စာမျက်နှာ ၂၅ သို့ ➤

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၉၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကျွန်းလှ ဇူလိုင် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၉၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၄၁၂ ကေ စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် မေလ ပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၉၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ ပဲတီစိမ်းကေ ၅၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ကေ ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေ၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ယခုနှစ် ကျွန်းလှမြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျ သုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို တစ်ကေပန်းတိုင် အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို ပိုမိုတိုးချဲ့ စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

(၂၀၆)

# ဖာပွန်မြို့နယ် ပုဇွန်မြောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဖာပွန် ဇူလိုင် ၈**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖာပွန်မြို့နယ် ပုဇွန်မြောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖာပွန်ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်း၊ မြို့နယ်ဦးစီးမှူး ဦးပြည့်ဦးကိုကိုနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ပုဇွန်မြောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်းက စီမံကိန်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ် သိန်း၃၀ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး အဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၂ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၅၁၃ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ကိုသက်**

➢ စာမျက်နှာ ၂၄ မှအဆက်

မတွေ့၍ မမဲတူကိုမေးလေ၏။

"ငါအရက်သောက်ဖို့ အရက်ဝယ်ပေးမဲ့ ငါ့သားလေးမရှိတော့ သာဝတို့ဆိုင်ကို နင်သွားပြီး အရက်ဝယ်ပေးစမ်းမဲတူ"

အလုပ်ကအပြန် အိမ်ထဲဝင်ဝင်ချင်း ကိုချက်ဖောင်းက မမဲတူကို အရက်ဝယ်ခိုင်းသည်။ မမဲတူ ဒေါသဖြစ်သွားမိ၏။ ထို့ကြောင့် ကိုချက်ဖောင်းကို ပြန်ပြောမိရပြန်လေပြီ။

"တော် ခြေထောက်မပါဘူးလား။ ကိုယ်သောက်ချင်တာကိုယ့်ဘာသာသွားဝယ်သောက်ပါလား။ ကိုယ်သောက်မဲ့အရက်ကို မိန်းမ ဝယ်ခိုင်းရတယ်လို့ အဲ့ဩလို့ကို မဆုံးဘူး"

"တယ် ဒီမိန်းမက စကားကြောရှည်နေ ကဲဟာ"

"အား အမယ်လေး သေပါပြီတော်"

ကိုချက်ဖောင်းက အနီးရှိအရက်ပုလင်းခွံနှင့်ပစ်ပေါက်လိုက်၍ မမဲတူခမျာ လက်နှင့်ကာသော်လည်း လက်ကောက်ဝတ်အရိုးကိုထိသွားသည်။ နာလွန်း၍ အမယ်လေးတလျက် အော်ယူရလေ၏။

"ကိုချက်ဖောင်း တော် တော်တော်တရားလွန်လာပြီနော်"

"လွန်တယ်ဟာ လွန်တော့ဘာဖြစ်လဲ နင်နော် ငါလုပ်လိုက်ရင်သေတော့မယ်။ နင်သတိထားနေ အေ့ ဇွေ"

အရက်နံ့တထောင်းထောင်းနှင့် မမဲတူကို လက်ညှိုးထိုး၍ ကြိမ်းမောင်းပြီး ကိုချက်ဖောင်းသည် ဒယီးဒယိုင်ဖြင့် အိမ်ထဲမှ ထွက်သွားလေတော့၏ ။

(၅)

" မဲတူရယ် နင့်ခမျာလဲ လင်ဆိုးမယားတဖားဖားဆိုသလို ဝဋ်ကလဲကြီးလိုက်တာ။ ချက်ဖောင်းလုပ်စာကိုလဲ ဟုတ်တိပတ်တိစားရတာမဟုတ်။ နင့်အပေါ် ဒီလောက်ထိ အမြဲအနိုင်ကျင့်နှိပ်စက်နေတာ ကိုယ့်ကလေးတွေကိုခေါ်ပြီး ထွက်သွားတာကမှ နင် သူ့ဝဋ်ကကျွတ်အုံးမယ်"

ထိုစကားများကို ဆွေမျိုးများနှင့်အိမ်နီးချင်းများက ပြောပေါင်းဆိုပေါင်းလည်းများခဲ့ပြီ။ သနားစာနာ၍ပြောလာကြသော်လည်း မမဲတူခမျာ မလိုက်နာနိုင်ခဲ့။

"ကိုယ့်ဝမ်းနာ ကိုယ်သာသိ" ဆိုသလို ကလေးတွေကြီးလာလျှင် အဖေခေါ်စရာမရှိမှာစိုးရသည်။ ထို့ကြောင့် အများတကာ၏ စာနာ၍ ပြောဆိုလာကြသည့် အကြံပြုစကားများကို မမဲတူခမျာ စကားအလှဖြင့် ကြည့်ကောင်းအောင် ပြန်ပြောခဲ့ရစမြဲဖြစ်၏။

"ကျုပ်မရှိရင် သူပိုဆိုးသွားမှာပေါ့။ ထင်ရာလုပ် ထင်ရာသွား အပေါင်းအဖော်တွေနဲ့ပျော်ပါးပြီး ပိုသောက်နေရင် သူပဲ ဒုက္ခပိုရောက်သွားမှာ။ ကျုပ်ရှိနေတော့အိမ်ပြန်လာရကောင်းမှန်းသိသလို သားတွေသမီးတွေရှိသေးမှန်းလဲ သိရှာတယ်။ တစ်နေ့နေ့မှာ သူအသိလေးရလာပြီး ကလေးတွေအတွက် ပြုပြင်လိမ္မာလာနိုင်ဖို့လဲ မျှော်လင့်လို့ရတာပဲ။ ကျုပ်အဖို့တော့ ကိုချက်ဖောင်းမကောင်းရင်နေပါစေ။ ကလေးတွေအတွက် ဖခင်ကောင်းဖြစ်လာနိုင်ရင် ကျုပ်ပေါင်းသင်းရကျိုးနပ် ပါတယ်တော်"

ထိုသို့ မမဲတူဆီက တုံ့ပြန်ပြောဆိုလာလေတိုင်း ပတ်ဝန်းကျင်နှင့် ဆွေမျိုးများက လက်လျှော့သွားကြရသည်ချည်းဖြစ်၏။ မမဲတူလို မိခင်မျိုးလည်း လောကကြီးထဲမှာ ရှိသေးပါလားဟု တွေးမိလိုက်ကြရသည်သာဖြစ်၏။ မမဲတူခမျာ ခင်ပွန်းဖြစ်သူဆိုးသော်လည်း ကလေးတွေအဖို့ ပြုပြင်ကောင်းမွန်လာနိုးဖြင့် မျှော်တလင့်လင့်နှင့် အိမ်ထောင်ရေးကို မပြိုမကွဲခိုင်မြဲအောင် တည်ဆောက်နေဆဲဖြစ်ပေ၏။

## မိုးရာသီမှာ သစ်ပင်စိုက်ပါ

\- မိုးဝသန် ရာသီလမှာဖြင့်
စိုက်ပျိုးကြ သစ်ပင်တွေ၊
စိမ်းစိုစို အရိပ်ကောင်း
ငြိမ့်ညောင်းအေးပေ၊
နှစ်ရှည်လည်း စိုက်ပျိုးလေ
ကြိုးစားစေ ပြည်သူများ၊
စုပေါင်းကာ သစ်ပင်စိုက်လို့
ဖိုးထိုက်စေသား။

\- ပင်တမာ မန်ကျည်းမခြား
ကုက္ကိုများ သစ်ပင်ရယ်၊
လမ်းဘေးယာ ပန်းတင့်
စိုက်ပျိုးသင့်တယ်၊
မျိုးဆက်သစ် များလူငယ်
တို့ရည်ရွယ် နှလုံးသွင်း၊
လုပ်အားညီ အတူလက်တွဲကာ
ဆင်နွှဲချက်ချင်း။

\- မိုးရာသီ ကာလအတွင်းမှာလ
ပြုလုပ်ခြင်း သင့်တော်သည်၊
မိုးရေမှန် ရွာသွန်းဖြိုး
စိုက်ပျိုးသင့်ပြီ၊
သစ်ပင်များ ဖြစ်ထွန်းတည်
နွေရာသီ အရိပ်ရ၊
စဉ်းစားဉာဏ် အတွေးလေးနဲ့
စိုက်ပျိုးပေးကြ။ ။

ဖြိုးထက်(ရေစကြို)

# မအူပင်မြို့နယ်မှ ဇွန်လအတွင်း ကွမ်းသီးအနုပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် ဇူလိုင် ၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကွမ်းသီးအနု ပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်စန်းက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် မေလ အတွင်း ကွမ်းသီးအနုပိဿာချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ကွမ်းသီးအနုပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးအနုများ တင်ပို့အားကောင်းလာခြင်းသည် ပြည်တွင်းဈေးကွက်မှ ဝယ်လိုအား ကောင်းနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"မအူပင်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ကွမ်းသီး အနုပိဿာချိန်အများအပြား ဇွန်လထဲမှာ တင်ပို့ရောင်းချခဲ့ပါတယ်။ ကွမ်းသီးအနုတွေ အမှာကုန်များလာလို့ ရန်ကုန်ဈေးကွက်ကို တင်ပို့ကုန်အများအပြား တင်ပို့ခဲ့ရတာ ဖြစ်ပါတယ်။ လက်ရှိ ကွမ်းသီးအနုတစ်ပိဿာကို ငွေကျပ် ၁၁၅၀၀ ထိ ဈေးပေါက်နေပါတယ်''ဟု မအူပင်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြည်စန်းက ပြောပြသည်။

မအူပင်မြို့နယ်မှထွက်ရှိသည့် ကွမ်းသီးအနုများကို ကုန်သည်များက ကွမ်းသီးခြံများသို့ သွားရောက်ဝယ်ယူ၍ စနစ်တကျရွေးချယ်ထုပ်ပိုးပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ ယခင်က ကွမ်းသီးအစိမ်း၊ အမှည့်ဈေးကွက်နှစ်မျိုးသာရှိပြီး ယခုအခါ ရင့်မှည့်ချိန်ထိ စောင့်ရောင်းရန်မလိုဘဲ ကွမ်းသီးအနုများပါ အရောင်းအဝယ်ပြုလုပ်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မြွက်ဟချက်ဒီကရီစွဲလျှင် ပိုင်ဆိုင်ခွင့်ရှိကြောင်းပြသနိုင်ရမည်

စိန်လှိုင်ဗိုလ်

တရားမဥပဒေသည် ကျယ်ဝန်းပါသည်။ နက်နဲပါသည်။ ရှုပ်ထွေးသည်ဟုလည်း ဆိုနိုင်ပါသည်။ တရားမကျင့်ထုံးများ၊ အမိန့်များနှင့် နည်းဥပဒေများသည် လေ့လာလိုက်စား၍ မကုန်နိုင်အောင်များပြားလှပါသည်။ တစ်စုံတစ်ယောက်သည် မိမိလက်ဝယ်တွင်မရှိဘဲ အခြားသူလက်ဝယ်တွင် ရောက်ရှိနေသောပစ္စည်းကို တရားမကျင့်ထုံးအမိန့် ၂၁၊ နည်းဥပဒေ -၁၀၃ အရ မိမိပိုင်ဖြစ်ကြောင်း မြွက်ဟဒီကရီရလိုကြောင်း စွဲဆိုလျှင် ၎င်းပစ္စည်းသည် မိမိလက်ရှိရရန် ပိုင်ဆိုင်ခွင့်ရှိကြောင်း ထင်ရှားအောင်ပြသနိုင်မှသာ ဒီကရီရရှိမည်ဖြစ်ကြောင်း စီရင်ထုံးဖွဲ့ထားသော အမှုတစ်ခုနှင့် စပ်လျဉ်း၍ ရည်ညွှန်းကိုးကား ရေးသားတင်ပြပါဦးမည်။

**အမှုဖြစ်စဉ်အကျဉ်း**

ရန်ကုန်မြို့ တရားမရုံး၏ ၁၉၆၁ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၀၇ တွင် မသန်းသန်းဆင့်က ၎င်း၏ အနီးစပ်ဆုံးမိတ်ဆွေနှင့် မိခင်ဒေါ်အုန်းခင်မှတစ်ဆင့် ဦးကျော်အုန်းဆိုသူကို ရန်ကုန်မြို့ (၈) လမ်း၊ တိုက်အမှတ် (၇၀) မှ ထွက်ခွာသွားရန် တရားစွဲဆိုသည်။ ဦးကျော်အုန်းသည် ချေလွှာတင်သွင်းပြီးနောက် ရုံးသို့မလာရောက်သဖြင့် ရုံးတော်က တစ်ဖက်သတ်ဒီကရီချခဲ့သည်။ ထိုဒီကရီကို ဇာရီပြုရာ တရားရှုံးဦးကျော်အုန်းနှင့် **တိုက်၏ မြောက်ဘက်အခန်းတွင် နေထိုင်လျက်ရှိသည့် ရှရပ်ဂွမ်တို့ကို ဥပစာမှ ဖယ်ရှားကာ မသန်းသန်းဆင့်သို့ တရားရုံးက လက်ရောက်ပေးအပ်ခဲ့ပါသည်။**

ထိုအခါ မြောက်ဘက်အခန်းမှ ဖယ်ရှားခံရသူ ရှရပ်ဂွမ်က ၎င်းသည် အချင်းဖြစ်တိုက်၏ တိုက်ပိုင်ရှင် ဒေါ်သန်းမြနှင့် ဒေါ်သန်းလှတို့ထံမှ အိမ်လခ တစ်လ ငွေကျပ် ၁၀၀ နှုန်းဖြင့် ငှားရမ်းနေထိုင်ခဲ့ကြောင်း၊ တရားရှုံးဦးကျော်အုန်းနှင့် လုံးဝအဆက်အသွယ်မရှိကြောင်းတင်ပြကာ **တရားမကျင့်ထုံးဥပဒေ အမိန့်-၂၁၊ နည်းဥပဒေ-၁၀၀** အရ ဖယ်ရှားခြင်းခံရသည့် အခန်းကို ၎င်းကိုပြန်လည်အပ်နှံပေးရန် တရားရုံးသို့ လျှောက်ထားခဲ့သည်။

ထိုလျှောက်ထားချက်နှင့် ပတ်သက်၍ နှစ်ဖက်တင်ပြသည့် သက်သေအထောက်အထားများကို စုံစမ်းကြားနာပြီးနောက် ရှရပ်ဂွမ်သည် ထိုအခန်း၌ တရားရှုံးဦးကျော်အုန်း၏ အခွင့်အမိန့်နှင့် နေထိုင်ခြင်းမဟုတ်ဘဲ ဒေါ်သန်းမြနှင့် ဒေါ်သန်းလှတို့ထံမှ ငှားရမ်းနေထိုင်ခဲ့ခြင်းသာဖြစ်၍ တရားရှုံးဦးကျော်အုန်းမှတစ်ဆင့် နေထိုင်ခြင်းမဟုတ်ကြောင်း အဆုံးအဖြတ်ပြုကာ ရှရပ်ဂွမ်၏ လျှောက်ထားချက်ကို ခွင့်ပြုလိုက်ပါသည်။

၎င်းသို့ခွင့်ပြုလိုက်သောအမိန့်ကို မသန်းသန်းဆင့်က မကျေနပ်သဖြင့် **တရားမကျင့်ထုံးအမိန့်-၂၁၊ နည်းဥပဒေ-၁၀၃ အရ မြွက်ဟချက်ဒီကရီရလိုမှု** စွဲဆိုခဲ့သည်။ တရားသူကြီးက ဒေါ်သန်းမြနှင့် ဒေါ်သန်းလှတို့ကို အမှုတွင် အမှုသည်အဖြစ် ထည့်သွင်းစွဲဆိုရမည်ဖြစ်သော်လည်း ၎င်းတို့ကို အမှုသည်အဖြစ် ထည့်သွင်းခဲ့ခြင်းမရှိ၍ အမှုစွဲဆိုပုံ မပြည့်စုံကြောင်း၊ မသန်းသန်းဆင့်သည် အချင်းဖြစ်ဥပစာကို တစ်ဦးတည်းပိုင်သည်ဆိုခြင်းမှာ မထင်ရှားကြောင်း အဆုံးအဖြတ်ပြုကာ စွဲဆိုသည့်အမှုကို ပလပ်လိုက်ပါသည်။ ထိုကဲ့သို့ ပလပ်လိုက်သော ဒီကရီကို မကျေနပ်သောကြောင့် မသန်းသန်းဆင့်က နိုင်ငံတော်တရားရုံးချုပ်သို့ အယူခံမှုတင်သွင်းခဲ့ပါသည်။

**တရားရုံးချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

ဤအယူခံမှုတွင် စဉ်းစားရမည့်ပြဿနာ နှစ်ရပ်သာရှိသည်။ ၎င်းတို့မှာ

(က) ဒေါ်သန်းမြနှင့်ဒေါ်သန်းလှတို့ကို အမှုသည်အဖြစ် ထည့်သွင်းခြင်းမပြုသည့် အချက်ကြောင့်



အယူခံတရားလို မသန်းသန်းဆင့် စွဲဆိုသည့်အမှုမှာ ပျက်ပြယ်ပါသလား။

(ခ) အယူခံတရားလို မသန်းသန်းဆင့်သည် စွဲဆိုသည့်အတိုင်း မြွက်ဟချက်ဒီကရီရနိုင်ပါသလား ဆိုခြင်းပင်ဖြစ်သည်။ ဒုတိယပြဿနာမှာ ဤအမှုအရှုံး၊ အနိုင်ကို အဆုံးအဖြတ်ပေးနိုင်သည့်အလျောက် ထိုပြဿနာကို ဦးစွာဝေဖန် စိစစ်ရမည်ဖြစ်ကြောင်း တရားရုံးချုပ်က သုံးသပ်ခဲ့ပါသည်။

ထိုကိစ္စနှင့်ပတ်သက်၍ တရားမကျင့်ထုံးဥပဒေ အမိန့်-၂၁၊ နည်းဥပဒေ-၁၀၃ အရ မြွက်ဟချက်ဒီကရီရလိုကြောင်း စွဲဆိုသည့်အမှုမှာ မည်ကဲ့သို့သော အမှုဖြစ်သည်ဆိုခြင်းကို ဆန်းစစ်ရန်လိုပေသည်။ **ထိုကဲ့သို့သောအမှုမျိုးတွင် တရားလိုသည် အချင်းဖြစ်ဥပစာကို လက်ရှိရရန်ပိုင်ဆိုင်ခွင့်ရှိကြောင်း ထင်ရှားအောင်ပြသနိုင်မှသာ ဒီကရီရရှိနိုင်မည်ဖြစ်ကြောင်း** တရားရုံးချုပ်က စိစစ်သုံးသပ်ခဲ့ပါသည်။

နည်းဥပဒေ-၉၈၊ ၉၉ နှင့် ၁၀၀ တို့အရ စုံစမ်းစစ်ဆေးရာ၌ လက်ရှိ ဟုတ်၊ မဟုတ်ဆိုသော အချက်ကိုသာ အဓိကထား၍ဆုံးဖြတ်ရသည်ဖြစ်သော်လည်း **နည်းဥပဒေ-၁၀၃ အရ စွဲဆိုသည့်အမှုတွင်မူ မည်သူ လက်ရှိဆိုသောအချက်မှာ အဓိကမဟုတ်ဘဲ လက်ရှိရရန် ပိုင်ဆိုင်ခွင့်ရှိ၊ မရှိဆိုသောအချက်ကို အဓိကထား၍ စဉ်းစားဆုံးဖြတ်ရမည်ဖြစ်ကြောင်း ကေဆွလာစက်များနှင့် အေ၊ ပီဂိုဗင်ဒါဆွာမိ အေအိုင်အာရ် ၁၉၄၆ မဒရပ် ၇၆** အမှုစီရင်ထုံးကို တရားရုံးချုပ်က ရည်ညွှန်းကိုးကားခဲ့ပါသည်။ ထို့ပြင် **ဂျာတင်ဒရာနတ်နှင့် နန်ဒါလာလ်ဒတ် အေအိုင်အာရ် ၁၉၄၇ ကလကတ္တား ၄၃၄** အမှုစီရင်ထုံးကိုလည်း တရားရုံးချုပ်က ထပ်မံကိုးကားခဲ့ပါသည်။

ယခုအမှုတွင် အယူခံတရားလို မသန်းသန်းဆင့်က ၎င်းသည် မိဘများဖြစ်ကြသည့် ဦးလှရွှေနှင့် ဒေါ်အုန်းခင်တို့ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲစဉ်က ဒေါ်အုန်းခင်ထံ၌ ကိုယ်ဝန်ရှိပြီး ကွာရှင်းပြီးနောက်တွင်မှ မွေးဖွားခဲ့သူဖြစ်သည်။ ဦးလှရွှေ သေဆုံးသောအခါ အခြားဇနီးနှင့် သားသမီးများ မကျန်ရစ်ခဲ့သည့်အလျောက် ဦးလှရွှေ ပစ္စည်းဖြစ်သော အချင်းဖြစ်ဥပစာတွင် အမွေဆိုင်တစ်ဦးအနေဖြင့် ပိုင်ဆိုင်ကြောင်းတင်ပြခဲ့သည်။

မြန်မာဗုဒ္ဓဘာသာဥပဒေအရ လင်မယားနှစ်ဦး ကွာရှင်းပြတ်စဲသောအခါ မိခင်၏နောက်သို့ ပါသွားသည့် ကလေးတစ်ဦးသည် ဖခင်ဖြစ်သူကို သားသမီးတို့၏ ပြုဖွယ်ဝတ္တရားဆောင်ရွက်ပေးခြင်း မရှိလျှင် ဖခင်သေဆုံးသောအခါ ဖခင်၏ပစ္စည်းအပေါ် အမွေခံစားခွင့်မရှိကြောင်း၊ သို့ရာတွင် မိဘနှစ်ပါး ပြတ်စဲပြီးမှ သားသမီးမှာမူ ငယ်ရွယ်နုနယ်သဖြင့် ဖခင်အတွက် သားသမီးတို့ပြုလုပ်အပ်သော ဝတ္တရားကို ဆောင်ရွက်ခြင်းပြုနိုင်မည်မဟုတ်၍ ဖခင်သေဆုံးသောအခါ ထိုသားသမီးသည် ဖခင်၏ ပစ္စည်းအပေါ် အမွေခံစားခွင့် ဆုံးရှုံးခြင်းမရှိကြောင်း၊ ဖခင်၏ အခြားအမွေဆိုင်များနှင့် အခွင့်အရေးတူညီစွာ ခံစားခွင့်ရှိကြောင်း **မညိုနှင့်မငြိမ်းသာ ၁၉၀၄-၀၆ အတွဲ-၂ အထက်မြန်မာပြည်စီရင်ထုံး-၁၅ (အမွေဆက်ခံခြင်း) စီရင်ထုံးနှင့် မသိန်းနုနှင့် မဖွားသစ် ၁၉၄၇ မြန်မာပြည်စီရင်ထုံး -၁၂၆ (၁၃၀) (စုံညီခုံရုံး)** အမှုတို့ကို တရားရုံးချုပ်က ရည်ညွှန်းကိုးကားခဲ့ပါသည်။

ဤအမှုတွင် အယူခံတရားလို မသန်းသန်းဆင့်သည် ဦးလှရွှေ နှင့် ဒေါ်အုန်းခင်တို့ ကွာရှင်းပြီးနောက် မွေးဖွားသည့် ဦးလှရွှေ၏ သမီးဖြစ်သည်ဟု ဆိုစေကာမူ ဦးလှရွှေတွင် ဒေါ်သန်းမြနှင့် ဒေါ်သန်းလှဆိုသည့် အစ်မအရင်းနှစ်ယောက်ရှိနေသဖြင့် အချင်းဖြစ်ဥပစာကို မသန်းသန်းဆင့် တစ်ဦးတည်း ပိုင်ဆိုင်ခွင့်မရှိဘဲ ဒေါ်သန်းမြနှင့် ဒေါ်သန်းလှတို့နှင့် ထက်ဝက်စီပိုင်ဆိုင်ခွင့်သာရှိကြောင်း ပေါ်လွင်နေသည်ဟု တရားရုံးချုပ်က စိစစ်သုံးသပ်ခဲ့ပါသည်။

ဒေါ်သန်းမြနှင့် ဒေါ်သန်းလှတို့သည် ရှရပ်ဂွမ်အား အချင်းဖြစ်အခန်းကို ၁၉၆၀ ခုနှစ်၊ ဇူလိုင် ၁၅ ရက်ကစ၍ စပေါ်ငွေကျပ် ၉၀၀၀ အပြင် အိမ်လခ တစ်လလျှင် ငွေကျပ် ၁၀၀ နှုန်းနှင့် ငှားရမ်းခဲ့ကြောင်း ထွက်ဆိုကြသည့်အပြင် အိမ်ငှားစာချုပ်ကိုလည်း တင်ပြခဲ့သည်။ ဒေါ်သန်းမြ၊ ဒေါ်သန်းလှတို့အနေဖြင့်လည်း ထိုအခန်းကို မောင်ဖြစ်သူ ဦးလှရွှေ၏ ပစ္စည်းဖြစ်သည့်အားလျော်စွာ ပိုင်ဆိုင်ခွင့်ရှိနေသည့်အလျောက် ၎င်းတို့ချထားသည့် ငှားရမ်းမှုမှာ လုံးဝ တရားဥပဒေအပြင်ဘက်သို့ ရောက်ရှိနေသည့်ကိစ္စဖြစ်သည်ဟု မဆိုနိုင်ကြောင်း၊ ထိုအခြေတွင် အယူခံတရားလို မသန်းသန်းဆင့်သာလျှင် အချင်းဖြစ်အခန်းကို လက်ရှိရရန်ပိုင်ဆိုင်ခွင့်ရှိသည်ဟု ယူဆခြင်းမပြုနိုင်ကြောင်း တရားရုံးချုပ်က စိစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။

ထို့ကြောင့် အယူခံတရားလို မသန်းသန်းဆင့်သည် တရားမကျင့်ထုံးအမိန့်-၂၁၊ နည်းဥပဒေ-၁၀၃ အရ မြွက်ဟချက်ဒီကရီမရနိုင်ကြောင်း ကောက်ယူထားသည့် အောက်ရုံး၏အမိန့်မှာ မှန်ကန်သည်ဟု ဆိုရမည်ဖြစ်သည်။ သို့ဖြစ်၍ ပထမပြဿနာကို အဖြေပေးရန် မလိုတော့သည့်အလျောက် အထူးအထွေဝေဖန်ခြင်းမပြုတော့ဘဲ အောက်ရုံး၏ ဒီကရီတို့ကို အတည်ပြုပြီး ဤအယူခံကို စရိတ်နှင့်တကွ တရားရုံးချုပ်က ပလပ်လိုက်ပါသည်။

ဤစီရင်ထုံးကညွှန်ပြသော ဥပဒေဗဟုသုတမှာ မြွက်ဟချက်ဒီကရီရလိုကြောင်း စွဲဆိုသည့်အမှုမျိုးတွင် တရားလိုသည် အချင်းဖြစ်ဥပစာကို လက်ရှိရရန် ပိုင်ဆိုင်ခွင့်ရှိကြောင်း ထင်ရှားအောင်ပြသနိုင်မှသာ ဒီကရီရနိုင်မည်ဖြစ်ကြောင်း သိရှိနိုင်ကြပြီဖြစ်ပါသည်။ **မသန်းသန်းဆင့် (အရွယ်မရောက်သူ)၊ ၎င်း၏ အနီးစပ်ဆုံးမိတ်ဆွေ ဒေါ်အုန်းခင် (အယူခံ တရားလို) နှင့် ရှရပ်ဂွမ် (အယူခံတရားပြိုင်) ၁၉၆၆ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ်-၁** ကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။


## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**

# ဝက်လက်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့်နှမ်း ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**ဝက်လက် ဇူလိုင် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် နွေသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် နှမ်း ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၆၄၁၇၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ်မေလ ပထမပတ်မှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၇ ဒသမ ၅ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံ စိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ နှမ်း ၆၄၁၇၁ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းတွေ အခု လက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAPနည်းစနစ်တွေနဲ့စိုက်ပျိုးနိုင်ဖို့အတွက်လဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

GAPနည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများ ရရှိခြင်းတို့ကြောင့် လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

(၂၀၆)

# ပဲခူးမြို့နယ် လသာအေးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ပဲခူး ဇူလိုင် ၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် လသာအေးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းမင်း၊ ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းနှင့် ဝန်ထမ်းများက လသာအေးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဖြည့်စွက် မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် လမ်းအရှည် ၅၆၁ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေ ၂ ဒသမ ၃၉၉ သန်း စုစုပေါင်းငွေကျပ် ၁၇ ဒသမ ၃၉၉ သန်းဖြင့် ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် မေလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ကျေးရွာမှ ထွက်ရှိလာသော ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်မည်ဖြစ်ကြောင်းနှင့် ယခင်ကထက် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မား တိုးတက်လာမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းထံမှ သိရသည်။

သုတ

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ရက် ၉၀ စပါးတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဒေးဒရဲ ဇူလိုင် ၈**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်းရက် ၉၀ စပါးတင်းရေ အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ်မှ ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြတ်မြတ်သူက ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မေလအတွင်း ရက် ၉၀ စပါးတင်းရေ ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့် ဇွန်လအတွင်း ရက် ၉၀ စပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ရန်ကုန်ဆန်၊ စပါးဈေးကွက်က ဇွန်လ ပထမပတ်ကနေစပြီး ဝယ်ယူအားတက်ခဲ့လို့ ဒီဘက်ကနေ ရက် ၉၀ စပါး တင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရတာပါ။ ဧရာဝတီတိုင်းဒေသကြီးက ဆန်နဲ့ စပါးတွေကို ရန်ကုန်ဈေးကွက် အပြင် အခြားဒေသဘက်ကပါ အဝယ်လိုက်နေပါတယ်။ လက်ရှိလဲ စပါးတွေ ရောင်းအားကောင်းနေပါတယ်။ တင်ပို့ရောင်းချနေတဲ့ စပါးတွေက အရည်အသွေးကောင်းမွန်လို့ လူတန်းစားမရွေး စားသုံးနိုင်ပါတယ်''ဟု ဒေးဒရဲမြို့နယ် ဆန်၊ စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြတ်မြတ်သူက ပြောပြသည်။



ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ရက် ၉၀ စပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၄၉၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ စပါးများကို အဆက်မပြတ် တင်ပို့ရောင်းချနေရခြင်းကြောင့် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ စပါး စိုက်ပျိုးသူတောင်သူများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ၊ ကုန်တင်ကုန်ချ လုပ်သားများ အလုပ်အကိုင် အခွင့်အလမ်း အဆင်ပြေလျက် ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# စလင်းမြို့နယ် မြောင်းကောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**စလင်း ဇူလိုင် ၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် မြောင်းကောက်ကျေးရွာအုပ်စု မြောင်းကောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ဇူလိုင် ၇ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြောင်းကောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၆ ဒသမ ၃ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ စနစ်တကျ ဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာညွှန်ကြားချက်များ၊ စည်းမျဉ်း စည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများကို စစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို မှာကြားခဲ့သည်။

အဆိုပါ မြောင်းကောက်ကျေးရွာ၌ ယခု ပဉ္စမနှစ်စက်ဝန်းတွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်ကြသော စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၆ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၃၆ ဒသမ ၃ သန်း ထုတ်ချေးပေးထားကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။

သန်းသန်းစိုး

# ညောင်ရွှေမြို့နယ် ရွာလယ်ကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ချည်ပန်းထိုးပြုလုပ်နည်းသင်တန်းဖွင့်ပွဲ ကျင်းပ

**ညောင်ရွှေ ဇူလိုင် ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ဟဲယာရွာမကျေးရွာအုပ်စု ရွာလယ်ကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ချည်ပန်းထိုးပြုလုပ်နည်း သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ကလောခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းက သင်တန်းဖွင့် အမှာစကား ပြောကြားပြီးနောက် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်ယုယုက ညောင်ရွှေမြို့နယ် ဟဲယာရွာမကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်၊ မိသားစုဝင်ငွေတိုးပွားလာစေရန်၊ ကျေးလက်နေ ပြည်သူများ လူမှုစီးပွားဘဝ မြင့်မားလာစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ချည်ပန်းထိုး ပြုလုပ်နည်း သင်တန်း ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းမှ သင်ကြားပို့ချပေးသည့် သင်ခန်းစာများကို အကျိုးရှိစွာ အသုံးချပြီး ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်နိုင်သည်ထိ ကြိုးစားသင်ယူသွားကြရန် မှာကြားသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ချည်ပန်းထိုးပြုလုပ်နည်းသင်တန်းတွင် ညောင်ရွှေမြို့နယ် ဟဲယာရွာမကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ သင်တန်းသူဦးရေ ၁၅ ဦး တက်ရောက်ကြပြီး ဇူလိုင် ၈ ရက်မှ ၁၄ ရက်ထိ သင်တန်းကာလ ခုနစ်ရက်ကြာ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ချည်ပန်းထိုး ပြုလုပ်နည်းပညာရပ်များကို ကျွမ်းကျင်နည်းပြများက စာတွေ့လက်တွေ့ သင်ကြားပို့ချ ပေးသွားမည်ဖြစ်ကြောင်း ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုထံမှ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# ဆီးရီးယားနိုင်ငံ လာတာကီရာပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုကြောင့် သစ်တော ဟက်တာ ၁၀၀၀၀ ထိ ပျက်စီးဆုံးရှုံးခဲ့ရ



**ဒမတ်စကတ် ဇူလိုင် ၈**

ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်း လာတာကီရာပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုကြောင့် ဇူလိုင် ၇ရက်တွင် သစ်တောဟက်တာ ၁၀၀၀၀ ထိ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း ပြည်နယ်အာဏာပိုင်များက ယနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

တောမီးကိုထိန်းချုပ်နိုင်ရန် ဒေသခံ မီးသတ်အဖွဲ့ဝင် ဦးရေ ၉၀ ခန့်နှင့် မီးသတ်ယာဉ်အစီးရေ ၁၅၀ ကျော်ကို အသုံးပြုထားသည့်အပြင် တူရကီနှင့် ဂျော်ဒန်မီးသတ်တပ်ဖွဲ့များကလည်း လာရောက်ကူညီ ငြိမ်းသတ်ပေးနေကြောင်း ဆီးရီးယားနိုင်ငံ၏ အရေးပေါ်အခြေအနေနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဝန်ကြီး ရက်အယ်ဆာလတ်က ပြောကြားခဲ့ကြောင်း သိရသည်။

တောမီးအရှိန်ပြင်းထန်ခဲ့ရခြင်းမှာ မိုးခေါင်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ အပူရှိန်မြင့်တက်ခြင်းများကြောင့်ဖြစ်ပြီး လက်ရှိတွင် တောမီးကို အင်အားသုံးကာ စက်ကိရိယာများအသုံးပြု ငြိမ်းသတ်ခဲ့သဖြင့် ရာနှုန်းပြည့်မထိန်းချုပ်နိုင်သေးသော်လည်း တောမီးအရှိန် ကျဆင်းသွားကြောင်း သိရသည်။

တောမီးလောင်ကျွမ်းရာအနီးရှိ ဒေသများမှ ဒေသခံများကို ဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းပေးနေပြီး လာတာကီရာပြည်နယ်ရှိ ရွာခုနစ်ရွာကို တောမီးကြိုတင်ကာကွယ်မှုအနေဖြင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့သော်လည်း အသေအပျောက်ကို တရားဝင် အတည်ပြုနိုင်ခြင်းမရှိသေးကြောင်း၊ မီးခိုးငွေ့ရှူရှိုက်မိခြင်းနှင့် မီးလောင်ဒဏ်ရာများကြောင့် မီးသတ်တပ်ဖွဲ့ဝင်တချို့ ဒဏ်ရာရရှိခဲ့ကြောင်း ဆီးရီးယားအရပ်ဘက်ကာကွယ်ရေးဌာနက သတင်းထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# ကမ္ဘောဒီးယားနိုင်ငံတွင် ၂၀၂၅ခုနှစ် ပထမနှစ်ဝက်အတွင်း မိုးကြိုးပစ်မှုကြောင့် သေဆုံးခဲ့သူ ၃၁ ဦးရှိကြောင်း ထုတ်ပြန်

**ဖနွမ်းပင် ဇူလိုင် ၈**

ကမ္ဘောဒီးယားနိုင်ငံတွင် ၂၀၂၅ ခုနှစ် ပထမနှစ်ဝက်အတွင်း မိုးကြိုးပစ်မှုကြောင့် သေဆုံးခဲ့သူ ၃၁ ဦး ရှိလာပြီဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံ အမျိုးသား သဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

၂၀၂၅ ခုနှစ် ပထမနှစ်ဝက်တွင် ကမ္ဘောဒီးယားနိုင်ငံတွင် မိုးကြိုးပစ်မှုကြောင့် လူ ၃၁ ဦး သေဆုံးခဲ့ပြီး ၅၃ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည့်အပြင် မွေးမြူရေးနွားကောင်ရေ ၇၁ ကောင်လည်း သေဆုံးခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ အမျိုးသား သဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ပြောရေးဆိုခွင့်ရှိသူ ဆော့ကင်ခိုမ်နီက ပြောကြားခဲ့သည်။

“ဒီနှစ်အတွင်း ရာသီဥတု ဖောက်ပြန်ပြီး ဖြစ်ပေါ်လာတဲ့ မိုးကြိုးမုန်တိုင်းကြောင့် မိုးကြိုးထိမှန်သေဆုံးခဲ့သူ ၃၁ ယောက်ရှိပါတယ်။ သေဆုံးသူတွေထဲမှာ အမျိုးသမီး ၁၁ ယောက်နဲ့ ကလေးသုံးယောက်လဲ ပါပါတယ်”ဟုဆော့ကင်ခိုမ်နီက ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံတွင် မိုးကြိုးပစ်ခံရမှုအများဆုံး ပြည်နယ်များမှာ ဆင်းမ်ရိ၊ ဘက်တမ်ဘန်း၊ ဘန်တေးမင်ချေးနှင့် ပရီချိစင်ဟန်နော့ခ်ပြည်နယ်များဖြစ်ပြီး၊ နိုင်ငံအာဏာပိုင်များက အဆိုပါပြည်နယ်များရှိ ကျေးလက်ဒေသများတွင် နေထိုင်သူများကို မိုးကြိုးပစ်ခြင်းအန္တရာယ်မှ ရှောင်ရှားနိုင်ရန် မိုးကြိုး မုန်တိုင်းတိုက်ခတ်ချိန်၊ မိုးသည်းထန်စွာ ရွာသွန်းချိန်တို့တွင် နေအိမ်များ၊ အမိုးအကာများအောက်တွင်သာ နေထိုင်သင့်သည်ဟု သတိပေးထားသည်။

Ref : Sputnik News

Trs : KZ

# တရုတ်နိုင်ငံ ကျဲ့ကျန်းပြည်နယ်သို့ ဒါနက်စ်တိုင်ဖွန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့

**ပေကျင်း ဇူလိုင် ၈**



တရုတ်နိုင်ငံ ကျဲ့ကျန်းပြည်နယ်၌ ယနေ့အစောပိုင်းတွင် ဒါနက်စ်ဟု အမည်ပေးထားသည့် တိုင်ဖွန်းမုန်တိုင်းတိုက်ခတ်သွားခဲ့ကြောင်း Ministry of Water Resources(MWR) က ထုတ်ပြန်သွားခဲ့သည်။

ဒါနက်စ်တိုင်ဖွန်းမုန်တိုင်းသည် ဇူလိုင် ၇ ရက်က တရုတ်(ထိုင်ပေ)သို့ ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် ကျဲ့ကျန်းပြည်နယ်သို့ ရွှေ့လျားတိုက်ခတ်ခဲ့ခြင်းလည်းဖြစ်သည်။

ဒါနက်စ် တိုင်ဖွန်းမုန်တိုင်းသည် တရုတ်(ထိုင်ပေ)တွင် တိုက်ခတ်ခဲ့စဉ်က ဒေသခံ လူနှစ်ဦး သေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူ ၆၀၀ ဦးထက်မနည်း ရှိခဲ့ကြောင်း သိရသည်။

ဒါနက်စ် တိုင်ဖွန်းမုန်တိုင်းသည် ကျဲ့ကျန်းပြည်နယ်သို့ ဝင်ရောက် တိုက်ခတ်ခဲ့ရာတွင် မုန်တိုင်းကြောင့် လေတိုက်နှုန်းမှာ တစ်နာရီမိုင် ၅၀ နှုန်းထိ ရောက်ရှိခဲ့ကြောင်း သိရသည်။

ဒါနက်စ် တိုင်ဖွန်းမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုများရှိနေပြီး ပျက်စီးဆုံးရှုံးသည့် ပမာဏကို မသိရသေးကြောင်း Ministry of Water Resources (MWR) က ထုတ်ပြန်ခဲ့သည်။

ကျဲ့ကျန်းပြည်နယ်တွင် ဒါနက်စ်တိုင်ဖွန်းမုန်တိုင်း တိုက်ခတ်ခဲ့ပြီးနောက် မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပေါ်နေပြီး မိုးရေချိန်မှာ ၁၀၀ မီလီမီတာမှ ၂၅၀ မီလီမီတာထိ မြင့်တက်သွားနိုင်ကြောင်း သိရသည်။

တိုင်ဖွန်းမုန်တိုင်းတိုက်ခတ်ကြောင့် ကျဲ့ကျန်းပြည်နယ်နှင့် ကပ်လျက်ရှိသည့် ဖူဂျီအန်ပြည်နယ်တွင်လည်း မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပေါ်နေပြီး ကျဲ့ကျန်းပြည်နယ်တွင် မိုးရေချိန်အမြင့်ဆုံး ရွာသွန်းနေသည့်မြို့မှာ ဟန်ကျိုးမြို့ဖြစ်ကြောင်း သိရသည်။

“ဒါနက်စ်လို့ အမည်ပေးထားတဲ့ တိုင်ဖွန်းမုန်တိုင်းဟာကျဲ့ကျန်းပြည်နယ်ကို ဝင်ရောက်တိုက်ခတ်ခဲ့ပါတယ်။ မုန်တိုင်းကြောင့် မိုးရေချိန်မြင့်မားနေပြီးတော့ လေတိုက်နှုန်းကလဲ တစ်နာရီမိုင် ၅၀ နှုန်းနဲ့ တိုက်ခတ်နေပါတယ်။ မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုတွေတော့ ရှိနေပါတယ်” ဟု Ministry of Water Resources (MWR) မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသွားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# ကနေဒါနိုင်ငံ ကီလိုနာမြို့အနီး လောင်နေသည့်တောမီးက လေဆိပ်သို့ကူးစက်လာနိုင်သည့်အတွက် လေယာဉ်နှင့် အရေးကြီးပစ္စည်းများကိုရွှေ့ပြောင်းရန် ပြင်ဆင်နေ

**အော့တဝါ ဇူလိုင် ၈**

ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ် ကီလိုနာမြို့အနီးတွင်လောင်ကျွမ်းနေသောတောမီးသည် ကီလိုနာမြို့ရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ကူးစက်လောင်ကျွမ်းလာနိုင်ခြင်းကြောင့် လေဆိပ်အတွင်းမှ လေယာဉ်များနှင့် အရေးကြီးပစ္စည်းများကို ရွှေ့ပြောင်းရန် ပြင်ဆင်နေကြောင်း ဗြိတိသျှကိုလံဘီယာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ဇူလိုင် ၇ ရက် သတင်းများတွင် ဖော်ပြထားသည်။

တောမီးသည် ကီလိုနာမြို့အနီးရှိ တောင်တန်းပေါ်မှစတင်၍ လောင်ကျွမ်း လာခဲ့ခြင်းဖြစ်ပြီး ရာသီဥတု အခြေအနေကြောင့် တောမီးကူးစက်လောင်ကျွမ်းမှု မြန်ဆန်နေကာ ကီလိုနာအပြည်ပြည်ဆိုင်ရာ လေဆိပ်အနီးသို့ ရောက်ရှိလာပြီး တောမီးလောင်ကျွမ်းမှုမှ ထွက်ပေါ်လာသော မီးခိုးငွေ့များသည်လည်း လေဆိပ်သို့ ဖုံးလွှမ်းနေသည့်အတွက် လေကြောင်းခရီးစဉ်များ ရပ်ဆိုင်းထားရပြီး လေဆိပ်သို့ တောမီးကူးစက် လောင်ကျွမ်းလာနိုင်ခြင်းကြောင့်လည်း အရေးပေါ် အခြေအနေဖြင့် လေဆိပ်အတွင်းမှ လေယာဉ်များကိုအရေးပေါ် ဘေးလွတ်ရာ ရွှေ့ပြောင်းသွားရန်စီစဉ်နေကြောင်း ကီလိုနာအပြည်ပြည်ဆိုင်ရာလေဆိပ်အာဏာပိုင် အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

“တောမီး လောင်ကျွမ်းမှုဟာ လေဆိပ်အနီးကိုရောက်ရှိလာတဲ့အတွက်ကြောင့် လေကြောင်းခရီးစဉ်အားလုံးကို ယာယီရပ်ဆိုင်းထားပါတယ်။ တောမီးလောင်ကျွမ်းမှုအခြေအနေကိုစောင့်ကြည့်နေပြီးတော့ လိုအပ်လာရင် လေယာဉ်တွေနဲ့ အရေးကြီးပစ္စည်းအားလုံးကို ဘေးလွတ်ရာ ရွှေ့ပြောင်းသွားဖို့ အားလုံးကို အသင့်ပြင်ဆင်ဖို့ ညွှန်ကြားထားပြီးဖြစ်ပါတယ်”ဟု ကီလိုနာအပြည်ပြည်ဆိုင်ရာလေဆိပ်အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# အင်ဒိုနီးရှားနိုင်ငံ လာကီလာကီ မီးတောင်ပေါက်ကွဲပြီး မီးခိုးနှင့်ပြာများ ၁၁ မိုင်အကွာသို့ ပျံ့လွင့်

**ဂျကာတာ ဇူလိုင် ၈**

အင်ဒိုနီးရှားနိုင်ငံ အရှေ့နူဆာတန်ဂါရာပြည်နယ်ရှိ လာကီလာကီမီးတောင်သည် ဇူလိုင် ၇ ရက်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး မီးခိုးနှင့်ပြာများ ကောင်းကင်ယံ၏ ၁၁ မိုင်အကွာသို့ ပျံ့လွင့်ခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ မီးတောင်အေဂျင်စီက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

မီးတောင် ပေါက်ကွဲသံများ ထွက်ပေါ်လာပြီး မီးခိုးနှင့်ပြာများ ကောင်းကင်ယံသို့ပျံ့လွင့်ခဲ့သဖြင့် အနီးနားရှိဘာလီကျွန်း၏လေယာဉ်ခရီးစဉ်များကို ဖျက်သိမ်းခဲ့ရကြောင်း ကျွန်းအာဏာပိုင်များက ပြောကြားခဲ့သည်။

လာကီလာကီမီးတောင် ပေါက်ကွဲခဲ့ခြင်းကြောင့် ယခုနှစ်အတွင်း ထုတ်ပြန်ခဲ့ရသည့် မီးတောင်သတိပေးချက်များထဲတွင် ဇူလိုင် ၇ ရက်က သတိပေးချက်သည် အမြင့်ဆုံးဖြစ်ကြောင်း၊ မီးတောင်ပေါက်ကွဲမှု ပြင်းထန်သဖြင့် မီးတောင်ပတ်လည်၁၂ကီလိုမီတာပတ်လည်အတွင်း သတိပြုနေထိုင်ကြရန်နှင့် မီးတောင်မှ ထွက်သောချော်ရည်များနှင့်ဝေးဝေးနေရန် ခရီးသွားများကို အင်ဒိုနီးရှား မီးတောင်အေဂျင်စီက သတိပေးထားပြီး မီးတောင်ပေါက်ကွဲမှု ဖြစ်ပေါ်ခဲ့သည့် ပတ်ဝန်းကျင်မှ ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းမှုများ ပြုလုပ်ပေးခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် ငလျင်လှုပ်ခတ်မှုများသော ပစိဖိတ်မီးကွင်းပေါ်တွင် တည်ရှိသဖြင့် ငလျင်လှုပ်ခတ်မှုများ မကြာခဏ ဖြစ်ပေါ်လေ့ရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ**

# အိပ်ရေးမဝခြင်းရဲ့ နောက်ကွယ်မှာ

ကိုကို(မန္တလေး)

လက်ကိုင်ဖုန်းနဲ့ ဆိုရှယ်မီဒီယာ အမျိုးမျိုး ပေါ်လာတဲ့ ဒီကနေ့ခေတ်မှာ စာရေးသူရဲ့ ဆေးခန်းကို အိပ်ရေးပျက်၊ အိပ်ရေးမဝတဲ့လူနာတွေဟာ အိပ်ရေးပျက်ကြရခြင်း အကြောင်းမျိုးစုံနဲ့ ရောက်လာကြပါတယ်။ မျက်လုံးကြောင်စီစီနဲ့ အသက်သုံးဆယ်ကျော် အမျိုးသားတစ်ဦးဟာ မဖျားမနာဘဲ အစားအစာ စားချင်စိတ်မရှိလို့ဆိုပြီး ရောက်လာပါတယ်။ စမ်းသပ်ကြည့်တော့ ရောဂါဖြစ်ခြင်းမရှိဘဲ ကြာရှည်အိပ်ရေးပျက်တဲ့ လက္ခဏာကို သွားတွေ့ရပါတယ်။ အခုခေတ်မှာ လူတော်တော်များက အလုပ်ကပြန်လာ ရေချိုးထမင်းစားပြီး ဖုန်းကိုကြည့်လိုက်တာ ည ၁၂ နာရီကျော် နံနက်တစ်နာရီလောက်မှ အိပ်ရာဝင်ပါတယ်တဲ့။ အိပ်ရာပေါ်မှာ တန်းအိပ်မပျော်ဘဲ ညဉ့်နက်မှ အိပ်ပျော်ပြီး မနက်ကျတော့လဲ ၆ နာရီလောက်မှာ အိပ်ရာထ ၇ နာရီလောက် အလုပ်သွားရပါတယ်တဲ့။ အိပ်ရေးမဝတဲ့အတွက်အလုပ်မှာ တငူငူတငေါင်ငေါင်နဲ့ အိပ်ချင်မူးတူးဖြစ်နေပါတယ်တဲ့။ အလုပ်မှာဆိုတော့ အိပ်လဲမရပေ့ါ။ ဒီလူငယ်ဟာ အိပ်ရာဝင်ချိန်နောက်ကျပြီး တကယ်အိပ်ပျော်ချိန်က ညဉ့်နက်တော့ အိပ်ရေးမဝဖြစ်လာပြီး အလုပ်မှာ အမှားမှား အယွင်းယွင်းဖြစ်လာပါတယ်။ ဒါဟာ အိပ်ရေးမဝခြင်းရဲ့ ဆိုးကျိုးတစ်ခုပါ။

ညဉ့်နက်တဲ့အထိ ဂိမ်းဆော့လေ့ရှိတဲ့ အသက်၂၀ အရွယ် လူငယ်တစ်ဦးဟာ မိုးလင်းခါနီးမှအိပ်ရာဝင် မနက်ဆို တက္ကသိုလ်ကျောင်းသွားဖို့ ထရပြန်ရော။ သူဟာတဖြည်းဖြည်းနဲ့ စာလဲမလိုက်နိုင်တော့ဘဲ အတန်းလဲကျပါတော့တယ်။ အိပ်ရေးပျက်တော့ စာမှာ အာရုံစူးစိုက်လို့မရတော့တာကလဲ အိပ်ရေးပျက်ခြင်းရဲ့ ဆိုးကျိုးတစ်ခုပါပဲ။ အဆင့် ၁၀ အတွင်းရနေကျ G-12 ကျောင်းသားလေးတစ်ဦး ည ၁၂ နာရီလောက်ထိ ဂိမ်းကစားပြီး အဆင့်နောက်ဆုံးရောက်သွားပါတယ်တဲ့။ စာကြည့်တာလဲ မျက်စိတွေက ဝါးနေပါတယ်တဲ့။ မျက်စိစစ်ဆေးခိုင်းတော့ အနီးမှုန်ပြီး ပါဝါအရမ်းမြင့်နေတာ တွေ့ရှိရပါတယ်။ မျက်လုံးပါ ထိခိုက်သွားတော့တာပါပဲ။

အရိုးကင်ဆာ ရောဂါဝေဒနာသည်တစ်ဦးကတော့ ခုတ်ကင်နေရသူမို့ ပြင်းပြတဲ့ ဝေဒနာပါ ခံစားနေရလို့ အိပ်မရတာပါ။ ဝေဒနာလဲသက်သာ ညလဲကောင်းစွာ အိပ်စက်နိုင်ဖို့ ဒီအိပ်ရေးပျက်လူနာကို ကုသရတာ မခဲယဉ်းပါဘူး။ အနာသက်သာအောင်လုပ်ပြီး သင့်လျော်တဲ့ အိပ်ဆေးပေးလိုက်ရင် အဆင်ပြေသွားတာများပါတယ်။ သူက နာလွန်းလို့ အိပ်မရတာပါ။

ကုမ္ပဏီဝန်ထမ်းအသက် ၄၀ အရွယ် အမျိုးသမီးတစ်ဦးဟာ နာမကျန်းဖြစ်နေတဲ့ အမေအိုကြီးရဲ့ ဝေယျာဝစ္စတွေဆောင်ရွက်ပြီးမှ အလုပ်သွားရတော့ အိပ်ရေးပျက်ကာအလုပ်နောက်ကျနေလို့ ကြာရင် အလုပ်ပြုတ်မှာကို စိုးရိမ်ပြီးအလုပ်မှာလဲ သူကိုင်ရတဲ့ ငွေစာရင်းမှားလို့ လျော်ရမှာ ပူပန်မှုကြောင့် စိတ်ဓာတ်ကျရောဂါဝင်နေပါပြီ။

စာရေးသူရဲ့အတွေ့အကြုံအရ ဆေးခန်းလာတဲ့ လူနာတစ်ဝက်ခန့်ဟာ ညမှာကောင်းစွာ အိပ်စက်နိုင်ခြင်းမရှိတာကိုတွေ့ရပါတယ်။ အိပ်မပျော်ကြဘဲ နေမကောင်းသူရော၊ နေကောင်းကြသူတွေမှာ အိပ်စက်ခြင်းနဲ့ ပတ်သက်လို့ အိပ်ချိန်နဲ့ အိပ်ရာဝင်ချိန်တွေကို လေ့လာကြည့်ရာ အရာရာကို လိုက်ပူပင်သောကရောက်နေပြီး အချိန်တိုင်းစဉ်းစားခန်းထုတ်နေတဲ့ အတွေးလွန်သူတွေဟာ အိပ်မပျော်ကြပါဘူး။ အချို့က အိပ်ချိန် ၄ နာရီခန့်သာ ရှိနေကြပြီး အိပ်ရာ ဝင်ချိန်မှာ ည ၂ နာရီ ၃ နာရီ အချိန်ထိ နောက်ကျနေကြခြင်း၊ အိပ်ရေးမဝအိပ်မရဘဲ အိပ်ချိန်နည်းနေကြသူများကို ထပ်မံခွဲခြား စိတ်ဖြာလိုက်တော့ ၇၅ ရာခိုင်နှုန်းရဲ့ အိပ်ရာဝင်နောက်ကျခြင်းအကြောင်းတွေကတော့ ဇာတ်လမ်းတွဲကြည့်ခြင်း၊ ဘောလုံးပွဲကြည့်ခြင်းနဲ့ အင်တာနက်ဖုန်း၊ ကွန်ပျူတာအသုံးပြုခြင်းတို့အပြင် ဂိမ်းအမျိုးမျိုးဆော့ခြင်းတို့ပါပဲ။

အိပ်ရမဲ့အချိန်မအိပ်တော့ အိပ်ရာဝင်ချိန်တွေဟာ အရမ်းနောက်ကျပြီး နောက်နေ့မနက်မှာ အလုပ်သွားကျောင်းသွား အိမ်မှုကိစ္စအဝဝတွေကြောင့် အိပ်စက်ဖို့အခွင့်အရေးဟာလဲ ရှားပါတယ်။ ပြန်အိပ်ဖို့ အခွင့်အလမ်းရှိသူဟာ တကယ်တော့ အတော်ရှားပါတယ်။ သူတို့ဟာ အလုပ်မရှိ၊ တာဝန်မရှိ အိမ်မှုကိစ္စအဝဝကိုလဲ တာဝန်မယူရသူတွေဖြစ်ကြပါတယ်။ ဒါပေမဲ့ အိပ်ရာဝင်တဲ့အချိန်ဟာ နောက်ကျနေဆဲပါပဲ။

**❖မျက်မှောက်ခေတ်ကာလမှာ အိပ်ရေးမဝမှုတို့ဟာ လူမှုအဖွဲ့အစည်းကို ခြိမ်းခြောက်လာနေပါတယ်။ အိပ်ရေးပျက်တာများပါက ရေရှည်ကျတော့ အဝလွန်၊ ဆီးချို၊ သွေးတိုးနဲ့နှလုံးရောဂါတို့လဲ အလွယ်တကူ ဝင်ရောက်လာနိုင်ပါတယ်။ ယာဉ်မောင်းတဲ့အခါမှာ အန္တရာယ်အများကြီးရှိလာပါတယ်။ ဉာဏ်ရည်တွေ ကျဆင်းပြီး ဆုံးဖြတ်နိုင်စွမ်းတွေ လျော့နည်းလာကာ အရာရာအလွဲအချော်တွေမို့ မကျေနပ်မှု၊ ဒေါသဖြစ်မှု၊ ပူပင်သောက ရောက်မှုတွေဖြစ်စေတတ်ပါတယ်။ အတွေးများလေ အိပ်မပျော်လေ အိပ်မပျော်လေ ပိုတွေးလေ ပိုတွေးလေ အိပ်မပျော်လေ အတွေးသံသရာထဲ ပိုနစ်မျောလေ အိပ်မရတော့စိုးရိမ်စိတ်များ ကြောက်စိတ်များလာလေ။ နောက်နေ့ အိပ်မရဘဲ အတွေးဖိစီးမှုက ပိုဆိုးဝါးလေပါ။ ❖**

အလုပ်၊ ကျောင်းမသွားရ အိမ်မှုကိစ္စအထွေထွေတို့အတွက် တာဝန်မယူရတဲ့သူတွေက အိပ်ရာဝင်နောက်ကျသော်လဲ အကြာကြီးဆက်အိပ်နိုင်သူတွေ ကလွဲလို့ ကျန်တဲ့သူတွေရဲ့ အိပ်ချိန်ဟာ လေးနာရီဝန်းကျင်လောက်ပဲရှိပါတယ်။

အိပ်ရေးမဝတဲ့သူတွေဟာ လန်းဆန်းမှုမရှိကြတော့ပါဘူး။ အမြဲတမ်း စိုးရိမ်ပူပန်နေကြရပြီး စိတ်တိုလွယ်ကြပါတယ်။ လွန်ခဲ့တဲ့ နှစ်အနည်းငယ်က ထုတ်တဲ့ ကျန်းမာရေးစစ်တမ်းတစ်ခုမှာ စင်ကာပူနိုင်ငံမှာ အလုပ်လုပ်ကြတဲ့ နိုင်ငံခြားသားတွေ သုံးပုံတစ်ပုံလောက်က ညမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ကြတာကို လေ့လာတွေ့ရှိခဲ့ကြပါတယ်။ ၁၀ ရာခိုင်နှုန်းလောက်က လုံးဝအိပ်မပျော်ကြနိုင်တဲ့ အဆင့်ကို ရောက်နေကြပါတယ်တဲ့။ သူတို့ဟာ စိတ်ကျန်းမာရေး ဆေးကုသမှုခံယူကြရတော့မဲ့ အဆင့်ကို ရောက်ရှိနေကြတယ်လို့ သိရပါတယ်။ ကောင်းစွာ အိပ်စက်မရမှုတွေကြောင့် အရက်သောက်ပြီးအိပ်ရော။ အလုပ်ရှင်က အရက်သောက်ခဲ့တာသိပြီး အလုပ်ဖြုတ်မှာစိုးလို့ အရက်အစား ဘီယာသောက်ပြီး အိပ်စက်ကြတယ်ဆိုတဲ့ အယူအဆဟာလဲ ပြည်ပရောက် မြန်မာလုပ်သားတွေကြားမှာ တွင်ကျယ်နေပါလေရဲ့။ အဲဒီမှာအိပ်မပျော်နိုင်တဲ့ ရောဂါကို ကုသဖို့စရိတ်ဟာ စင်ကာပူမှာ ခေါင်ခိုက်နေတာမို့ မြန်မာပြည်ပြန်လာပြီး ဆေးကုသမှုခံယူကြတာလဲ မကြာခဏတွေ့နေရတာကိုး။ အိပ်ရေးပျက်မှုကြောင့် လူတွေဟာ လန်းဆန်းမှုမရှိကြတော့ပဲ ကျောင်းနဲ့အလုပ်တွေမှာ အာရုံစူးစိုက်မှုနည်းသွားကြပြီး စိတ်ပူပန်မှုတွေလဲ များလာကြပါတယ်။

မျက်မှောက်ခေတ်ကာလမှာ အိပ်ရေးမဝမှုတို့ဟာ လူမှုအဖွဲ့အစည်းကို ခြိမ်းခြောက်လာနေပါတယ်။ အိပ်ရေးပျက်တာများပါက ရေရှည်ကျတော့ အဝလွန်၊ ဆီးချို၊ သွေးတိုးနဲ့ နှလုံးရောဂါတို့လဲ အလွယ်တကူ ဝင်ရောက်လာနိုင်ပါတယ်။ ယာဉ်မောင်းတဲ့အခါမှာ အန္တရာယ်အများကြီးရှိလာပါတယ်။ ဉာဏ်ရည်တွေကျဆင်းပြီး ဆုံးဖြတ်နိုင်စွမ်းတွေ လျော့နည်းလာကာ အရာရာအလွဲအချော်တွေမို့ မကျေနပ်မှု၊ ဒေါသဖြစ်မှု၊ ပူပင်သောကရောက်မှုတွေ ဖြစ်စေတတ်ပါတယ်။ အတွေးများလေ အိပ်မပျော်လေ အိပ်မပျော်လေပိုတွေးလေပိုတွေးလေ အိပ်မပျော်လေ အတွေးသံသရာထဲ ပိုနစ်မျောလေ အိပ်မရတော့စိုးရိမ်စိတ်များ ကြောက်စိတ်များလာလေ။ နောက်နေ့အိပ်မရဘဲ အတွေးဖိစီးမှုက ပိုဆိုးဝါးလေပါ။ ဒါကြောင့် မိုးသာလင်းသွားရော တစ်ရေးမှမအိပ်လိုက်ရဘူး။ ဒါမျိုးရက်ဆက် အိပ်မရတော့ဘူးဆိုတာ စိတ်ကျရောဂါရဲ့ အဓိကဖြစ်လာပါတယ်။ ဒါဆို ထိုသူဟာ စိတ်ကျန်းမာရေးဆရာဝန်နဲ့ တိုင်ပင်ပြသဆွေးနွေးကာ ကုသမှုခံယူရပါတော့မယ်။ စိတ်သာမက အစားလဲလျော့လာလို့ ရုပ်ကိုပါထိခိုက်လာပါတော့တယ်။ ဒါမျိုးဟာ ကြာကြာထားရင် စိတ်ကျန်းမာရေး အရမ်းဆိုးရွားသွားပြီးနောက်ကြောင်တောင်တောင်ဖြစ်လာပါလေရော။ စိတ်ကျန်းမာရေးဆေးရုံက စိတ်အထူးကုနဲ့ပြကိုပြရတော့မှာပါ။ နောက်ဆုံးစိတ်ပူပန်မှုဝေဒနာတွေရလာပြီး စိတ်ဓာတ်ကျရောဂါရလာတာပါ။ နောက်ဆုံး စိတ်မလုံခြုံမှု ဂနာမငြိမ်မှု တွေဖြစ်လာရပါတော့တယ်။ ဒါကြောင့်မို့ အိပ်ရေးပျက် အိပ်ရေးမဝ အိပ်မရကြတာတွေက သိဖို့အရေးကြီးလှပါတယ်။ ခုခေတ်မှာ လူမှုရေးဖိအားတွေကြောင့် အိပ်ချိန်တွေနည်းပါးပြီး အိပ်ရေးမဝကြတာတွေ အရမ်းများတတ်နေကြပါတယ်။ အဲဒီလူမှုရေးဖိအားတွေကြောင့် ညမှာ ဇီဝလုံ့ဆော်မှုတွေ လျော့ကျလာပြီး အိပ်ရာဝင်ချိန်တွေဟာ အရမ်းနောက်ကျပြီး အိပ်ရေးမဝတာတွေ ဖြစ်လာကြပါတယ်။ ဘောလုံးပွဲကို အိပ်ရေးပျက်ခံကြည့်မှု၊ လူမှုကွန်ရက်ဖုန်းအသုံးပြုမှုတွေ အရမ်းများလာပြီး အိပ်ရာဝင်အများကြီးနောက်ကျသွားတာကို အတော်များများတွေ့နေရပါပြီ။ အိပ်ရာဝင်နောက်ကျတတ်တဲ့ ဝန်ထမ်းငယ်လေးတစ်ယောက်ဟာ အိပ်ချိန် ၃နာရီ ၄ နာရီလောက်နဲ့ တစ်လလောက်ကြာတော့ စိတ်ကျရောဂါဝင်၊ ကယောင်ချောက်ချားဖြစ်။ နောက်ဆုံး စိတ်ကျန်းမာရေးဆေးရုံတင်လိုက်ရတာလဲ တွေ့နေရပါတယ်။ အများနားလည်အောင်ပြောရရင်ဖြင့် အိပ်ရေးမဝတော့တာနဲ့ အိပ်ရေးပျက်တာ များလာပြီဆိုရင် ဆိုးကျိုးတွေဟာ တန်းစီလာပါပြီ။ သွေးဖြူဥ WBC တွေ ကျဆင်းလာတာနဲ့အမျှ ဝင်ရောက်လာတဲ့ ရောဂါတွေကို တားဆီးနိုင်မှုဟာလဲ ကျလာပါပြီ။ တစ်နေ့လုံး အလုပ်ဆက်တိုက်လုပ်ရတဲ့ နှလုံးကြွက်သား၊ ဦးနှောက်၊ ကျောက်ကပ်၊ ရင်ဘတ်၊ ဝမ်းဗိုက်၊ ကြွက်သားတွေဟာ ပြန်လည်တည်ဆောက်ဖို့ အချိန်မရတော့ပါဘူး။ ဒါကြောင့် နောက်နေ့အာရုံကြောတွေ ဖြတ်လတ်မှုမရှိဘဲ ညောင်းညာတင်းကိုက်နေတဲ့ ကြွက်သားတွေနဲ့ပဲ လှုပ်ရှားမှုမှန်သမျှ တက်ကြွခြင်းမရှိတော့ ကိုယ်ခန္ဓာနဲ့ စိတ်ပိုင်းဆိုင်ရာနှစ်ခုလုံး စွမ်းအားတွေ ကျလာပါတော့တယ်။ ကျောက်ကပ်သွေးလင့်စစ်ရေကြည်လည်ပတ်မှုစနစ်ဟာ ကောင်းကောင်း အလုပ်မလုပ်လို့ မကောင်းတဲ့ ဓာတ်တွေများပြီး လတ်ဆတ်တဲ့အောက်ဆီဂျင်နဲ့ ဂလူးကို့စ်ပိုမိုရနိုင်ဖို့ ခဲယဉ်းသွားပါပြီ။ ဒါကြောင့် ဦးနှောက်အာရုံခံဆဲလ်တို့ဟာ အလုပ်လုပ်နိုင်မှု စွမ်းရည်ကျဆင်းလာပါတော့တယ်။ ထိခိုက်တာကတော့ စိတ်ရောကိုယ်ရောပါပဲ။ အလွယ်တကူနဲ့ အိပ်မပျော်ခြင်းကို အိပ်ဆေးသောက်ကုသခြင်းဟာ မှန်ကန်နိုင်မှုမရှိပါဘူး။ အိပ်ဆေးဟာ အိပ်မပျော်တဲ့ အကြောင်းရင်းကို ကုသပေးတာမဟုတ်ဘူး။ လတ်တလော အိပ်ပျော်ဖို့အတွက် အထောက်အကူ ဖြစ်စေရုံပါပဲ။ အလွယ်ကုသနည်းတချို့က အိပ်ရာဝင် ရေနွေးဖြင့်ရေချိုးတာနဲ့ ရေနွေးပူပူထဲ ပူစီနံအရွက် အရိုးတွေစိမ်သောက်ရင် ၎င်းအိပ်ပျော်မှုကို အထောက်အကူနည်းနည်းတော့ ပြုစေတတ်ပါတယ်။ ဒါပေမဲ့ အမြဲမရပါ။ အမြဲမကောင်းပါဘူး။ ဆရာဝန်တွေ ညွှန်ပြတဲ့ စိတ်ဖိစီးမှု၊ ပူပန်မှုတွေကို သက်သာစေတဲ့ဆေးအပြင် စိတ်ကျရောဂါသောက်ဆေးတွေကို အချိန်အတိုင်းအတာတစ်ခုထိ သောက်ရပါတော့မယ်။

အိပ်ဆေးဆိုတာကလဲ ခဏပဲသက်သာစေတာမို့ ကြာကြာသောက်လာရရင် ဆေးပမာဏလဲ တိုးတိုးလာရပါတယ်။ ဆေးအမျိုးအစားလည်း ပြောင်းလဲပေးရပါတယ်။ ဆေးမသောက်ရတာ အကောင်းဆုံးပါ။

အိပ်ချိန်နဲ့ကပ်ပြီး တီဗီ၊ ဗွီဒီယိုကြည့်ခြင်း၊ ဖုန်း ကြည့်ခြင်း၊ ဂိမ်းကစားခြင်း၊ ကွန်ပျူတာသုံးခြင်း၊ ကြာရှည်ဖုန်းပြောခြင်းတို့ကိုလဲ အိပ်တဲ့အချိန်နဲ့ အနည်းဆုံး နာရီဝက်မှတစ်နာရီ ကွာသင့်ပါတယ်။

ပေ့ါပေ့ါပါးပါးစာလေးဖတ်တာမျိုး၊ တရားနာတာမျိုး၊ တရားခဏထိုင်တာမျိုးစတဲ့ စိတ်ငြိမ်စေတတ်တဲ့ အမူအကျင့်တွေလဲ လုပ်ပေးလို့ရပါတယ်။

အရေးအကြီးဆုံးတင်ပြချင်တဲ့ အချက်ကတော့ အခုကမ္ဘာမှာ နေရာအသီးသီး၊ လူမျိုးအသီးသီး အလွှာပေါင်းစုံက လူတွေဟာ စိုးရိမ်သောကရောက်မှု၊ စိတ်မလုံခြုံမှု၊ ပြိုင်ဆိုင်မှုများပိုမိုများပြားလာမှုတွေကြောင့် အိပ်မပျော်ခြင်း၊ စိတ်ဓာတ်ကျခြင်း စိတ်ပျော်ရွှင်မှုမရရှိခြင်းတို့ ခံစားနေကြရပါတယ်။ ဒါတွေကိုဖြေလျှော့ဖို့ အိပ်ရေးပျက်စေတဲ့ အမူအကျင့်တွေကို ရှောင်ကြဉ်ရင်း ပျော်ရွှင်တဲ့ဘဝကို ပိုင်ဆိုင်ကြပါစေကြောင်း ရေးသားလိုက်ရပါသည်။

# ကောလင်းခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၁၄၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကောလင်း ဇူလိုင် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၁၄၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ဧက ၁၈၁၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကောလင်းမြို့နယ်တွင် ၇၁၆ ဧက၊ ဝန်းသိုမြို့နယ်တွင် ၂၇၉ ဧက၊ ပင်လည်ဘူးမြို့နယ်တွင် ၁၅၃ ဧက စုစုပေါင်း ၁၁၄၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကောလင်းခရိုင်မှာ ဖူးစားပြောင်း ဧက ၁၈၀၀ ကျော် စိုက်ပျိုးဖို့ အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၁၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပြောင်းသီးနှံတွေဖြစ်ထွန်း အောင်မြင်ဖို့နဲ့ ပိုးမွှားရောဂါ ကျရောက်မှုမရှိစေဖို့ အသိပညာ ပေး ဆောင်ရွက်နေပါတယ်" ဟု ကောလင်းခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်း က ပြောပြသည်။

ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ ကောလင်းခရိုင်တွင် ဖူးစားပြောင်းစိုက်ပျိုးရန် မြို့နယ် အလိုက် လျာထားမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ဧက ၁၁၃၀၊ ဝန်းသိုမြို့နယ်တွင် ဧက ၆၈၀ စုစုပေါင်း ဧက ၁၈၁၀ တို့ ဖြစ်ကြောင်း သိရသည်။

ကောလင်းခရိုင်တွင် ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖော ငမြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံ ကာကွယ်ရေး စနစ်ဖြစ်သည့် တမာပိုးသတ်ဆေး အသုံးပြုရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို ဒေသမရွေး ကြိုးပမ်း စိုက်ပျိုးရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းသိန်း က ပြောပြ၍ သိရသည်။

(၂၀၆)

# ဥတ္တရသီရိမြို့နယ် မုံနှစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဇူလိုင် ၈**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာကာ ကျေးလက်ဒေသ ဆင်းရဲမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ မင်းကုန်းကျေးရွာအုပ်စု မုံနှစ်ကျေးရွာ၌ အငှမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇာကြည်မွန်က မုံနှစ်ကျေးရွာရှိ ကျေးရွာတာဝန်ခံများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မုံနှစ်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၈ ဒသမ ၇ သန်းကိုတစ်ဦးချင်းစီ၏ လက်ဝယ်အရောက် အသီးသီး ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုလေး**






အင်္ဂလန်နိုင်ငံ International Brewing Awards၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

‘ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ’



ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၁ ၃၆၀၀၈၄၃၊ ၀၁ ၆၅၁၀၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၀၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၀၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်66လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၀၁၉၀၇၇

Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။

- ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း
- E - Top up ဖုန်းငွေဖြည့်သွင်းခြင်း
- ငွေသွင်းငွေထုတ်ခြင်း/ ငွေလွှဲခြင်း
- လျှပ်စစ်မီတာ Bill များပေးဆောင်ခြင်း
- Skynet Bill Payment ပေးသွင်းခြင်း
- ပြည်ပ ငွေလွှဲ (ထိုင်း)
- Gift Card ပေးခြင်း
- ဈေးဝယ်ခြင်း
- Internet Bill ပေးဆောင်ခြင်း
- အောင်တာလေအွန်လိုင်းထီထိုးခြင်း




ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်66လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

အငြိမ်းစား လစာ အပါအဝင်
ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို
ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

## ပျောက်ဆုံးကြောင်း

တန့်ယန်းမြို့၊ မိုင်းကောင်အုပ်စုနေ မောင်ကျော်ဝင်း (ဘ) ဦးအိုက်ထို (၁၃/တယန(နိုင်)၀၉၉၈၄၅)၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၉၃၆၀၇၂၆၄

## ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့၊ ကျပ်ပြင်မြို့နယ်နေ မထွန်းလင်းဝေဝေ (ဘ) ဦးကျိုက်ရှင်း(၉/မကန(နိုင်)၁၅၆၉၉၃)၏ နိုင်ငံကူးလက်မှတ် အမှတ်(ME-810158)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၉၂၃၀၉၈၈

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ အထက (၁)၊ Grade-11 (စံပယ်)ခန်းတွင် ပညာသင်ကြားနေသော မောင်ကောင်းသန့်ဇင်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမောင်စိုးဖြစ်ပါကြောင်း။

ဦးမောင်စိုး
၉/ကဆန(နိုင်)၁၂၂၁၅၀

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ်(၂၆) အခြေခံပညာအလယ်တန်းကျောင်း၊ Grade-4 တွင် ပညာသင်ကြားနေသော မောင်လင်းထက်အောင်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဦးထွေးဖြစ်ပါကြောင်း။

ဦးထွေး(၉/သစန(နိုင်)၁၃၁၃၂၃)

## အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ MIA ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-3 တွင် ပညာသင်ကြားနေသော (ဘ) ဦးကျော်မျိုးထွန်း၏သမီး မပြည့်မှူးဟောသီ၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မပိုးသားကဗျာဖြစ်ပါကြောင်း။ မပိုးသားကဗျာ

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

“အဂတိလိုက်စားမှုတားဆီးဖို့ “ 1111 ” ကိုဖြေကြားစို့”

“ဝန်ဆောင်မှုများကောင်းစေရေး “ 1111 ” ကိုဖြေကြားပေး”

❖ **တပ်မတော်သည် ပြည်သူလူထုမှ ပေါက်ဖွားလာသော ပြည်သူ့တပ်မတော် ဖြစ်ပြီး နိုင်ငံတော်ကို ကာကွယ်ရန် အစွမ်းကုန်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။တပ်မတော်နှင့်ပြည်သူ တစ်သားတည်း ရပ်တည်မှုသည် နိုင်ငံတော် ကာကွယ်ရေးအတွက် အခြေခံပံ့ပိုးမှု တစ်ရပ်ဖြစ်ပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော ၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၂၃ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ



မန္တလေး ဇူလိုင် ၈

၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၂၃ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးအားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကာ ဗိုလ်လုပွဲတွင် မဟာအောင်မြေခရိုင်အသင်းနှင့် အမရပူရခရိုင်အသင်း အမျိုးသားလေးယောက်တွဲ ပိုက်ကျော်ခြင်းယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြပြီး မဟာအောင်မြေခရိုင်အသင်းက အနိုင်ရဗိုလ်စွဲခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ

စာမျက်နှာ ၁၇ ကော်လံ ၄☆

# တရားမဝင် လုပ်ငန်းသုံး၊ လူသုံးကုန်၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ တရားမဝင် ကုန်ပစ္စည်းတင်ရေယာဉ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၆ ရက်တွင် ကော့သောင်းမြို့ ရွှေဟင်္သာရပ်ကွက် ရွာမလမ်း အမှတ်(4A, 45-1)ရှိ ဂိုဒေါင်တစ်လုံးအတွင်း၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၉၉၈၀၀၀၀ ကိုလည်းကောင်း၊ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ရေခဲစက်လမ်းရှိ

စာမျက်နှာ ၂၂ ကော်လံ ၁ ❑